မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၀၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ စနေနေ့။

သူရူးနှင့်တူသူ

- ဥစ္စာမရှိဘဲ အစားကြူးသူ
- ခွန်အားမရှိဘဲ အသတ်အပုတ်နှစ်သက်သူ
- ပညာမရှိဘဲ စကားများများပြောလိုသူ

ဤသူတို့ကား သူရူးနှင့်တူကုန်၏။

ဖွံ့ဖြိုးတိုးတက်လာသောကြောင့် ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးလာနိုင်ကြောင်း ပညာရှင်များစိုးရိမ်

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ရှိ ရှေးဟောင်းအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်အတွက် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာနေသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို တိကျစွာစိစစ်ရန် လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့တို့က ယနေ့ပြုလုပ်သည့် ရန်ကုန်မြို့ပြအမွေအနှစ်များ ထိန်းသိမ်းရေးတွေ့ဆုံဆွေးနွေးသည့် ဖိုရမ်တွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

"ရန်ကုန်မြို့မှာ ရှေးဟောင်းအမွေအနှစ်တွေ အများကြီးရှိခဲ့ပါတယ်။ အခုအချိန်မှာ ထိန်းသိမ်းမှုအားနည်းလာတဲ့အပြင် ဆောက်လုပ်ရေး လုပ်ငန်းကြီးတွေကြောင့် ထိခိုက်ပျက်စီးမှု အများကြီးဖြစ်လာနိုင်တာကို တွေ့နေရတယ်။ အဓိက ကတော့ မြန်မာတွေ အလေးအမြတ်ထားရာ ရွှေတိဂုံစေတီတော်ကြီးကို ထိခိုက်မှာစိုးရိမ်နေရတဲ့ အနေအထားဖြစ်နေတယ်"ဟု ရန်ကုန်မြို့ပြစီမံကိန်းပညာရှင် အမျိုးသားစာပေဆုရ ဒေါက်တာကျော်လတ်က ပြောကြားသည်။

ရွှေတိဂုံ စေတီတော်အနီးတွင် မကြာသေးမီက ပေါ်ပေါက်လာခဲ့သော

အိမ်ရာစီမံကိန်းတစ်ခုမှာ စေတီတော်ကြီးအပြင် ရန်ကုန်မြို့၏ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးကိုပါ ထိခိုက်လာနိုင်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်များနှင့် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးပညာရှင်များကပါ စိုးရိမ်လျက်ရှိသည်။

"အားလုံးသိကြတဲ့အတိုင်း ဦးဝိစာရအဝိုင်းကနေ ဘုရားဝန်းကျင်နေရာက သစ်ပင်တွေနဲ့ အမြဲတမ်း

စာမျက်နှာ ၉ ကော်လံ ၁ ❂

ယနေ့ မာတိကာ

ယန်ဇီမြစ်အတွင်း စက်လှေနစ်မြုပ်မှု လူ ၂၀ ကျော် ပျောက်ဆုံး စာ-၄

အခြေခံဥပဒေနှင့် ပြည်ထောင်စုစနစ် ဆောင်းပါး စာ-၆

ကတ္တရာပုံးများ တင်ဆောင်လာသည့် ၂၄ ဘီးယာဉ် မီးလောင် စာ-၁၁

နိုင်ငံရေးပါတီများ စည်းရုံးရေးဆိုင်ရာကြေညာချက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထုတ်ပြန်

စာမျက်နှာ ➢ ၃

အပျော်စီးခရီးသည်တင်သင်္ဘော သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

Floating Residences Cruises အမျိုးအစား M.S The World အပျော်စီးသင်္ဘောသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန် မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိသည်။ အဆိုပါသင်္ဘောပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၅၅ ဦးနှင့် သင်္ဘောဝန်ထမ်း ၂၈၁ ဦး လိုက်ပါလာကြောင်း Myanmar Voyages International Tourism Co., Ltd. မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိုးပွင့်အထူးစီမံချက်

နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်သည့် အထောက်အထား ဖြစ်သည်နှင့်အညီ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး မိုးပွင့်စီမံချက်များဖြင့် နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိပါသည်။ အစဉ်အလာအရ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မြို့နယ်လဝကရုံးများ၌ ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူများ အချိန်၊ ငွေကြေးသက်သာလွယ်ကူလျင်မြန်စေရန်အတွက် One Stop Service ဖြင့် လိုအပ်ချက်များဖြေလျှော့ပေးသော နည်းလမ်းအသုံးပြုကာ မိုးပွင့်စီမံချက်များ ချမှတ်ပြီး နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မိုးပွင့်အဆင့်(၁)ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မိုးပွင့်အဆင့်(၇)အထိ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။ ဤကာလအတွင်း နိုင်ငံသား စိစစ်ရေးကတ်ပြားပေါင်း ၄၀၆၂၇၇၃ အိမ်ထောင်စုလူဦးရေ စာရင်းပေါင်း ၆၄၂၅၅၃ ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆောင်ရွက်ရန်ကျန်ရှိနေသူများအတွက် ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ဇွန်လကုန်အထိ ခြောက်လတာကာလအတွင်း မိုးပွင့်(အထူး)စီမံချက်အဖြစ် နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ အသက် (၁၀) နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် တိုင်းရင်းသားများသည် မိမိတို့နေထိုင်သောရပ်ကွက်၊ ကျေးရွာများရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများထံ လျှောက်ထားလိုကြောင်း စာရင်းပေးသွင်းရပါမည်။ ရရှိသောစာရင်းဇယားပေါ်မူတည်၍ ဗဟိုကျသောနေရာတွင် အခြေပြုပြီး ဝန်းကျင်ကျေးရွာ/ရပ်ကွက်များမှ လာရောက်စုစည်းလုပ်ကိုင်သည့် ပုံစံမျိုးဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရပါသည်။

ဤသို့ကွင်းဆင်းဆောင်ရွက်မှုကို ဆောင်ရွက်ဆဲမိုးပွင့်စီမံချက်များအတိုင်း နှစ်လကွင်းဆင်း၊ တစ်လရုံးတွင် ပြန်လည်စိစစ်ခြင်းနှင့်လက်ခံဆောင်ရွက်ခြင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားမဟုတ်သော သွေးနှောများအတွက် ရုံးမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ချက်ကြောင့် မြို့နယ်ရုံးများတွင်သာ လက်ခံဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် တရားဝင်အိမ်ထောင်စုလူဦးရေ စာရင်းရှိသူများကိုသာ ဆောင်ရွက်ပေးနိုင်သဖြင့် အိမ်ထောင်စုလူဦးရေစာရင်းရှိသောနေရာများတွင်သာ လျှောက်ထားရမည်ဖြစ်သည်။

လူသားတစ်ဦးအနေဖြင့် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းသည် အရေးကြီးသောကိစ္စဖြစ်ပါသည်။ နိုင်ငံသားဖြစ်ခြင်းအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများ၌ နိုင်ငံသားဖြစ်မှုသတ်မှတ်ရာတွင် နိုင်ငံ၏ပိုင်နက်မြေပေါ်၌ မည်မျှကြာမြင့်စွာ နေထိုင်ခဲ့သည်ကိုလည်းကောင်း၊ သွေးသားချင်းဆက်စပ်မှုအခြေအနေကို လည်းကောင်း အမျိုးမျိုးမူတည်၍ သတ်မှတ်ကြပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ နိုင်ငံသားဖြစ်မှုကို မျိုးရိုးစဉ်ဆက်သွေးသားတော်စပ်မှု၊ သွေးသားချင်းဆက်စပ်မှုကိုမူတည်၍ သတ်မှတ်သည်မှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရသာ ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန်၊ ပြည်သူအပေါင်းက မိုးပွင့်(အထူး)စီမံချက်နှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိအောင် ပြုလုပ်ထားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တောင်သူလယ်သမားနေ့အားဂုဏ်ပြုကြိုဆို ဟင်းသီးဟင်းရွက်သစ်သီးဝလံပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၆

အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက်ရည်ရွယ်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲကို မတ် ၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေစက်စက်ယို အဆင့်မြင့်ဧက ၉၀၀စံပြစိုက်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုများကို သီးနှံအလိုက်ပထမဆုငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀ချီးမြှင့်မည်ဖြစ်၍ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၀၀၀၇၊ ၀၆၇-၄၁၀၁၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘီလူးချောင်းအတွင်းသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများရှိနေ

လှိုင်ကော် ဇန်နဝါရီ ၁၆

ဘီလူးချောင်းအတွင်းသို့ အမှိုက်သရိုက်မျိုးစုံကို စည်းကမ်းမဲ့စွန့်ပစ်မှုများရှိနေသောကြောင့် လှိုင်ကော်မြို့တွင်နေထိုင်သူများ သောက်သုံးရေအဖြစ်အသုံးပြုနေသည့် ချောင်းရေကို ညစ်ညမ်းမှုဖြစ်ပေါ်စေသည့်အပြင် ရေပြင်ပေါ်တွင် အမှိုက်သရိုက်မျိုးစုံ ပေါလောမျောပါနေခြင်းမှာ ပြည်ပခရီးသွားများနှင့် တွေ့မြင်ရသူအပေါင်းအတွက် အမြင်မသင့်တော်မှုဖြစ်ပေါ်လျက်ရှိရာ ဘီလူးချောင်းအတွင်းသို့ အမှိုက်စွန့်ပစ်ခြင်းကိုရှောင်ကြဉ်သင့်ကြောင်း လှိုင်ကော်မြို့နေသူအချို့က ပြောသည်။

"ကယားပြည်နယ်မှာရှိတဲ့ လေ့လာစရာသဘာဝအရင်းအမြစ်တွေနဲ့ စိတ်ဝင်စားဖွယ်ရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကြောင့် ဒီပြည်နယ်ဟာ မကြာမီကာလမှာ ခရီးသွားလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာဖို့ရှိပါတယ်။ ဘီလူးချောင်းဟာ လှိုင်ကော်မြို့လယ်မှာ ဖြတ်သန်းစီးဆင်းနေတာဟာ စိတ်ကြည်နူးဖွယ်ရာ မြင်ကွင်းအနေအထားတစ်ခုဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာတဲ့အခါ ခြေနင်းလှော်လှေတွေ၊ အပျော်စီးလှေတွေနဲ့ ဘီလူးချောင်းကို အသုံးပြုပြီးဝင်ငွေရှာနိုင်မှာပါ။

ချောင်းအတွင်း ရေပေါ်ဈေးဆောက်ပြီးတော့လည်း ဝင်ငွေရှာနိုင်မှာပါ။ ဒီလိုသဘာဝ အခြေခံကောင်းတွေကို စီးပွားရေးလုပ်ငန်းရှင်နဲ့ပူးပေါင်း၍ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ကွင်း တိုးချဲ့ခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြင့်စားသောက်ဆိုင်များ ပေါ်ထွန်းလာစေရေးကူညီပံ့ပိုးခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက ပြောကြားသည်။

"ကယားပြည်နယ်ဟာ ရာသီဥတုလည်း မျှတမှုရှိတယ်။ စိတ်ဝင်စားဖွယ်ရာ သဘာဝအရင်းအမြစ်တွေလည်းရှိတယ်။ တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကလည်း စိတ်ဝင်စားဖွယ်ရာအပြည့်ပါပဲ။ မကြာခင်မှာ ထိုင်းနိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းလည်း ဖွင့်လှစ်သွားဖို့ရှိပါတယ်။ ဒီတော့ ကယားပြည်နယ် ငြိမ်းချမ်းမှုရှိလာတာနဲ့အမျှ ခရီးသွားလုပ်ငန်းဟာလည်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

မီးလောင်သေဆုံးသူများအတွက် ထောက်ပံ့ငွေပေးအပ်

နောင်ချို ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ ဈေးရပ်ကွက်နယ်မြေ(၁၀)တွင် ဇန်နဝါရီ ၁၄ ရက်က နေအိမ်ထရံအား မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်အတွင်းရှိ မောင်ဖိုးတီလုံး(ခ) မောင်ကျော်ဝင်းချစ်(ငါးနှစ်)နှင့် မချစ်မြတ်နိုးနိုင်(ခုနစ်နှစ်) ပထမတန်းကျောင်းသူတို့နှစ်ဦး မီးလောင်သေဆုံးသွားခဲ့သည်။

အဆိုပါ မီးလောင်သေဆုံးမှုအတွက် ကျောက်မဲခရိုင် နောင်ချိုမြို့မစခန်းမှူး ဒုရဲမှူးမျိုးတင့်ခိုင်က သေဆုံးသွားသော ကလေးများ၏ အမေဖြစ်သူ ဒေါ်အိပြည့်(ခ)ဒေါ်ကြည်ကြည်ခိုင်အား ထောက်ပံ့ပေးအပ်ပွဲကို နောင်ချိုမြို့ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။ (၀၆၁)

နိုင်ငံရေးပါတီများ စည်းရုံးရေးဆိုင်ရာကြေညာချက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်

နေပြည်တော် ဇန်နဝါရီ ၁၆

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းခန့်တွင်ကျင်းပတော့မည်ဖြစ်ရာ (ကော်မရှင်က သတ်မှတ်ထုတ်ပြန်ပေးမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလမဟုတ်သေးသော်လည်း) နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်နေကြပြီဖြစ်သည်ကို တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံရေးပါတီအသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံအတွင်း **ဥပဒေနှင့်အညီလွတ်လပ်စွာ** စည်းရုံးခွင့်ရှိပြီး ပုဒ်မ ၃၅၄ အရလည်း **ဥပဒေနှင့်မဆန့်ကျင်ဘဲ လွတ်လပ်စွာ** ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိကြပါသည်။ နိုင်ငံရေးပါတီများဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်တွင်လည်း ရွေးကောက်ပွဲအနိုင်ရရေးရည်ရွယ်ချက်မှာ အဓိကကျသည်ဖြစ်ရာရွေးကောက်ပွဲအောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများက စည်းရုံးခွင့်ရှိပါသည်။

၂။ သို့ရာတွင် နိုင်ငံရေးပါတီများ စည်းရုံးလှုပ်ရှားမှုပြုရာတွင် ဥပဒေနှင့်အညီ မှန်ကန်မျှတမှုရှိစေရေးအတွက် အောက်ပါဥပဒေပြဋ္ဌာန်းချက်များကို သတိပြုလေးစားလိုက်နာကြရန်ဖြစ်သည်-

(က) **နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ပါတီစည်းရုံးရေးကိစ္စအလို့ငှာ စည်းရုံးလှုပ်ရှားရာတွင်-**
ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ဝန်ခံချက်များကိုလည်းကောင်း၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း လေးစားလိုက်နာကြရန်၊ (လေးစားလိုက်နာမှုမရှိပါက ပါတီအချင်းချင်း ထိန်းကျောင်းခြင်းနှင့် ကော်မရှင်သို့ တင်ပြတိုင်တန်းခြင်းတို့ပြုလုပ်ကြရန်)

(ခ) **နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရွေးကောက်ပွဲကိစ္စအလို့ငှာ စည်းရုံးလှုပ်ရှားရာတွင်-**
ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေး လိုက်နာစောင့်ထိန်းရန်၊ (ပြစ်မှု/ပြစ်ဒဏ်များကို ချိုးဖောက်မှုရှိပါက လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅ အရ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုဖွင့်တိုင်ကြားရန်)

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ တင်သွင်းစိစစ်အတည်ပြုပြီးနောက် မဲဆွယ်စည်းရုံးမှုကာလအတွင်း ဥပဒေဖောက်ဖျက်ကျူးလွန်မှုများရှိလျှင်လည်း အထက်အပိုဒ်(က)(ခ)တို့ပါအတိုင်း တိုင်ကြားနိုင်သည့်အပြင် တရားမဲ့ပြုကျင့်မှုများကိုမူ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၅) ပါ အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ခွင့်ရှိပါသည်။

၃။ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ ပြည်သူများနှင့်ပါဝင် သက်ဆိုင်သူ (Stakeholders) များ၊ မီဒီယာများအားလုံးတို့က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် အသိပေး ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ချွန်ယွီဟွာ၏ကိုယ်ရေးအကျဉ်း

(၁၉)ကြိမ်မြောက် အမျိုးသားလွှတ်တော် ဒုတိယနှစ်ဝက်၏ နာယကအဖြစ် ခန့်အပ်ခြင်းခံရပါသည်။

ဒေါက်တာချွန်ယွီဟွာသည် ၁၉၆၀ ပြည့်နှစ် အလယ်တန်းကျောင်းတက်ရောက်နေစဉ် ကင်းထောက်လူငယ်များအသင်းသို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၁၉၆၇ ခုနှစ်တွင် ဘူဆန်အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဘူဆန်အမျိုးသားတက္ကသိုလ်မှ ဆေးပညာမဟာဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ယွန်ဆေးတက္ကသိုလ်မှ ဆေးပညာမဟာဘွဲ့ရရှိခဲ့သည်။ ထို့အပြင် ၎င်းသည် ကိုရီးယားနိုင်ငံရှိ ကွန်ဂျူအမျိုးသားတက္ကသိုလ်မှ ပညာရေးဆိုင်ရာ ပါရဂူဘွဲ့၊ ချိုဆွန်းတက္ကသိုလ်မှ နိုင်ငံရေးဆိုင်ရာ ပါရဂူဘွဲ့၊ ရေကြောင်းနှင့်ပင်လယ်ပြင်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ပါရဂူဘွဲ့နှင့် အင်ဂျေတက္ကသိုလ်မှ ဆေးပညာဆိုင်ရာပါရဂူဘွဲ့များကို ရရှိခဲ့သည်။

ဒေါက်တာချွန်ယွီဟွာသည် အာရုံကြောအထူးကုသမားတော်အဖြစ်လည်းကောင်း၊ အမေရိကန်နိုင်ငံ အာရုံကြောခွဲစိတ်ကုသမှုအသင်းကြီး၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဘူဆန်မြို့ရှိ ဘုံဆန်းအထိမ်းအမှတ်ဆေးရုံကြီး၏ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာချွန်ယွီဟွာ**(ယာပုံ)**သည် Grand National Party တွင် ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကော်မတီအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာချွန်ယွီဟွာသည် (၁၅)ကြိမ်မြောက် အမျိုးသားလွှတ်တော်မှစ၍ ဘူဆန်မြို့ရှိ ဂွန်ဂူနှင့် တုန်ဂူခရိုင်တို့မှ ငါးနှစ်ဆက်တိုက် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး (၁၉)ကြိမ်မြောက် အမျိုးသားလွှတ်တော် ဒုတိယနှစ်ဝက်၏ နာယကအဖြစ် ခန့်အပ်ခြင်းခံရပါသည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ ကမ္ဘာ့ကင်းထောက်လူငယ်ဆိုင်ရာ လွှတ်တော်သမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ဒေါက်တာ ချွန်ယွီဟွာသည် ကမ္ဘာ့ကင်းထောက်လူငယ်ဆိုင်ရာ လွှတ်တော်သမဂ္ဂ၏ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုများ ထောက်ပံ့ရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။

❄ *ကျောဖုံးမှ*

လှိုင်းကြက်ခွပ်ကလေးများ လှုပ်ရှားနေသည့် ပန်းလှိုင်မြစ်ရေပြင်ကျယ်နှင့် တစ်ဖက်ကမ်းရှိ မျက်စိတစ်ဆုံး တစ်နံတစ်လျားစိုက်ခင်းများ၊ အနောက်ဘက်တွင် မှိုင်းပျပျဖြင့် လှိုင်းထနေသည့် ဧရာဝတီမြစ်မကြီး၏ ရေပြင်ကျယ်ကြီးနှင့် တစ်ခေတ်တစ်ခါက သမိုင်းစာမျက်နှာတွင် ကမ္ပည်းတွင်ခဲ့သော ဥမ္မာဒန္တီမင်းသမီး၏ ကောင်းမှုတော်စေတီ၊ ထန်းပင်ထန်းတောတို့က ညို့ညို့။ ကောင်းကင်ပြင်မတော့ တိမ်နဂါး၊ တိမ်ဂဠုန်တို့နှင့်အိပ်တန်းပျံငှက်များ၊ သည်ဒေသကား အခြားမဟုတ်၊ သည်အရပ်နေသူတို့အတွက် ဧရာဝတီကပေးသည့် သဘာဝလက်ဆောင် ရန်ကင်းသာကမ်းခြေအပန်းဖြေနေရာ အရိပ်အဝန်းတစ်ခုပင် ဖြစ်သည်။

သဘာဝက ပေးအပ်လာသည့် သည်နေရာလေး စည်ကားသာယာရေးအတွက် မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယခင်နှစ်နှင့်မတူအောင် ဆောင်ရန်၊ ရှောင်ရန်ရှိသည်များကို ညွှန်ကြားပြသ ပြောဆိုကြသည်။ သန့်ရှင်းသာယာလှပ ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ပြင်သင့်သည်များကို ပြင်ဆင်ပြီး အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ စည်းကမ်းထိန်းသိမ်းရေးပိုင်း၊ ဝန် ဆောင်မှုပိုင်းနှင့် ဆက်ဆံရေးပိုင်းများ စနစ်တကျဆောင်ရွက်ထားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ကမ်းခြေဖြစ်မြောက်ရေး ကော်မတီများ၊ ဧည့်သည်များနှင့် ပြည်သူများက ဝိုင်းဝန်းပြီး လိုလေသေးမရှိအောင် ဆောင်ရွက်ထားကြသည်။

ရေပေါ်စားသောက်ဆိုင်များ၊ နားနေဆောင်များ၊ အပန်းဖြေထီးရိပ်ဝိုင်းများ၊ အမိုးချွန်လေးဖက်ပွင့်လေညင်းခံဘန်ဂလိုများ၊ သဲသောင်ပြင်တစ်လျှောက် ကလေးကစားကွင်းများ၊ အပျော်စီးမြင်းအလှများ၊ ရေတိမ်စီးမော်တော်ဘုတ်ငယ်များ၊ ပုစွန်ထုပ်မီးကင်၊ ငါးသလောက်ကင်၊ ကောက်ညှင်းပေါင်း၊ ဖရဲသီး၊ ကုန်စိမ်းသီးနှံများ၊ ရိုးရာမုန့်များ စသည်ဖြင့် ဒေသစားသောက်မှုပုံစံနှင့် ကိုက်ညီအောင် စည်းကမ်းတကျ ရောင်းချပြီး နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ပြင်ဆင်ထားကြသည်။

သည်အပန်းဖြေ ကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေကြရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို မြို့ရှေ့ညောင်တုန်းရှိ သမိုင်းဝင် မိုးဟုတ်စေတီတော်မြတ်ကြီးနှင့် ဥသျှစ်လှစေတီတော်၊ အတုလမာရဇိန်ကြေးသွန်းဘုရားကြီးနှင့် နိုင်ငံအေးရုပ်ပွားတော် စသည့် သာသနာ့အရိပ်အဝန်းများသို့လည်း ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

ရေချိုအပန်းဖြေကမ်းခြေလေး (သို့မဟုတ်) ညောင်တုန်းရဲ့နှလုံးသား ရန်ကင်းသာကမ်းခြေသို့ အပန်းဖြေရန်အတွက် တစ်ခါတစ်ခေါက် အရောက်လာလည်စေလိုကြောင်း လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်လိုက်ပါသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၆

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

မစ္စရန်ဟီလီနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါတက္ကသိုလ်၌ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ ပြည်တွင်း ပြည်ပ ရဟန်း၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများက ဆရာတော်များထံမှ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးနှင့် ပြစ်မှားမိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လျှောက်ထားကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသထံမှ ရဟန်း၊ သီလရှင် ကျောင်းသား ကျောင်းသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသအမှူးပြုသော ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်ကြားပေးသည့် ဆရာ ဆရာမများအား ပစ္စည်းများပေးအပ်ကာ မဟာဌာနမှူး ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြသည်။ **(သတင်းစဉ်)**

MPC

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

- ♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
- ♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
- ♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၄၈၀၂၆၃၂၆

အီးမေးလ် **mmpresscouncil@gmail.com**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးဆွေးနွေး

မန္တလေး ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့် အသက် ၁၈ နှစ်ပြည့်သူများအား အချိန်မီရရှိနိုင်ရေးအတွက် မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးမည့် မန္တလေးတိုင်းဒေသကြီး နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကြီးကြပ်မှုကော်မတီဝင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြမှုအပေါ် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးက လိုအပ်သည်များ မှာကြားခဲ့သည်။ မန္တလေးတိုင်းဒေသကြီး လဝကအနေဖြင့် မိုးပွင့်စီမံချက်ဖြင့် မိုးပွင့် (၁)မှ (၇)အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀ နှစ်ပြည့် ၂၆၇၇၀၇ ကတ်၊ ၁၈ နှစ်ပြည့် ကတ် ၁၉၄၅၄၁ ကတ် စုစုပေါင်းကတ်ပြား ၄၆၂၂၄၈ ကတ် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ အဆင့်ဆင့်များနှင့်ပူးပေါင်း၍ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားကတ်ပြား မရရှိသူများကို အချိန်မီရရှိရန် ဇန်နဝါရီလမှ ဇွန်လအထိ မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

နိုင်ငံတကာသတင်း

မူးယစ်ဆေးဝါးမှုဖြင့် အင်ဒိုနီးရှား၌ သေဒဏ်ကျခံရတော့မည့် ဩစတြေးလျနိုင်ငံသားနှစ်ဦး

မိုင်ရန်ဆူကုမာရန်နှင့် အင်ဒရူးချန်းတို့ကို ထိန်းသိမ်းထားသည့် အကျဉ်းထောင်

ဂျကာတာ ဇန်နဝါရီ ၁၆

အင်ဒိုနီးရှားနိုင်ငံ၌ မူးယစ်ဆေးဝါးအမှုဖြင့် စွဲချက်တင်ခံရသူ ဩစတြေးလျအမျိုးသားနှစ်ဦး တစ်ချိန်တည်း သေဒဏ်စီရင်ခြင်းခံရတော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုင်ရန်ဆူကုမာရန်နှင့် အင်ဒရူးချန်းတို့သည် ယင်းတို့၏မူးယစ်ဆေးဝါးအမှုအပေါ် တစ်ပြိုင်တည်းဝန်ခံထွက်ဆိုခဲ့ကြ၍ အတူတကွ ကွပ်မျက်ခံရလိမ့်မည်ဖြစ်ကြောင်း ရှေ့နေချုပ်အမ်အက်စ်ပရာဆက်ယိုက ပြောသည်။

ဆူကုမာရန်၏ အယူခံမှုကို လွန်ခဲ့သောသီတင်းပတ်က ပယ်ချလိုက်သော်လည်း ချန်း၏အယူခံမှုကိုစောင့်ဆိုင်းနေဆဲဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံက မူးယစ်ဆေးဝါးအမှုများအပေါ် သေဒဏ်ချမှတ်ခြင်းကို ကျယ်ပြန့်စွာဝေဖန်ခဲ့ကြသည်။

ဩစတြေးလျနိုင်ငံက အဆိုပါသေဒဏ်ချမှတ်မှုကို ကန့်ကွက်ထားပြီး ၎င်းအစိုးရအနေဖြင့် ပင်လယ်ရပ်ခြား၌၎င်းတို့၏ နိုင်ငံသားများ သေဒဏ်ချမှတ်ခံနေရခြင်းကို အကာအကွယ်ပေးသွားရန် ဆက်လက်ကြိုးပမ်းသွားမည်ဟုဆိုသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာအဖွဲ့က အင်ဒိုနီးရှားအစိုးရထံ အဆိုပါသေဒဏ်စီရင်ခြင်း ချက်ချင်းဆိုင်းငံ့ထားပါရန်နှင့် သေဒဏ်ချမှတ်ခြင်းကို ဖျက်သိမ်းပေးပါရန် တိုက်တွန်းပြောဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အတင်းကျပ်ဆုံးသောဥပဒေကို ကျင့်သုံးထားသည်။ တနင်္ဂနွေနေ့တွင် လူရှစ်ဦးကို မူးယစ်ဆေးဝါးအမှုနှင့် ကြိုးပေးမည်ဖြစ်ရာ ငါးဦးမှာ နိုင်ငံခြားသားများဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ဩစတြေးလျနိုင်ငံသားနှစ်ဦးသည် တစ်ပြိုင်တည်း သေဒဏ်ကျခံရဖွယ်ရှိကြောင်းဖြင့်လည်း မစ္စတာပရာဆက်တိုက သတင်းထောက်များကို ပြောသည်။

(ဘီဘီစီ)

ဂျပန်တွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွား ကြက်ကောင်ရေ နှစ်သိန်းသုတ်သင်

တိုကျို ဇန်နဝါရီ ၁၆

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအသစ်တစ်မျိုးကို တွေ့ရှိခဲ့သည့်နောက် ဂျပန်အာဏာပိုင်များသည် နိုင်ငံ၏အနောက်ဘက်ရှိ ကြက်ကောင်ရေ နှစ်သိန်းကို ထပ်မံသုတ်သင်ရှင်းလင်းပေးရန် တပ်ဖွဲ့ဝင်များကို အကူအညီတောင်းခံခဲ့သည်။

Palhogenic H_5 ခေါ် ကူးစက်မှုမြန်ဆန်သည့် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်အသစ်တစ်မျိုးကို အတည်ပြုပြီးနောက် ဒေသဆိုင်ရာအာဏာပိုင်များက သောကြာနေ့က အိုကာရာမာစီရင်စု ကာဆာအိုကာမြို့အတွင်းရှိ မွေးမြူရေးခြံတစ်ခြံမှ ကြက်များကို စတင်သုတ်သင်ရှင်းလင်းခဲ့သည်။ တစ်ရက်လျှင် အကြမ်းဖျင်းကြက်ကောင်ရေ ၅၀၀၀၀ ခန့် သတ်ဖြတ်နေရပြီး လေးရက်ခန့်ကြာအောင် လုပ်ဆောင်ရမည်ဟု ခန့်မှန်းထားသည်။

ကြာသပတေးနေ့ညနေပိုင်းက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကူးစက်ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများကို ထိထိရောက်ရောက် လုပ်ဆောင်သွားရန်စိုက်ပျိုးရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်ပတ်က ရာမာဂူချီစီရင်စုရှိ ကြက်ကောင်ရေ ၃၇၀၀၀ ကို သုတ်သင်ခဲ့ရပြီးနောက် ယခုဖြစ်ရပ်သည် လေးကြိမ်မြောက်ကပ်ရောဂါ ဖြစ်ပွားမှုဖြစ်သည်။ ပြီးခဲ့သည့်လကလည်း ကြက်ကောင်ရေ ၄၂၀၀၀ ခန့် သုတ်သင်ရှင်းလင်းခဲ့ရသည်။

H_5 ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့် ၂၀၀၃ ခုနှစ်ကတည်းက အရှေ့တောင်အာရှဒေသရှိ ပြည်သူ ၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

(ပရက်စ်တီဗွီ)

ထိရောက်သော အကြမ်းဖက်မှုတိုက်ဖျက်ရေး လှုပ်ရှားမှုအပြီးတွင် ဘယ်လ်ဂျီယံနိုင်ငံက ကြီးမားသည့် တပ်လှန့်နှိုးဆော်မှုတစ်ရပ်ထုတ်ပြန်

ဘရပ်ဆဲလ် ဇန်နဝါရီ ၁၆

အကြမ်းဖက်သမားများအပေါ် ဝင်ရောက်စီးနင်းစဉ် စစ်သွေးကြွဟု သံသယရှိသူနှစ်ဦး သေဆုံးသွားပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံအတွင်း ကြီးမားသည့် တပ်လှန့်နှိုးဆော်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။

ကြာသပတေးနေ့ မွန်းလွဲပိုင်းက ၎င်းတို့နှင့်ရဲများ ပစ်ခတ်မှုအပြီးတွင် အဆိုပါ သံသယရှိသူနှစ်ဦး ဗာဗီရာစ်မြို့အရှေ့ပိုင်းတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် ဆီးရီးယားမှ ပြန်လာခဲ့ပြီး ရဲများကို ပစ်မှတ်ထားတိုက်ခိုက်ရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အခြားသံသယရှိသူမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘရပ်ဆဲလ်ဒေသတစ်ဝိုက်တွင် ရှာဖွေမှုများ တစ်ညလုံးပြုလုပ်ခဲ့ကြောင်း သိရသည်။

စစ်ဆင်ရေးအပြီးတွင် သေနတ်လေးလက်၊ ဗုံးပြုလုပ်သော ကိရိယာများနှင့် ရဲဝတ်စုံများတွေ့ရှိရကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြသည်။ ဗာဗီရာစ်ဒေသတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိခဲ့သည်။

အကြမ်းဖက် တိုက်ဖျက်ရေး လှုပ်ရှားမှုများကို မြို့တော် ဘရပ်ဆဲလ်နှင့် အနီးအနားရှိ မြို့များတွင်လည်း ကြာသပတေးနေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အကြမ်းဖက်မှုများကို အစိုးရအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုက်ဖျက်သွားမည်ဟု ဘယ်ဂျီယံဝန်ကြီးချုပ် ချာလီမိုက်ကယ်က ပြောခဲ့ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ဗာဗီရာစ်သည် လိဂျ်စီရင်စုတွင်ရှိပြီး ဂျာမနီနယ်စပ်နှင့် ကပ်လျက်တည်ရှိကာ လူဦးရေ ၅၆၀၀၀ ခန့်ရှိသည်။

အဆိုပါ အကြမ်းဖက်တိုက်ဖျက်ရေးလှုပ်ရှားမှုသည် အိမ်နီးချင်း ပြင်သစ်နိုင်ငံတွင် လူ ၁၇ ဦး အသတ်ခံခဲ့ရပြီးနောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

ယန်ဇီမြစ်အတွင်း စက်လှေနစ်မြုပ်မှု လူ ၂၀ ကျော်ပျောက်ဆုံး

နန်ကျင်း ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် ယန်ဇီမြစ်အတွင်း ကြာသပတေးနေ့က စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ သုံးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသော အခြား လူ ၂၀ ကျော်ကို ရှာဖွေနေဆဲဖြစ်သည်။

ပျောက်ဆုံးနေသူများတွင် စင်ကာပူ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံသားများ အပါအဝင် နိုင်ငံခြားသားခရီးသွား ခုနစ်ဦး(သို့မဟုတ်)ရှစ်ဦးခန့် ပါနိုင်ကြောင်း၊ လူ ၂၄၊ ၂၅ ဦးပါ အဆိုပါစက်လှေသည် ယန်ဇီမြစ် ဖူဘီတူးမြောင်းအတွင်း စမ်းတဝါးဝါးသွားနေစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ရေစီးသန်သည့်အပြင် အလွန်အေးသည့်အတွက် ကယ်ဆယ်ရေးကို ခက်ခက်ခဲခဲလုပ်ဆောင်နေရသည်ဟု ဆိုသည်။

ပျောက်ဆုံးနေသူများသည် စက်လှေပေါ်ပါ အခန်းအတွင်း၌ ပိတ်မိနေခြင်းဖြစ်နိုင်ကြောင်း၊ မှောက်နေသော စက်လှေကို မ တင်ရန်အတွက် ဝန်ချီစက်ကို အသုံးပြုမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောသည်။

နိုင်ငံခြားသားခရီးသွားများ ဟုတ်မဟုတ် အတည်ပြုပြောကြားရန်အတွက် သံရုံးဝန်ထမ်းများလည်း အခင်းဖြစ်နေရာသို့ ရောက်ရှိနေကြသည်။

ကယ်ဆယ်ထားသည့် သုံးဦးအနက်တစ်ဦးမှာ ဂျပန်အင်ဂျင်နီယာတစ်ဦး၏ စကားပြန်ဖြစ်သည်။

အဆိုပါစက်လှေသည် အောက်တိုဘာလအတွင်း အင်ဟွီဘင်ဘူရှန်ကျိုး တရုတ်ကုမ္ပဏီတစ်ခုက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ရေပေါ်စမ်းသပ်သွားလာနေရခြင်းနှင့် ရေယာဉ်၏ဦးတည်ရာလမ်းကြောင်းနှင့်ပတ်သက်ပြီး ဆိပ်ကမ်းအာဏာပိုင်များသို့ သတင်းပေးပို့ထားခဲ့ခြင်းလည်း မရှိခဲ့ပေ။

(ဆင်ဟွာ)

ငါးလကျော်ကြာ ပြန်ပေးဆွဲခံရသူ အီတလီနိုင်ငံသူနှစ်ဦး ဆီးရီးယားနိုင်ငံမှ ပြန်လည်လွတ်မြောက်လာ

ဒမတ်စကတ် ဇန်နဝါရီ ၁၆

ဆီးရီးယားနိုင်ငံအတွင်း လွန်ခဲ့သောငါးလကျော်က ပြန်ပေးဆွဲခံရပြီး ပြန်လည်လွတ်မြောက်လာသည့် အီတလီ အကူအညီပေးရေးလုပ်သား နှစ်ဦးဖြစ်သော အသက် ၂၀ ရှိ ဂရီတာရာမဲလ်လီနှင့် ၂၁ နှစ်ရှိ ဗန်နက်ဆာမာဇူလိုတို့သည် သောကြာနေ့စောစောပိုင်းက ရောမလေဆိပ်သို့ရောက်ရှိလာရာ အီတလီနိုင်ငံခြားရေးဝန်ကြီးက နှုတ်ဆက်ကြိုဆိုခဲ့သည်။ သို့ရာတွင် ၎င်းတို့ လွတ်မြောက်လာမှုအပေါ် အသေးစိတ်ကိုမူ မသိရသေးဟု ဆိုသည်။

၎င်းတို့နှစ်ဦးသည် အလက်ပိုပြည်နယ်မြောက်ပိုင်း၌ လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၌ အကူအညီပေးလုပ်ဆောင်နေစဉ် ၂၀၁၄ခုနှစ် ဇူလိုင်လက ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အဆိုပါ အမျိုးသမီးငယ်နှစ်ဦးသည် လေကြောင်းခရီးဖြင့် တူရကီမှတစ်ဆင့် ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီး ပေါ်လိုဂျင်တီလိုနီက ကြိုဆိုခဲ့သည်။ ၎င်းတို့အား ပြန်ပေးဆွဲမှုကို စွဲချက်တင်ထားသော အကြမ်းဖက်တိုက်ဖျက်ရေးရှေ့နေများနှင့် မတွေ့ဆုံမီ ကျန်းမာရေးအတွက် စစ်ဆေးမှုများပြုလုပ်ရန် ဆေးရုံသို့ပို့ဆောင်ထားသည်။

"ကျွန်တော် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒီသတင်းကို စောင့်နေခဲ့တာကြာပါပြီ" ဟု မာဇူလို၏ဖခင် ဆယ်ဖာတိုးက ပြောသည်။ ၎င်းအမျိုးသမီးနှစ်ဦးသည် ပြီးခဲ့သည့်နှစ် ပြန်ပေးဆွဲခံရစဉ် ဟော်ရက်တီ အကူအညီပေးရေးအဖွဲ့တွင် အလုပ်လုပ်ခဲ့ကြသည်။

(ဘီဘီစီ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ရွှေဘိုအကျဉ်းထောင်စစ်ဆေး

ရွှေဘို ဇန်နဝါရီ ၁၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်သည် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဒေါ်ချယ်ရီကြည်တို့နှင့်အတူ ရွှေဘိုအကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများအား တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိခြင်း ရှိ မရှိ၊ သင့်တင့်မျှတသော အစာအာဟာရရရှိမှု ရှိ မရှိ၊ ဆေးဝါးကုသခွင့် ရှိ မရှိ၊ အမျိုးသမီးအကျဉ်းသူများကို အမျိုးသမီးလုံခြုံရေးအစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိမရှိတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ အကြံပြုခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် ရွှေဘိုမြို့၌ ရွှေဘိုခရိုင်အတွင်းရှိ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရာဇာမင်းခရီးသည်တင်ယာဉ်ကို ဓားပြတိုက်၊ လူသတ်လုယက်သူများအား သေဒဏ်နှင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်များချမှတ်

မော်လမြိုင် ဇန်နဝါရီ ၁၆

ယမန်နှစ်အတွင်းက ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်တွင် ခရီးသည်တင်ယာဉ်တစ်စီးကို ဓားပြတိုက်ကာ လူသတ်ပြီး လုယက်ခဲ့ကြသူ တရားခံခြောက်ဦးအား သထုံခရိုင်တရားရုံးက သေဒဏ်နှင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်များ အသီးသီးချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ တရားခံများသည် ယမန်နှစ် ဇွန်လ ၈ ရက်နေ့က မော်လမြိုင်မြို့ မြေနီကုန်းကားကွင်းမှ ထွက်ခွာသောရာဇာမင်းခရီးသည်တင်ယာဉ်ပေါ်တွင် ခရီးသည်များအဖြစ် ဟန်ဆောင်လိုက်ပါကာ ယင်းနေ့ ည ၉ နာရီအချိန် သထုံမြို့နယ် တောင်စွန်းရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၅၄/၄)နှင့် (၁၅၄/၅)ကြား ဘုရားကုန်းကွေ့သို့အရောက်တွင် သေနတ်ဖြင့်ခြိမ်းခြောက်ပြီး မြေလမ်းအတွင်းသို့ ကားကို မောင်းသွင်းစေကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို ပစ်ခတ်သတ်ဖြတ်၍ ခရီးသည်များထံမှ ရွှေ၊ ငွေ ပစ္စည်းတန်ဖိုးငွေကျပ် ၄၈ သိန်းဖိုး လုယက်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါပြစ်မှုနှင့်ပတ်သက်၍ သထုံမြို့မရဲစခန်းက အမှု အမှတ် (ပ) ၉၀/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၆ ဖြင့် အရေးယူခဲ့ပြီး တရားလိုအဖြစ် ရဲအုပ်ညွန့်ဝင်းက တရားစွဲတင်ခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ခရိုင်တရားသူကြီး ဦးထိန်မင်း ရုံးထိုင်သော သထုံခရိုင် တရားရုံးက တရားခံများဖြစ်ကြသော အောင်ထူး(၃၆ နှစ်)၊ ဇော်ဝိတ်(၃၈ နှစ်)၊ မောင်ငယ် (ခ) ကျော်လင်း (၃၃နှစ်) ဝင်းဗိုလ်(၃၅ နှစ်)နှင့် စောအေး(ခ) စောမောင်ကလေး (၃၅ နှစ်)တို့အား သေဒဏ်ကျခံစေရန်လည်းကောင်း၊ တရားခံ လေးအောင်(ခ)ဖားကော့လလ်(၄၃ နှစ်)အား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကိုလည်းကောင်း အသီးသီး ကျခံစေရန် ယနေ့ချမှတ်လိုက်ခြင်းဖြစ်သည်။ **ကျော်သန်း**

ဖမ်းဆီးရမိခဲ့သည့် တရားမဝင်သစ်ထုတ်လုပ်ရာတွင် အသုံးပြုသောယာဉ်များ ဆက်လက်ရွှေ့ပြောင်း

နေပြည်တော် ဇန်နဝါရီ ၁၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝါရှောင်၊ မံဝိန်း၊ ဆီနီကူး၊ မံတောင်၊ လောခွန်ယန်၊ ဆဒုံး ဒေသတွင်း တရားမဝင်သစ်တင်ယာဉ်များ စုစည်းပြင်ဆင်ထားရှိမှုကို လေကြောင်းကင်းထောက်မှုအရ သိရှိရသဖြင့် တပ်မတော် စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့သည့် တရားမဝင် သစ်တင်ယာဉ်များ၊ လူစီးမော်တော်ယာဉ်များ၊ ယန္တရားမောင်းများနှင့် မော်တော်ဆိုင်ကယ်များကို တပ်မတော်မှ ယာဉ်မောင်းများ၊ ယန္တရားမောင်းများနှင့် စက်ပြင်စစ်သည်များက ဇန်နဝါရီ ၇ ရက်မှ စတင်ရွှေ့ပြောင်းလျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်က ၁၀ ဘီးယာဉ် ၇၉ စီး၊ ခြောက်ဘီးယာဉ်ခုနစ်စီးနှင့် တုန်ဖုန်းယာဉ် ကိုးစီး စုစုပေါင်း ၉၅ စီးတို့ကို မြစ်ကြီးနားမြို့သို့ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများမှ ဖမ်းဆီးရမိသော တရားမဝင်သစ်ထုတ်လုပ်ရာတွင် အသုံးပြုသောယာဉ်မျိုးစုံ ၄၉၃ စီးနှင့် ဆိုင်ကယ် ကိုးစီးတို့အနက် ဇန်နဝါရီ ၁၄ ရက်အထိ ယာဉ်မျိုးစုံ ၃၀၇ စီးနှင့် ဆိုင်ကယ်ငါးစီးတို့ကို ရွှေ့ပြောင်းပြီးစီးခဲ့ပြီး ကျန်ရှိသည့် ယာဉ်မျိုးစုံ ၁၅၁ စီးနှင့် မော်တော်ဆိုင်ကယ် လေးစီးတို့ကို ဆက်လက် ရွှေ့ပြောင်းနိုင်ရေး တပ်မတော်ယာဉ်မောင်းများ၊ ယန္တရားမောင်းများနှင့် စက်ပြင်စစ်သည်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

ကျွန်းစုမြို့နယ် မိုင်းသွေးကျေးရွာ၌ ဓားပြတိုက်မှုဖြစ်ပွား

မြိတ် ဇန်နဝါရီ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကဘင်းကျေးရွာအုပ်စု မိုင်းသွေးကျေးရွာ၌ တူမီးသေနတ်နှင့် ဓားများကိုင်ဆောင်ပြီး မျက်နှာဖုံးစွပ် လူသုံးဦးက ဓားပြတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ကဘင်းကျေးရွာအုပ်စု မိုင်းသွေးကျေးရွာ ထုံးဖိုရပ်၌ ဇန်နဝါရီ ၁၁ ရက် ည ၁၀ နာရီခန့်က မျက်နှာဖုံးစွပ်လူသုံးဦးက လက်နက်များကိုင်ဆောင်ကာ အိမ်ပေါ်သို့တက်လာပြီး လက်လုပ်တူမီးသေနတ် တစ်လက်၊ အရှိုးအသွား ၂၂ လက်မရှည်သည့် ဓားရှည်တစ်လက် ကိုင်ဆောင်ကာ နေအိမ်တံခါးကိုဖွင့်ခိုင်းပြီး ဦးတော့ကို ကြိုးဖြင့်ချည်နှောင်ကာ ဇနီးဖြစ်သူကို ဓားရှည်ဖြင့်ထောက်၍ ရွှေထည်ပစ္စည်း ၁၀ ကျပ်သားကျော်၊ ငွေသားကျပ်သိန်း ၂၀၊ ဖုန်းဆင်းကတ်နှစ်ခုနှင့် ZTE တံဆိပ်ပါ ဟန်းဆက်နှစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၇၀ ကျော်ဖိုးခန့် ဓားပြများထံသို့ပါသွားကြောင်း သိရသည်။

အဆိုပါ မျက်နှာဖုံးစွပ် ဓားပြသုံးဦးသည် ကဏန်းခုတ်စက်လှေငယ်ဖြင့် ကဘင်းကျေးရွာအုပ်စု ကြပ်ချောင်း သဘာတောင်ဘက်သို့ ထွက်ပြေးသွားကြောင်း ကြားသိရသည်ဟု ကျွန်းစုမြို့နယ် ဒေသခံအမျိုးသားတစ်ဦးက ပြောကြားခဲ့သည်။ "ကျွန်တော်တို့လည်း ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးရမိရေး ဆောင်ရွက်နေပါတယ်။ ဒီနေ့အထိ ပြစ်မှုကျူးလွန်ခဲ့တဲ့ မျက်နှာဖုံးစွပ် ဓားပြသုံးဦးကို ဖမ်းဆီးရမိခြင်း မရှိသေးပါဘူး၊ ကျွန်းပေါ်က လာရောက်ဆက်သွယ်မှုတွေကို စောင့်ဆိုင်းနေပါတယ်၊ တပ်ဖွဲ့ဝင်တွေလည်း ကျွန်းတွေပေါ်ကို လိုက်လံရှာဖွေနေပါတယ်"ဟု ကံမော်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပင်လယ်ပိုင်းအတွင်းရှိ ကျွန်းများတွင် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က ယခုကဲ့သို့ဓားပြတိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသော်လည်း ဆယ်စုနှစ်တစ်ခုကြာ ငြိမ်နေရာမှ ယခုကဲ့သို့ဖြစ်စဉ်များ ပြန်လည်ဖြစ်ပွားလာသောကြောင့် အဆိုပါကျွန်းများတွင် နေထိုင်ကြသောဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်နေရကြောင်း၊ အဆိုပါကျေးရွာရှိ ဒေသခံတစ်ဦး၏ ပြောပြချက်အရသိရသည်။ အဆိုပါ ကျွန်းစုမြို့နယ် မိုင်းသွေးကျေးရွာတွင် ဖြစ်ပွားခဲ့သော ဓားပြတိုက်မှုနှင့် ပတ်သက်၍ ကံမော်ရဲစခန်းမှုစခန်းမှူး ဦးစီးသော တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့ပြီး ကံမော်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၂ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာဘက်မှ နောင်ချိုမြို့ဘက်သို့ ဆိုင်းနောင့်(ခ)စိုင်းမောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ သိမ်းဆည်းရမိသဖြင့် ဆိုင်းနောင့်(ခ) စိုင်းမောင် (၃၀နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူဇန်နဝါရီ ၁၂ ရက်က မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့ ငါးအိုးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ခတ်ခုံကျေးရွာအုပ်စု သုံးခွကျေးရွာနေ သန်းနိုင်၏ကြံခင်းတဲသို့ဝင်ရောက်ရှာဖွေရာ ၄င်းဝတ်ဆင်သည့် အနွေးထည်အကျႌဝဲဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၅ ပြား သိမ်းဆည်းရမိသဖြင့်သန်းနိုင်(၄၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းဆိုင်ရာပြပွဲ၊ ပြိုင်ပွဲ မန္တလေးမြို့ နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငါးလုပ်ငန်းဆိုင်ရာပြပွဲ၊ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြည်သူများလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲအတွက် ဆုရရှိသူများကို ဆုငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၂၈)၊ မြေကွက်အမှတ် (၁၄၃)၊ မြေကွက်ရရှိထားသူ ဦးတင်ဝင်း ၇/သဝတ(နိုင်)၀၁၂၀၁၃မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၇)**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၇)၊ မြေကွက်အမှတ် (၂၂၂)၊ မြေကွက်ရရှိထားသူ ဦးခင်မောင်မြင့် ၁၂/မဂဒ(နိုင်)၁၂၂၄၁၆မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၇)**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဥပဒေရေးရာ

ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အခြေခံဥပဒေနှင့် ပြည်ထောင်စုစနစ်

မောင်ခိုင်မာ(အထက်မင်းလှ)

နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီစံနှုန်းကို ထိုနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကြည့်လျှင် သိနိုင်၏။ အခြေခံဥပဒေသည် ဒီမိုကရေစီတော်လှန်ရေးမှ ပေါက်ဖွားလာခြင်းလည်းဖြစ်သည်။ အေသင်မြို့ပြနိုင်ငံများ ထွန်းကားစဉ်က စတင်သုံးနှုန်းခဲ့သည့် ဒီမိုကရေစီ၏ သဘောအဓိပ္ပာယ်မှာ **"ပြည်သူတို့၏အာဏာ"**ဖြစ်၏။ စကားလုံးလှသော်လည်း လက်တွေ့မပါသောအခါ တော်လှန်ရေးများဖြစ်၍လာကြသည်။ (၁၈)ရာစုတွင် လွတ်လပ်ရေး၊ ညီမျှရေး၊ တရားမျှတရေး (Liberity, Equality, Fraternity) ဟူသည့် ကြွေးကြော်သံများ ကိုင်စွဲပေါ်ပေါက်ခဲ့သော ထင်ရှားသည့် တော်လှန်ရေးများမှာ စက်မှုတော်လှန်ရေး ၁၇၇၇ ခုနှစ် (Industrial Revolution-1777)၊ အမေရိကန်တော်လှန်ရေး(American Revolution) နှင့် ပြင်သစ်တော်လှန်ရေး ၁၇၈၉ ခုနှစ် (French Revolution-1789) တို့ဖြစ်သည်။ ထိုတော်လှန်ရေးတို့၏ အကျိုးဆက်ကြောင့် စည်းမျဉ်းခံဘုရင်စနစ် (Constitution Monarchy) သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်အရ တည်ထောင်သော အစိုးရများသော်လည်းကောင်း ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် မလွဲမသွေရှိရမည့် ဥပဒေတို့၏ ထိပ်ခေါင်နိုင်ငံတည်မော်ကွန်းဖြစ်သည်။ ဗြိတိသျှ စွယ်စုံကျမ်း (British Encyclopaedia) များတွင် "ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုနိုင်ငံအစိုးရ(သို့) ပုဂ္ဂိုလ်(သို့) အဖွဲ့အစည်း(သို့)နိုင်ငံတစ်နိုင်ငံရှိ လူအများက လိုက်နာရန်သတ်မှတ်ပေးထားသော စည်းမျဉ်းများပင်ဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ နိုင်ငံတစ်ခု၏ အခြေခံဥပဒေကို လေ့လာကြည့်ခြင်းအားဖြင့် ထိုနိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် မဏ္ဍိုင်သုံးရပ် အာဏာခွဲဝေကျင့်သုံးပုံတို့ကို တွေ့ရပေမည်။ သို့သော် နိုင်ငံတစ်ခုချင်းစီ၏ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းအပေါ်မူတည်၍ အခြေခံဥပဒေချင်းမတူညီကြပါ။ ထိုသို့ မတူညီသည့် အခြေခံဥပဒေများကို လေ့လာမည်ဆိုပါက နိုင်ငံ၏ သဘာဝ (Nature of State)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏သဘာဝ (Nature of Constitution)၊ ဥပဒေပြုကဏ္ဍ၏ သဘာဝ (Nature of Legislature)၊ စီမံခန့်ခွဲရေး (အုပ်ချုပ်ရေး)၏ သဘာဝ(Nature of Executive)၊ တရားစီရင်ရေး၏ သဘာဝ (Nature of Judiciary) စသည့်အချက်များကို အခြေခံ၍လေ့လာကြသည်။

၎င်းတို့အနက် နိုင်ငံ၏သဘာဝကို အခြေခံ၍ ခွဲခြမ်းစိတ်ဖြာလေ့လာပါက တစ်ပြည်ထောင်စနစ်နှင့် ပြည်ထောင်စုစနစ်ဟူ၍ တွေ့ရသည်။ **တစ်ပြည်ထောင်စနစ်**ကို နိုင်ငံရေးသိပ္ပံပညာရှင် ဒိုင်စီ (Diacy) က "ဗဟိုအာဏာပိုင်တစ်ခုတည်းလက်ဝယ်တွင် ဥပဒေပြုအာဏာထားရှိကျင့်သုံးခြင်းကို တစ်ပြည်ထောင်စနစ်"ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ပြည်ထောင်စုစနစ်ကို စီအက်ဖ်စထရောင်း (C . F. Strong) ကသူ၏ (Modern Political Constitution) စာအုပ်တွင် "နှစ်နိုင်ငံသော်လည်းကောင်း၊ နှစ်နိုင်ငံထက်ပို၍သော်လည်းကောင်း ပြည်ထောင်စုစနစ်အရ ဖွဲ့စည်းထားသော နိုင်ငံမျိုးဖြစ်သည် (ဝါ) တူညီသောရည်ရွယ်ချက်ဖြင့် ပြည်နယ်များပါဝင်၍ ပြည်ထောင်စုစနစ်အရ စုပေါင်းဖွဲ့စည်းထားသောနိုင်ငံကို ပြည်ထောင်စုနိုင်ငံဟု ခေါ်သည်"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ လောကဓမ္မတာသဘောအရ စနစ်တိုင်းတွင် ကောင်း/ဆိုး(၂)ဖြာဒွန်တွဲ ရှိနေတတ်သည်ဖြစ်၍ ဆင်ခြင်သုံးသပ်နိုင်ရန် လေ့လာတင်ပြလိုပါသည်။

တစ်ပြည်ထောင်စနစ်၏ အားသာချက်များအဖြစ် တစ်ပြည်ထောင်နိုင်ငံ (Unitary State)တွင် နိုင်ငံငယ်နှစ်နိုင်ငံမှစ၍ နိုင်ငံပေါင်းများစွာအထိ ပါဝင်နိုင်ပြီး နိုင်ငံကြီးတစ်နိုင်ငံတည်းအဖြစ် စုပေါင်းဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်၍ ပထဝီနယ်မြေဆက်စပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်၍ အမျိုးသားစည်းလုံးညီညွတ်ခြင်း၊ ပြည်နယ်အစိုးရများမရှိ၍ အချင်းချင်းအငြင်းပွားသောကိစ္စရပ်များ မပေါ်ပေါက်နိုင်ခြင်းတို့ကို ဖော်ညွှန်းကြသည်။

တစ်ပြည်ထောင်စနစ်၏ အားနည်းချက်များအဖြစ် မျက်မှောက်ခေတ်အစိုးရတိုင်းသည် များပြားလှသော ပြဿနာများနှင့် ရင်ဆိုင်ကြရခြင်း၊ အပြည်ပြည်ဆိုင်ရာ ပြဿနာများနှင့် ပြည်တွင်းပြဿနာများကို ဖြေရှင်းနေကြရသော်လည်း အစိုးရအဖွဲ့တစ်ခုတည်းသာ ရှိသဖြင့် သေးငယ်သောပြဿနာများကို လျစ်လျူရှုရခြင်းနှင့် ဓလေ့ထုံးစံချင်းမတူကြပါဘဲလျက် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးလျှင် ပြည်တွင်းပြဿနာများ ဖြစ်ပွားတတ်ခြင်းတို့ကို ဖော်ပြကြသည်။

ပြည်ထောင်စုနိုင်ငံ (Federal State)တွင် မိမိတို့၏ မူလသီးခြားလွတ်လပ်မှု မဆုံးရှုံးစေရန် ပြည်ထောင်စုစနစ်အရ အချင်းချင်းပေါင်းစည်းထားကြခြင်းဖြစ်၍ အမျိုးသားအင်အား (National Force)တောင့်တင်းခိုင်မာခြင်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့အကြား အာဏာကို အခြေခံဥပဒေအရ ခွဲဝေပိုင်းခြားထားပြီး ကာကွယ်ရေးနှင့် နိုင်ငံခြားရေးကို ဗဟိုအစိုးရသို့ အပ်နှင်းခြင်း၊ ကျန်အာဏာများကို ဥပဒေနှင့်အညီ ပြည်နယ်အစိုးရလက်ဝယ် ထားရှိဆောင်ရွက်သည်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးစိုးမှု (Supermacy Constitution)ရှိခြင်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရသော်လည်းကောင်း၊ ပြည်နယ်အစိုးရချင်းသော်လည်းကောင်း၊ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး (Constitutional Court)ကဲ့သို့သော အာဏာပိုင်အဖွဲ့တစ်ခုရှိခြင်းတို့ကို တွေ့ရသည်။

အထက်ပါအချက်များကို ထပ်ဆင့်လေ့လာလျှင် ပြည်ထောင်စုနိုင်ငံသည် အာဏာကို ခွဲဝေပိုင်းခြားထားသဖြင့် ဗဟိုအစိုးရသည်လည်းကောင်း၊ ပြည်နယ်အစိုးရသည်လည်းကောင်း ထူးချွန်၍ တန်ခိုးကြီးမားခြင်းမရှိပေ။ အကယ်၍ ဗဟိုအစိုးရက တန်ခိုးကြီးပါက ပြည်နယ်အစိုးရ၏အခွင့်အရေးများ ထိခိုက်မည်။ ပြည်နယ်အစိုးရများ တန်ခိုးကြီးပါကလည်း ပြည်ထောင်စုနိုင်ငံသည် အဓိပ္ပာယ်ကင်းမဲ့မည်ဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြရသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ(သို့) ပြည်နယ်အစိုးရအချင်းချင်း မဏ္ဍိုင်သုံးရပ် ပြဿနာပေါ်ပေါက်ပါက ဗဟိုတရားစီရင်ရေးအဖွဲ့(သို့) တရားလွှတ်တော်ချုပ်(သို့)ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးက အခြေခံဥပဒေနှင့်အညီ ဖြေရှင်းပေးရသည်။

ပြည်ထောင်စုနိုင်ငံများကိုပင်လျှင် သဏ္ဌာန်ဆောင်ပြည်ထောင်စုနိုင်ငံနှင့် ပြည်ထောင်စုစစ်စစ်နိုင်ငံဟူ၍ ခွဲခြားလေ့လာကြပြန်သည်။ ထိုသို့ခွဲခြားရာတွင် (က) ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အာဏာကို မည်သို့ခွဲဝေပိုင်းခြားထားသနည်း၊ (ခ)ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ(သို့) ပြည်နယ်အစိုးရအချင်းချင်း ပြဿနာဖြစ်လျှင် မည်သည့်အဖွဲ့က မည်သူများ ပါဝင်လျက် ကိုင်တွယ်ဖြေရှင်းပေးသနည်း၊ (ဂ)အခြေခံဥပဒေကို မည်သို့ပြင်ဆင်ကြသနည်း၊ (ဃ)ဗဟိုအစိုးရ၏ ဥပဒေပြုကဏ္ဍသို့ ပြည်နယ်အသီးသီးက ကိုယ်စားလှယ်များကို မည်သို့စေလွှတ်ကြသနည်း၊ (င)အခွန်ကို မည်သို့ကောက်ခံသနည်း။ (ပြည်နယ်အစိုးရများက မိမိတို့သဘောအလျောက် ကောက်ခံသုံးစွဲသလော (သို့)ဗဟိုအစိုးရက တာဝန်ယူကောက်ခံပြီး ပြည်နယ်အစိုးရများသို့ ခွဲဝေပေးခြင်းလော)၊ (စ)မည်သည့်ပုဂ္ဂိုလ်သည် စီမံခန့်ခွဲရေး (အုပ်ချုပ်ရေး)ကဏ္ဍ၏ အကြီးအကဲဖြစ်၍ မည်သို့ရွေးချယ်တင်မြှောက်ကြသနည်း (သမ္မတ(သို့)ဝန်ကြီးချုပ်)ဟူ၍ ခွဲခြားလေ့လာကြသည်။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံအချို့သည် မိမိနိုင်ငံ၏ ပထဝီအနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမျိုးစုတည်ရှိမှု၊ အခြေခံဥပဒေအနေအထား၊ သမိုင်းရေးရာအကန့်အသတ်များအပေါ်မူတည်၍ ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေကြသည်။ အချို့ကလည်း စကားလုံးအဓိပ္ပာယ်ပညတ်အပေါ် စိုးရိမ်စိတ်ဖြင့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးကြရန် ဖင့်နွှေးနေကြသည်ဆို၏။

စာရေးသူတို့နိုင်ငံတွင် ယနေ့ကာလ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို စီစဉ်ဆောင်ရွက်နေသည်ဖြစ်၏။ နိုင်ငံတော်သမ္မတကလည်း ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နေ့က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲတွင် "လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် **ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေး**အပါအဝင် အရေးကြီးသော အခြေခံအချက်များကို ရရှိပြီးဖြစ်ကြောင်း" ထည့်သွင်းပြောဆိုသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် တိုင်းပြည်နှင့် ပြည်သူလူထု၏ အနာဂတ်အတွက် အလွန်အရေးကြီးသောကိစ္စဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဤကိစ္စတွင် နိုင်ငံရေးစေတနာအပြည့်နှင့် အမြော်အမြင်ကြီးကြီးထားပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း မျှဝေအပ်ပါသည်။ ။

ပြည်ထောင်စုစနစ်ကို စီအက်ဖ်စထရောင်း (C.F. Strong)က သူ၏ (Modern Political Constitution)စာအုပ်တွင် "နှစ်နိုင်ငံသော်လည်းကောင်း၊ နှစ်နိုင်ငံထက်ပို၍သော်လည်းကောင်း ပြည်ထောင်စုစနစ်အရဖွဲ့စည်းထားသော နိုင်ငံမျိုးဖြစ်သည် (ဝါ) တူညီသောရည်ရွယ်ချက်ဖြင့် ပြည်နယ်များပါဝင်၍ ပြည်ထောင်စုစနစ်အရ စုပေါင်းဖွဲ့စည်းထားသောနိုင်ငံကို ပြည်ထောင်စုနိုင်ငံဟု ခေါ်သည်"

အိပ်ပျော်နေသည့် ကလေးငယ်နှစ်ဦး မီးလောင်သေဆုံး

နေပြည်တော် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီ ၁၅ မိနစ်က ရှမ်းပြည်နယ် နောင်ချိုမြို့ ဈေးရပ်ကွက်နေ စည်သူမောင်(၃၈ နှစ်)၏ နေအိမ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၈ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ ယင်းနေ့ညနေ ၅ နာရီက စည်သူမောင်နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်အိဖြိုး(ခ) ဒေါ်ကြည်ကြည်ခိုင် (၃၃ နှစ်)တို့သည် သားသမီးများဖြစ်သည့် မချစ်မြတ်နိုးနိုင် (၇ နှစ်)နှင့် မောင်ဖိုးတီလုံး (ခ)မောင်ကျော်ဝင်းချစ် (၄နှစ်)တို့ နှစ်ဦးကို နေအိမ်၌ အိမ်စောင့်ထားကာ ဒုက္ခလေးကျေးရွာနှင့် ဝါးပုန်းကုန်းကျေးရွာပွဲဈေးသို့ ဈေးရောင်းရန် သွားရောက်ခဲ့ကြောင်း၊ ထိုသို့ သွားရောက်နေစဉ် နေအိမ်တွင် ကျန်ရစ်ခဲ့သည့်ကလေးများမှာ ဖယောင်းတိုင်မီးထွန်းပြီး အိပ်ပျော်နေရာက ဖယောင်းတိုင်မီးမှတစ်ဆင့် နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် (၁၆×၁၆)ပေရှိ သွပ်မိုး/ထရံကာ မြေစိုက်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မချစ်မြတ်နိုးနိုင်နှင့် မောင်ဖိုးတီလုံး(ခ) မောင်ကျော်ဝင်းချစ်တို့နှစ်ဦး မီးလောင်သေဆုံးသွားကြောင်းနှင့်စည်သူမောင်ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဇန်နဝါရီ ၁၅ ရက်က ချမ်းမြသာစည်တောင်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်းမှ မိဘမဲ့ကျောင်းသား ကျောင်းသူများကို မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များကို One Stop Service ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

တင်မောင်(မန္တလေး)

နမ့်ဆန်မြို့၌ နွေရာသီ ရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ဆောင်ရွက်

နမ့်ဆန် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ အများပြည်သူများ အသုံးပြုရန်အတွက် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလ၌ရေပေါများပြီး လုံလောက်မှုရှိသကဲ့သို့ နွေရာသီကာလ၌ ရေပြတ်လပ်မှုမဖြစ်စေရန်နှင့် ပြည်သူများရေလုံလောက်စွာ အသုံးပြုနိုင်ရန် မြို့နယ်စည်ပင်သာယာရေးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ရေကို စနစ်တကျသိုလှောင်ခြင်း၊ သန့်ရှင်းမှုရှိစေရန် ရေလှောင်ကန်ရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ စိမ့်စမ်းရေများမှ ရေလှောင်ကန်အတွင်း ရေသွယ်ထားမှုများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ကြိုတင်ပြင်ဆင်ထားမှု အခြေအနေကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ အခြားလိုအပ်သောကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(လ/၀၁၇)

ပြည်တွင်းသတင်း

မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆွေးနွေးပွဲ အကျိုးဖြစ်ထွန်းသည့် ဆွေးနွေးပွဲအဖြစ် ရှုမြင်

ရန်ကုန် ဇန်နဝါရီ ၁၆

နေပြည်တော်တွင် ဇန်နဝါရီ ၁၄ နှင့် ၁၅ ရက်တို့တွင် ကျင်းပပြီးစီးခဲ့သော မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်သံရုံးတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ အမေရိကန်နိုင်ငံ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တွမ်မလီနောစကီးနှင့် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော အမေရိကန်လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် သံရုံးတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

သတင်းစာ ရှင်းလင်းပွဲတွင် အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက မြန်မာ-အမေရိကန် ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ဒုတိယအကြိမ်အဖြစ် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ ထင်ရှားသည့် အကျိုးဆက်အဖြစ် ပွင့်လင်းမြင်သာပြီး အကျိုးဖြစ်ထွန်းသည့် ဆွေးနွေးပွဲများအဖြစ် မြင်တွေ့ရကြောင်း၊ ဆွေးနွေးပွဲတွင် တိုင်းရင်းသားများအရေး၊ လူ့အခွင့်အရေးကာကွယ်တိုးမြှင့်ရေး၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာအထောက်အကူပြုအဖွဲ့များအတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ဖြစ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပိုမိုအားဖြည့်ဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ နိုင်ငံသားဖြစ်တည်မှု တိုင်းတာသည့် စံနှုန်းများနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လျင်မြန်စွာ အကျိုးဖြစ်ထွန်းရေးနှင့် လူမျိုးစုများကြား နှစ်ဦးနှစ်ဖက် ယုံကြည်မှု ပိုမိုရရှိရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲရလဒ်အနေဖြင့် ပူးတွဲကြေညာချက်ကို ယနေ့ မွန်းလွဲပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်တွင်း ပြည်ပ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီတို့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် (၂၈)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည့် အစီရင်ခံစာအတွက် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိလာသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီတို့သည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှုတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးကာကွယ်ရေးနှင့် လူ့အခွင့်အရေးတိုးမြှင့်ရေးကိစ္စ ဆောင်ရွက်နေမှုများ၊ ကော်မရှင်မှ ဆောင်ရွက်နေသည့် လူ့အခွင့်အရေး ပညာပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ တင်သွင်းရမည့် လူ့အခွင့်အရေး အစီရင်ခံစာအတွက် ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့်ကိစ္စ၊ လူ့အခွင့်အရေးကာကွယ်ရေးနှင့်ပတ်သက်သည့်တိုင်ကြားချက်များအား ကော်မရှင်ကကိုင်တွယ်ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းစစ်ဆေး၍ သတင်းထုတ်ပြန်မှုများပြုလုပ်ခဲ့သည့် ကိုပါကြီးနှင့် ဒေါ်ခင်ဝင်း သေဆုံးသည့်ကိစ္စရပ်များအပေါ် မစ္စရန်ဟီလီအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက "ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံနဲ့က ပူးပေါင်းဆောင်ရွက်မှုတွေရှိနေတဲ့အခါကျတော့ ကုလသမဂ္ဂကစေလွှတ်တဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ အထူးအစီရင်ခံစာ တင်သွင်းသူနဲ့ ဆွေးနွေးရတာက တစ်ဖက်နဲ့တစ်ဖက်ကို နားလည်မှုရှိစေတယ်။ အထူးသဖြင့် ကျွန်တော်တို့ကော်မရှင်အနေနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမှာလည်း သူတို့ရဲ့ အကြံပြုချက်တွေကိုပါ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းကို ပိုပြီးတော့ ထိရောက်မှုရှိစေမှာဖြစ်ပြီး အထောက်အကူဖြစ်စေမှာပါ" ဟု ဆွေးနွေးပွဲအပြီး၌ သတင်းစဉ်သို့ ပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ကိုးဦးတက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် (၂၈)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည့်အစီရင်ခံစာပြုစုရေးအတွက် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၆ ရက် ညပိုင်းက ဒုတိယအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ပိုမိုမြှင့်တင်ကာကွယ်နိုင်ရန် အမေရိကန်အနေဖြင့် ဆက်လက်ကူညီနိုင်ရေးဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၁၆

ဒုတိယအကြိမ် မြန်မာ-အမေရိကန် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို နေပြည်တော်တွင် ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်များတွင် ကျင်းပခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ နယ်ပယ်တွင် နှစ်နိုင်ငံ၏ အကောင်းဆုံးသော အလေ့အထများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ ထို့အပြင် လူ့အခွင့်အရေး တိုးတက်မြှင့်တင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုများအပေါ်တွင်လည်း ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များသည် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လက်ရှိစိန်ခေါ်မှုများအပေါ် တိုးတက်အောင် ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ အမေရိကန်အစိုးရသည် မြန်မာအစိုးရ၏ လက်ရှိကာလအထိ အပြုသဘောကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ တိုးတက်မှုရှိရေးနှင့်လူ့အခွင့်အရေးပိုမိုမြှင့်တင်ကာကွယ်နိုင်ရန် ဆောင်ရွက်ချက်များတွင် အမေရိကန်နိုင်ငံအနေဖြင့် ဆက်လက်ကူညီနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးအကျဉ်းသားကိစ္စရပ်များကို နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီမှတစ်ဆင့် သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာဘက်မှ ကတိပြုခဲ့သည်။ ယင်းကိစ္စရပ်များကို ပြန်လည်သုံးသပ်ရာတွင် အခြေခံတစ်ရပ်အဖြစ် အသုံးပြုနိုင်ရန် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူနှင့် နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်တို့နှင့် စပ်လျဉ်းပြီး သဘောတူညီချက်တစ်ရပ်ရရှိရန်လိုအပ်ကြောင်း အမေရိကန်ဘက်မှ ဖော်ပြခဲ့သည်။ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အပြုသဘောဆောင်သော အခန်းကဏ္ဍကို နှစ်နိုင်ငံစလုံးမှ အသိအမှတ်ပြုခဲ့ကြသည်။ လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိခြင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ၌ ရုံးတစ်ရုံး ဖွင့်လှစ်နိုင်ရန် နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် သဘောတူညီချက်တစ်ရပ်ကို ရရှိရေးအတွက် ဆက်လက်ညှိနှိုင်းသွားရန်ကိစ္စအား ကြိုဆိုခဲ့သည်။ ဖော်ပြပါရုံးတစ်ရုံး အမြန်ဆုံးဖွင့်လှစ်သွားနိုင်ရေးအတွက်လည်း အမေရိကန်က တိုက်တွန်းအားပေးခဲ့သည်။

အမျိုးသားမြေအသုံးချမှုမူဝါဒအပေါ် ပြည်သူများ ပါဝင်ဆွေးနွေးရေးနှင့် အကြံပြုချက်များ လက်ခံရရှိရန် အချိန်ပေးခဲ့ခြင်းစသည့် မြန်မာအစိုးရ၏ ကြိုးပမ်းမှုများကို အမေရိကန်က အသိအမှတ်ပြုခဲ့သည်။ နောက်ဆုံးပေါ် ထွက်လာမည့်မူဝါဒ၊ အမျိုးသားမြေယာဥပဒေတို့နှင့်စပ်လျဉ်းပြီး ဖြစ်ပေါ်တိုးတက်မှုများကို အသိပေးနိုင်ရန် သက်ဆိုင်သူအားလုံးပါဝင်သည့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန်လိုကြောင်း နှစ်ဖက်စလုံးမှ ဆွေးနွေးခဲ့ကြသည်။ မြေယာငယ်ပိုင်ဆိုင်သည့် လယ်သမားများအတွက် ပိုင်ဆိုင်မှုလုံခြုံရေး၊ ထုံးတမ်းအစဉ်အလာအရ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုရေးနှင့် မြေယာများ အသုံးပြုခွင့် ပိုမိုရရှိရေးတို့ပါဝင်သည့် ဥပဒေမူဘောင်တစ်ရပ်နှင့် မူဝါဒတစ်ရပ်တို့ကို ဖော်ထုတ်ရေးနှင့် ရှင်းလင်းဆွေးနွေးနိုင်ရေးတို့တွင် ကူညီသွားရန် အသင့်ရှိကြောင်း အမေရိကန်ဘက်မှ ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကြေညာခဲ့သည့် အခြေခံအခွင့်အရေးနှင့် အလေ့အကျင့်များ မြှင့်တင်ရေး ဦးဆောင်ဦးရွက်မှု အစီအစဉ်အောက်၌ နှစ်နိုင်ငံအကြား ထိတွေ့မှုများ ပိုမိုတိုးမြှင့်သည့်အနေဖြင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အခြားသော အစိုးရများနှင့်လည်း ထိတွေ့သွားရေးတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို လိုအပ်သကဲ့သို့ ပြန်လည်သုံးသပ်ရေးနှင့် ပြင်ဆင်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်နှင့်အတူ ဆောင်ရွက်ရန် ကြိုးပမ်းမှုများကို အမေရိကန်ဘက်မှ အသိအမှတ်ပြုသည်။ ဤသို့ပြင်ဆင်မှုများသည် အမျိုးသားအကျိုးစီးပွားနှင့် လည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များနှင့် လည်းကောင်း ကိုက်ညီသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုနှင့် ဘာသာရေးမတူညီမှုတို့ရှိသည်ကို လက်ခံရေး၊ လူမျိုးစုများအကြားနှင့် ဘာသာများအကြား သဟဇာတဖြစ်မှုနှင့် နားလည်မှုတို့ တိုးမြှင့်ရေးတို့သည် အရေးကြီးကြောင်း နှစ်ဖက်စလုံးမှ သဘောတူကြသည်။

အကြမ်းဖက်မှုအလားအလာများကို ကြိုတင်တွက်ဆနိုင်ရေးနှင့် သက်သာလျော့ပါးစေရေးတို့အတွက် ကြိုတင်သတိပေးမှုနှင့် တုံ့ပြန်နိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် အကူအညီပေးရန် ဆန္ဒရှိကြောင်း အမေရိကန်အစိုးရဘက်မှ ဖော်ပြခဲ့သည်။

နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုအခြေခံမှုများနှင့်အညီ မူရင်းနေထိုင်ရာအရပ်မှ ပြောင်းရွှေ့နေထိုင်ရသူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အခက်အခဲမရှိ သွားရောက်ဆောင်ရွက်ခွင့်ရှိသင့်ကြောင်း အမေရိကန်နှင့် မြန်မာအစိုးရတို့က သဘောတူခဲ့သည်။ ပြည့်စုံပြီး ပွင့်လင်းမြင်သာလျက် အားလုံးပါဝင်သည့် ရခိုင်ပြည်နယ်သဟဇာတဖြစ်ရေးလုပ်ငန်းစဉ်တစ်ရပ်လိုအပ်ကြောင်းနှင့် အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း နှစ်ဖက်သဘောတူခဲ့သည်။ ယင်းလုပ်ငန်းစဉ်သည် ထိခိုက်လွယ်သူ မည်သူမဆိုထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အတားအဆီးမရှိ ရောက်ရှိရေး၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ မည်သူကိုမဆို ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီဆီလျော်စွာ တန်းတူရည်တူ အကာအကွယ်ပေးရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးရန်ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း ယုံကြည်စိတ်ချရပြီး ပွင့်လင်းမြင်သာမှုရှိကာ အားလုံးပါဝင်နိုင်သည့် လွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကျင်းပသွားရန် မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုအပေါ် အမေရိကန်က ကြိုဆိုခဲ့သည်။ ရွေးကောက်ပွဲကျင်းပရေးအပေါ် အမေရိကန်၏ အကူအညီပေးခြင်းကိုမြန်မာဘက်က ကြိုဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအားလိုက်နာခြင်းသည် ပြည်သူများ၏ယုံကြည်မှုကို ဆက်လက်ရရှိလျက် အင်အားတောင့်တင်းပြီး အရည်အချင်းပြည့်မီသည့် တပ်မတော်တစ်ရပ်အတွက် အရေးပါကြောင်း နှစ်ဖက်ဆွေးနွေးသဘောတူခဲ့သည်။

ဂျီနီဗာကွန်ဗင်းရှင်းများအရ အရပ်ဘက်ပြည်သူများအား အချိန်တိုင်းနေရာတိုင်းတွင် အကာအကွယ်ပေးရန် ကတိကဝတ်ကို နှစ်ဖက်ထပ်လောင်းအတည်ပြုသည်။ လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးအတွက် ကူညီသွားရန် အတူလုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

လူ့အခွင့်အရေး လေးစားလိုက်နာမှု၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သော ယုံကြည်ထိုက်သည့် ရွေးကောက်ပွဲများ၊ ဒီမိုကရေစီနည်းလမ်းကျအစိုးရ၊ ဥပဒေနှင့်အညီ အားလုံးကို တန်းတူရည်တူ အကာအကွယ်ပေးမှု၊ အားလုံးကို အခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စသည်တို့သည် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောလျက် အင်အားတောင့်တင်းသည့် နိုင်ငံများအတွက် အခြေခံဖြစ်ကြောင်း သဘောတူကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဤပူးတွဲထုတ်ပြန်ချက်ပါ မျှော်မှန်းချက်များ အကောင်အထည်ဖော်ရန် ဆက်လက်လုပ်ဆောင်သွားသည်နှင့်အညီ အမေရိကန်နိုင်ငံအနေဖြင့်လည်း စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် ကျန်ရှိနေသေးသည့် ကန့်သတ်မှုအားလုံးကို ချုပ်ငြိမ်းစေရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နားလည်မှု၊ သည်းခံမှု၊ ခွင့်လွှတ်မှုလက်ကိုင်ထား၍ တိုင်းပြည်အကျိုးသယ်ပိုးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လေရှီးမြို့ တွင်ရောက်ရှိနေသော သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အတူ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးတင်ငွေ၊ ဦးသောင်းထိုက်၊ ဒေါက်တာ ဒေါ်သိန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အလှည့်ကျကျင်းပလျက်ရှိရာ ယခုနှစ် တွင် လေရှီးမြို့၌ ကျင်းပခြင်းဖြစ် ကြောင်း၊ မြန်မာနိုင်ငံ၏ အနောက် မြောက်ဘက်တွင်တည်ရှိပြီး သဘာဝ ရေမြေတောတောင် အလှအပတို့နှင့် ပြည့်စုံသော နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသသည် နာဂဒေသခံများ၏ ရိုးရာဓလေ့များ၊ စိတ်ရင်းစေတနာ ကောင်းများဖြင့်ပွင့်လင်းစွာ ဆက်ဆံ တတ်သော အမူအကျင့်များကြောင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင် မှုရှိသည့်အတွက် နိုင်ငံခြားသား နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

အရှိန်ရရှိနေပြီဖြစ်သည့် ဒီမို ကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်များ ပိုမိုခိုင်မာပြီးရှင်သန်နိုင်ရန်၊ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တစ်ချိန်က တိုင်းပြည်တည်ငြိမ် အေးချမ်းမှု အားနည်းခဲ့ခြင်းကြောင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်ကျကျန်နေခဲ့ပါကြောင်း၊အထူး သဖြင့် ကျေးလက်နေပြည်သူများ၊ နယ်စပ်ဒေသနေပြည်သူများ၊ ဆင်းရဲ မှုလျှော့ချရေးအတွက် ဦးစားပေး လုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ နှင့် ကျန်းမာရေးကဏ္ဍများ တိုးတက် ရေးတွင်အရေးတကြီးဆောင်ရွက်ပေး ရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ တွင် နိုင်ငံတော်မှ အခြေခံပညာ သင်ယူမှုတွင် အခမဲ့ပညာသင်ယူနိုင် ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် လည်း ငွေကြေးချို့တဲ့သူများကို အခမဲ့ ကုသနိုင်ရေးအတွက် နိုင်ငံတော် ဘဏ္ဍာငွေများဖြင့် ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းပင်ဖြစ်ကြောင်း။

နာဂတောင်တန်း ဒေသတွင် နေထိုင်လျက်ရှိသည့် တိုင်းရင်းသား များ၏ ဒေသတွင်း သွားလာမှုလွယ် ကူအောင် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးအတွက် တောင်ပေါ် ဒေသလမ်းများကို တစ်နှစ်ထက် တစ်နှစ်တိုးချဲ့ဖောက်လုပ်ပေးလျက် ရှိသဖြင့် သွားလာမှုအထိုက် အလျောက် တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး လိုင်းများ၊ TV လိုင်းများ တိုးချဲ့ ဆောင်ရွက်ပေးနေသဖြင့် အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက် နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအခြေ အနေများကို လျင်မြန်စွာလေ့လာ သိရှိနိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ်တည်ဆောက်ရာ တွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်သူတို့၏ လိုအင် ဆန္ဒများ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း နှင့် အစိုးရ၏လုပ်ဆောင်နေမှုများ ကို ဟန်ချက်ညီညီ ပေါင်းစည်းနိုင် ရေးအတွက် မြို့မိမြို့ဖများပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ ပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာ ရေးကော်မတီများကို ဖွဲ့စည်းကာ ဒေသလိုအပ်ချက်များကို ပြည်သူ့ ဆန္ဒနှင့်အညီ အကောင်အထည်ဖော် နေကြသည့်အတွက် တစ်နှစ်ထက် တစ်နှစ်သိသိသာသာ တိုးတက်မှု များကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးအတွင်း ထာဝစဉ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင် လိုသော သန္နိဋ္ဌာန်စိတ်၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း အပြန်အလှန် လေးစားမှုများရှိနေ သည့် ကာလပတ်လုံး ပြည်ထောင်စု ကြီး အမြဲထာဝရတည်တံ့ခိုင်မြဲနေမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ် ကောင်းမွန်နေရန်အတွက် ပြည်သူ အားလုံးတွင် တာဝန်ရှိပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များ တစ်ဦးပေါ်တစ်ဦး မေတ္တာရှေ့ ထားပြီး နားလည်မှု၊ သည်းခံမှု၊ ခွင့်လွှတ်မှုကို လက်ကိုင်ထား၍ နိုင်ငံ

နာဂရိုးရာအကဖြင့် ဒေသခံပြည်သူများအား က

တော်အကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်သွားကြရန် တိုက် တွန်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့် တို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာ စကားများ အသီးသီးပြောကြားပြီး ဒေသခံတစ်ဦးက နာဂရိုးရာ နှစ်သစ် ကူးပွဲတော်ဖြစ်ပေါ်လာပုံ သမိုင်း ကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့က ဒေသ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်း များ ပေးအပ်ပြီး ထူးချွန်ကျောင်းသား များအား ဆုချီးမြှင့်သည်။ ထို့နောက် ဌာနဆိုင်ရာ ပြခန်းများ၊ လက်မှုပြခန်း

များကို လှည့် ...

ဆက်လက် ...

ဝါဒ ဗုဒ္ဓသာသ ...

ကျောင်းသို့ ...

တော်၊ သံဃာ ...

ဝတ္ထုပစ္စည်းမျ ...

က အခြေ ...

ကျောင်းသို့ ...

တာသင်ကြား ...

ကြည့်ရှုသည်။

ပြည်ထော ... အဖွဲ့သည် နေ ... မြို့ အထွေထွေ ... ခန်းမ၌ ကျင်း ... ပွဲအခမ်းအနာ ... မြို့နယ်စီမံခ ... က ဒေသ ...

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများ ၂၀၁၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

သိန်းငွေ၊ အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းနောင်၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့်တာဝန်ရှိ သူများသည် ဇန်နဝါရီ ၁၅ ရက် နံနက် ပိုင်းက လေရှီးမြို့ နာဂရိုးရာ နှစ်သစ် ကူးပွဲတော်သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးလှထွန်း ကနှုတ်ခွန်းဆက်အမှာ စကားပြော ကြားရာတွင် နာဂတိုင်းရင်းသား များ၏အစဉ်အလာမပျက် ရိုးရာ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းထား သော နှစ်သစ်ကူးပွဲတော်ဖြစ်ပါ ကြောင်း၊ ယခုပွဲတော်ကြီးကို နာဂ ဧည့်သည်များစိတ်ပါဝင်စား၍ လာ ရောက်လေ့လာခြင်း၊ နှစ်သစ်ကူးပွဲ တော်သို့ ဒေသခံများနှင့်အတူ ပါဝင် ဆင်နွှဲနေခြင်းများ တွေ့ရသည့် အတွက် များစွာဝမ်းမြောက်မိပါ ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမို ကရေစီ အသွင်ကူးပြောင်းရေးတွင် ပြည်သူအားလုံး လိုလားတောင့်တ နေသော နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် လူမှုဘဝစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အကောင် အထည်ဖော်နိုင်ရန် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပြီး အောင်မြင်မှုများ ရရှိခဲ့သကဲ့သို့ ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်း များလည်းကျန်နေသေးသည့်အတွက် ၂၀၁၅ ခုနှစ်သည် အရေးကြီးသည့်

နာဂတိုင်းရင်းသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဂ

များနှင့် ဒေသ ... ကိုလည်းကော ... လုပ်ရေးလုပ်ငန ... စစ်မြေပြင်အင ... တို့က လေရှီး- ... ဆွမ္မရာလမ်းမ ... လည်းကောင်း ... ကိုယ်စားလှယ ... အတွက် လို ... ကောင်း အသီ ... ကိုယ်ပိုင်အုပ် ... အဖွဲ့ဥက္ကဋ္ဌ ဦး ...

✼ ရှေ့ဖုံးမှ

အမေရိကန်နိုင်ငံ အခြေစိုက် The World Residences at sea မှ အပျော်စီးသင်္ဘော M.S The World သည် ထိုင်းနိုင်ငံ ဖူးခက် ဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်း မြို့သို့ ဇန်နဝါရီ ၁၂ ရက်က ရောက် ရှိခဲ့သည်။

အဆိုပါသင်္ဘောပေါ်မှ ခရီးသည် များသည် ကော့သောင်းမြို့မှ တစ်ဆင့် မကြိုကလက်ကျွန်းနှင့် လန်ပိကျွန်းများသို့ သွားရောက် လည်ပတ်ခဲ့ပြီး ဇန်နဝါရီ ၁၄ ရက် က ပုလဲကျွန်းသို့လည်း သွား ရောက်လည်ပတ်ခဲ့သည်။

ယနေ့ ရောက်ရှိလာသော M.S The World သင်္ဘောပေါ်မှခရီး သည်များသည် ရန်ကုန်မြို့တွင်း ခရီး စဉ်များအပြင် ပဲခူး၊ ပုဂံ၊ မန္တလေး မြို့များသို့ သွားရောက်လည်ပတ် ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၁ ရက် တွင် သီလဝါဆိပ်ကမ်းမှ သီရိ လင်္ကာနိုင်ငံ Trincomatee ဆိပ်ကမ်း သို့ ခရီးဆက်လက်ထွက်ခွာမည် ဖြစ်သည်။

M.S The World သင်္ဘောသည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ် တို့တွင် မြန်မာနိုင်ငံသို့ နှစ်ကြိမ် လာရောက်ခဲ့ပြီး ယခုအခါ တတိယ အကြိမ်မြောက် ရောက်ရှိလာခြင်း ဖြစ်သည်။ ပထမဦးဆုံးအကြိမ် ရောက်ခဲ့စဉ်က လန်ကာဝီကျွန်းမှ ရန်ကုန်ဆိပ်ကမ်းအထိ သင်္ဘောပေါ် တွင် အကယ်ဒမီလွင်မိုးက Floa- ting Photo Exhibition ကျင်းပ ခဲ့ဖူးကြောင်း Myanmar Voyages ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်တိုးက ပြောကြားသည်။

အဆိုပါအပျော်စီးခရီးသည်တင် သင်္ဘော M.S The World သည် အလျား ၁၉၆ ဒသမ ၃၅ မီတာ၊ အနံ ၂၉ ဒသမ ၈ မီတာ၊ တန်ချိန် ၄၃၁၈၈ တန်၊ ရေစူး ၆ ဒသမ ၉ မီတာရှိ ကြောင်း သိရသည်။

ခင်ချိုဝင်း

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျားမိုးရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ် ထွန်းမည်။ **မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

✼ ကျောဖုံးမှ

လက်ထောက်န ...

ဂိုးနည်းပြ ဦး ... ကြံ့ခိုင်ရေးနည ... **ပြင်နည်းပြ** ... များအဖြစ် ... ပြည့်စုံချစ်၊ **နေ** ... အောင်၊ နန်း ...

ပြည်တွင်းသတင်း

ဒ်ရှက်

...တွက် ပြည်သူ
...န်ရှိပါကြောင်း၊
...်ကိုမောင်နှမ
...ပြီး မေတ္တာရှေ့
...၊ သည်းခံမှု၊
...်ထား၍ နိုင်ငံ

များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ လေရှီးမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကွန်ပျူတာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုသည်။

ရှင်းလင်းသည်။

ထို့နောက် သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဒေသအတွင်းဆောင်ရွက်ပေးနေမှု အစီအမံများကို လည်းကောင်း ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်

...ဖြင့် ဒေသခံပြည်သူများအား ကပြဖျော်ဖြေစဉ်။ (သတင်းစဉ်)

...်းပြည်အကျိုး
...ားကြရန် တိုက်
(အပေါ်ဝဲပုံ)
...စစ်ကိုင်းတိုင်း
...် ဦးသာအေး၊
...မှုနှင့် ပြည်သူ့
...းတိုးတက်ရေး

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နေ့လယ်ပိုင်းတွင် လေရှီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပပြုလုပ်သော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်

ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ နှစ်သစ်ကူးရိုးရာပွဲတော်ကွင်း၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် နာဂရိုးရာ

နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနေမှုကိုတွေ့ရစဉ်။ (သတင်းစဉ်)

...ပူရဦးအေးမြင့်
...ခွန်းဆက်အမှာ
...းပြောကြားပြီး
...ရိုးရာ နှစ်သစ်
...ပုံ သမိုင်း
...တင်ပြသည်။
...ပြည်ထောင်စု
...အဖွဲ့က ဒေသ
...ဘက်ပံ့ပစ္စည်း
...န်ကျောင်းသား
...ည်။ ထို့နောက်
...၊ လက်မှုပြခန်း

များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်တာဝန်ခံနှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှူးတို့က လေရှီး-ထမံသီလမ်း၊ လေရှီး-ဆွမ္မရာလမ်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒေသခံကျေးရွာကိုယ်စားလှယ်များက ကျေးရွာများအတွက် လိုအပ်ချက်များကိုလည်းကောင်း အသီးသီးတင်ပြကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက ဖြည့်စွက်

နှစ်သစ်ကူးပွဲတော်မီးပုံပွဲသို့ တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ်၊ ကျေးရွာအသီးသီးမှ နာဂရိုးရာအကအဖွဲ့များ စုပေါင်းကပြဖျော်ဖြေနေမှုများကိုလည်းကောင်း၊ နာဂရိုးရာသီချင်းဖြင့် ဒေသခံပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များ စုပေါင်း ပါဝင်ဆင်နွှဲမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ရိုးရာအကအဖွဲ့များ၊ အဆိုတော်များအား ဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...ခြေအနေ
...မန္တလေးမြို့
...ယနေ့ နေရာ
...သည်။
...အနီးတစ်ဝိုက်
...ခွင့်အတင့်ဖြစ်
...းလေဝသနှင့်
...ားမှုဦးစီးဌာန

ကျောဖုံးမှ

လက်ထောက်နည်းပြ ဦးမြဘိုမင်း၊ **ဂိုးနည်းပြ** ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ စတီဖင်၊ **အကြောပြင်နည်းပြ** ဂျူးဒစ်၊ ကစားသမားများအဖြစ် **ဂိုး**- မျိုးမင်းလတ်၊ ပြည့်စုံချစ်၊ **နောက်တန်း**- ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ သီဟထက်အောင်၊ လှိုင်မျိုးအောင်၊ နိုင်လင်းထွန်း၊ နန္ဒကျော်၊ **အလယ်တန်း**- မျိုးကိုထွန်း၊ စွမ်းထက်အောင်၊ ရန်လင်းအောင်၊ ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ ရဲဝင်းလှိုင်၊ အောင်သူဖြိုး၊ ရွှေဝင်းထွန်း၊ ရန်နိုင်ဦး၊ **ရှေ့တန်း**- အောင်သူ၊ သန်းပိုင်၊ မောင်မောင်စိုးနှင့် မောင်မောင်လွင်တို့ ပါဝင်ကြသည်။

မစ္စရန်ဟီလီ ၁၀ ရက်တာ ခရီးစဉ်အပြီး မြန်မာ့လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာရန်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၆ ရက်က ရောက်ရှိနေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီ ၏ ၁၀ ရက်တာ ခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ **(အောက်ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် မစ္စရန်ဟီလီက မြန်မာနိုင်ငံ၌ ၁၀ ရက်တာအတွင်း လေ့လာသိရှိခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ပဏာမလေ့လာတွေ့ရှိချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့က ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို တိုးတက်အောင် ဆက်လက်ဆောင်ရွက်နေပြီး ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားတို့ အသက်ရှင်နေထိုင်မှု မြင့်မားစေရေးအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မြေယာနှင့် သက်ဆိုင်သော စီမံကိန်းများနှင့် ပတ်သက်၍ ရပ်ရွာလူထုအနေဖြင့် ပိုမို၍ ဆွေးနွေးတိုင်ပင်ခွင့်ရရှိစေရန် အစိုးရအဖွဲ့က အဆိုပြုထားခြင်းနှင့်ပတ်သက်၍ မိမိကျေနပ်မိပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အရေးပါသည့် အောင်မြင်မှုတစ်ရပ်အဖြစ် ဒီမိုကရေစီနည်းလမ်းများကို ဖွင့်ပေးခဲ့ပါကြောင်း၊ သို့ရာတွင် အောင်မြင်မှုများဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံရေးအကျဉ်းသားများ၏ အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများ ရေးရာကော်မတီအနေဖြင့် အပြုသဘောနှင့် ထိရောက်စွာ လုပ်ဆောင်သွားရန် အားပေး ပြောကြားခဲ့ပါကြောင်း။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မီဒီယာလွတ်လပ်မှုရှိရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သောမီဒီယာပေါ်ထွန်းရေးအတွက် အစိုးရအဖွဲ့က သတင်းသမားများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေပုံကို သိရှိရသော်လည်း သတင်းသမားများ သတင်းရယူရာတွင် အခက်အခဲများရှိနေမှုကိုလည်း သိရှိခဲ့ရပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ သတင်းသမားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားမှုများကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်းမရှိမီ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်ဖွယ်ရှိမှုများနှင့် ပတ်သက်၍ လေ့လာဆောင်ရွက်ရန် ဥပဒေမူဘောင်တစ်ရပ် ရေးဆွဲချမှတ်ရေးဆောင်ရွက်သင့်သည်ဟု အကြံပြုခဲ့ပါကြောင်း၊ မြေယာဆိုင်ရာ ပဋိပက္ခမှုများနှင့်ပတ်သက်၍ ခရီးစဉ်အတွင်း တင်ပြတိုင်တန်းမှုများကို ကြားသိခဲ့ရပါကြောင်း၊ မြေယာအငြင်းပွားမှုများတွင် လွတ်လပ်စွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးများနှင့် ပြည်သူ့ဆန္ဒတို့အပေါ် အခြေခံကာ ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲသင့်သည်ဟု အစိုးရအဖွဲ့ကို မိမိတိုက်တွန်းခဲ့ပါကြောင်း။

အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကောလာဟလများ၊ အမုန်းစကားရေးသားမှုများကို ထိန်းချုပ်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် တိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့ပုံများကို ခရီးစဉ်အတွင်း လေ့လာသိရှိခွင့်ရရှိခဲ့ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မစ္စရန်ဟီလီသည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက ပထမအကြိမ် လာရောက်ခဲ့ပြီး ယခုလာရောက်သည့် ဒုတိယအကြိမ်တွင် အင်းစိန်အကျဉ်းထောင်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့များသို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့သို့ လည်းကောင်း သွားရောက်လေ့လာခဲ့ပြီး နေပြည်တော်ရှိ လွှတ်တော်ရေးရာကော်မတီများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်သွယ်ရေးဆိုင်ရာမူဝါဒပြန်လည်သုံးသပ်ခြင်းမျှဝေမှု ပထမဆုံးအကြိမ်အဖြစ် အီးယူဦးစီးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများသို့ ၁၉၉၄ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် ကုန်သွယ်ရေးဆိုင်ရာ မူဝါဒ ပြန်လည်သုံးသပ်ချက်ကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာမူဝါဒ ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ပြီးဖြစ်ရာ ယင်းဖြစ်စဉ်များနှင့် အချက်အလက်များကို မြန်မာစီးပွားရေးပညာရှင်များ သိရှိစေနိုင်ရန်နှင့် သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်နိုင်စေရန်အတွက် ပြန်လည်မျှဝေခြင်းကို နိုင်ငံတော်အစိုးရနှင့် ဥရောပသမဂ္ဂ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်းကာ ဇန်နဝါရီ ၂၃ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ယနေ့သတင်းထုတ်ပြန်သည်။

ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများအား ပြန်လည်ဆန်းစစ်ခြင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများအကြား မဖြစ်မနေလုပ်ဆောင်သင့်သည့် အစီအစဉ်တစ်ခုအဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးဆန်းစစ်အကဲဖြတ်ခြင်းကို ပုံမှန်ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ကုန်သွယ်ရေးလုပ်ငန်းများ၊ အတွေ့အကြုံများနှင့် နည်းစနစ်များကို ရရှိနိုင်စေမည်ဖြစ်ကြောင်း အီးယူက ခန့်မှန်းထားသည်။

အဆိုပါ အခမ်းအနားအတွင်း မြန်မာ့စီးပွားရေး ပတ်ဝန်းကျင်နှင့် ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ၏ လိုအပ်ချက်များအပေါ် ပထမဆုံး ပြန်လည်ဆန်းစစ်ချက်မှ တွေ့ရှိချက်များနှင့်အစိုးရ၏ ဦးစားပေးအနေဖြင့် ကုန်သွယ်ရေးနှင့် ဆက်နွယ်သော မူဝါဒများ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ ပြောင်းလဲမှု အကျိုးဆက်များနှင့် လုပ်ဆောင်ချက်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများကို ထုတ်ဖော်ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

"ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံး ကုန်သွယ်ရေးမူဝါဒ ဆန်းစစ်ချက်တွေပြီးစီးနိုင်ခြင်းနဲ့ နိုင်ငံပေါင်းစုံအစည်းအဝေးမှာ တိုင်းပြည်ရဲ့ ပြန်လည်ကတိပြုမှုလို ပွင့်လင်းမြင်သာတဲ့ လက္ခဏာရပ်တွေကို ကြိုဆိုအားပေးပြီး အောင်မြင်မှုအတွက် ချီးကျူးဂုဏ်ပြုပါတယ်။ အခုပြန်လည်ဆန်းစစ်မှု ရှင်းလင်းတဲ့အခမ်းအနားကိုလည်း မြန်မာနိုင်ငံရဲ့ ယှဉ်ပြိုင်မှုများတဲ့ ပြောင်းလဲမှု ခရီးစဉ်အတွက် အသင့်ရှိနေကြောင်း သက်သေပြတဲ့အနေနဲ့ ကူညီထောက်ပံ့ပေးခြင်းဖြစ်တယ်" ဟု ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာက ပြောကြားသည်။

သတင်း - ခင်ရတနာ

ရှေ့ဖုံးမှ

အုပ်ဆိုင်းနေတဲ့နေရာဖြစ်ပြီး အစဉ်အေးမြနေတတ်ပါတယ်။ ရန်ကုန်မြို့လယ်ကောင်က အိုအေစစ်နေရာလေးတစ်ခုဖြစ်ပါတယ်။ အခုတော့ အိုအေစစ်နေရာမှာ ခိုင်ခံ့လှပတဲ့ နိုင်ငံတကာ အိမ်ရာစီမံကိန်းကြီးက အစားထိုး ဝင်လာတော့မယ်။ ဘာတွေထိခိုက်လာနိုင်မလဲဆိုရင် လေထုကိုလည်း ထိခိုက်လာစေနိုင်သလို တည်ဆောက်ရေးစီမံကိန်းကြီးကြောင့် ရွှေတိဂုံစေတီတော်ကြီးကိုရော ထိခိုက်လာနိုင်မလားဆိုတာ ပညာရှင်တွေ စုပေါင်းပြီး လေ့လာမှုပြုလုပ်သင့်တယ်လို့ ယူဆပါတယ်" ဟု ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဧည့်ပါမောက္ခတစ်ဦးဖြစ်သူ ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် ဦးခင်မောင်ဝင်းက ဆိုသည်။

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးနှင့် ရန်ကုန်ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းနှစ်ရပ်စလုံးမှာ ရန်ကုန်မြို့တော် ဆက်လက် အဓွန့်ရှည်စေရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဘက်နှစ်ဖက်ဖြစ်သော်လည်း ဟန်ချက်ညီစေရေးအတွက်ကိုမူ ဗိသုကာပညာရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ နှစ်ဦးနှစ်ဖက် နားလည်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုသာ အဖြေထွက်မည်ဖြစ်ကြောင်း အဆိုပါဖိုရမ်သို့ တက်ရောက်သည့် ဗိသုကာပညာရှင် ဦးမြတ်ကျော်စွာကလည်း ပြောကြားသည်။

"ရန်ကုန်မှာ ရှေးဟောင်း အဆောက်အအုံပေါင်း ၁၈၉ လုံး ရှိပါတယ်။ ဒီလအတွင်းမှာပဲ ရှေးဟောင်း အဆောက်အအုံတွေကို ဟိုတယ်လုပ်ငန်းတွေ ချထားပေးမယ်လို့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သတင်းထုတ်ပြန်ထားတာကို ဒီနေ့သိရတယ်။ အသေးစိတ်မထုတ်ပြန်ထားပေမယ့် တင်သွင်းသမျှ ရှေးဟောင်း အဆောက်အအုံတွေအားလုံးနီးပါးကို ခွင့်ပြုပေးမယ်လို့ သိရတယ်။ အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ရှေးဟောင်းအဆောက်အအုံတွေကို မူလပုံစံမပျက် ပြန်လည်ပြုပြင်သုံးစွဲမှာကို ကြိုဆိုပေမယ့် ပုံစံတွေပျက်စီးမှာ၊ ရှေးဟောင်းအမွေအနှစ်တွေ ပျက်စီးမှာကို အလွန်စိုးရိမ်ပါတယ်။ ကျွန်တော်တို့အတွက် ပြန်မရနိုင်တဲ့ အမွေအနှစ်တွေဖြစ်ပါတယ်။ ဒီလိုအမွေကိုရဖို့နောင်နှစ် ၁၀၀ လောက်ပြန်စောင့်ကြရမယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့်ပူးတွဲကာ ဖိုရမ်ကျင်းပပေးနေသော World Monument Fund မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၃ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော အေပီသတင်းဌာနမှ သတင်းစာဆရာ ဒေးဗစ်ကလည်း "နိုင်ငံခြားသားအများစုက ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံတွေကို အထူးစိတ်ဝင်စားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ၂၀၁၂ ခုနှစ်အကုန်မှာ ရန်ကုန်ရှေးဟောင်း အဆောက်အအုံတွေအကြောင်း သတင်းဆောင်းပါးရေးသားခဲ့ပြီး လူစိတ်ဝင်စားမှု အလွန်ရခဲ့တယ်။ ဟိုတယ်တွေအဖြစ်မြင်တွေ့ရမယ်ဆိုရင် ကမ္ဘာလှည့်ခရီးသွားတွေကို အများကြီးဆွဲဆောင်နိုင်လိမ့်မယ်။ ဒါပေမယ့် တိုးတက်မှုနဲ့ ဆုံးရှုံးမှုကိုတော့ ချိန်ထိုးပြီး ဆောင်ရွက်ဖို့လိုအပ်တယ်"ဟု စိတ်ဝင်တစား ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်က ကျင်းပသော ရန်ကုန်မြို့ပြအမွေအနှစ်များ ထိန်းသိမ်းရေးဖိုရမ်အတွင်း ရန်ကုန်မြို့လယ်သည် ဖွံ့ဖြိုးတိုးတက်မှု၏ ခြိမ်းခြောက်ခြင်းကိုခံစားနေရပြီဖြစ်ကြောင်း ပညာရှင်များက သတ်မှတ်ခဲ့ပြီး စောင့်ကြည့်ရမည့် ဒေသတစ်ခုအဖြစ် ရည်ရွယ်ထားခဲ့ကြပြီး အဆိုပါအဆောက်အအုံများကိုထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီများ ရယူရန် ပြောဆိုမှုများရှိသော်လည်း ယနေ့အထိ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးကြောင်း ဖိုရမ်အတွင်း ပြောကြားချက်များအရ သိရှိရသည်။

ဟိုတယ်အဖြစ် လုပ်ကိုင်ခွင့်ပြုသည့် အဆောက်အအုံများတွင် တရားရုံးချုပ်၊ မြန်မာ့မီးရထားရုံးချုပ်နှင့် စုပေါင်းရုံးတို့ ပါဝင်လာပြီး တရားဝင်လုပ်ကိုင်ခွင့်ရရှိရန် ပြန်လည်ပြင်ဆင်ခြင်းနှင့် အကြီးစားပြုပြင်ခြင်းများကို လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီများက စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း ဒေါက်တာကျော်လတ်က မှတ်ချက်ပြုသည်။

အဆိုပါ ရန်ကုန်မြို့ပြအမွေအနှစ်များ ထိန်းသိမ်းရေးဖိုရမ်ကို ဇန်နဝါရီ ၁၅ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၇ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

❍ ကျောဖုံးမှ

လာခြင်းမှာ အထူးအဆန်းတော့ မဟုတ်ပေ။

ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းမှစတင်ကာ ရန်ကုန်မြို့ရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်များ၌ ပုံမှန်ရောင်းချနေသည့် အောက်တိန်းဈေးနှုန်းများကို ငွေကျပ် ၁၀၀ ဝန်းကျင်အထိ လျှော့ချလိုက်ခြင်းကြောင့် နယ်မြို့များတွင်လည်း ယနေ့မှစတင်ကာ ဈေးနှုန်းများ လိုက်လံကျဆင်းလာပြီဖြစ်ကြောင်း မန္တလေးမြို့ရှိ စက်သုံးဆီအရောင်းဆိုင် ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

"ဝယ်ယူဈေးကျဆင်းတဲ့အတွက် အောက်တိန်းဈေးကို လျှော့ချပေးတာဖြစ်ပါတယ်။ ဒီကလျှော့ချလိုက်တဲ့အတွက် အခြားဆိုင်တွေလည်း ဒီရက်ပိုင်းမှာ လိုက်လျှော့ရောင်းချင်ရောင်းနိုင်ပါတယ်။ ကမ္ဘာ့ဈေးပေါ်မူတည်ပြီး ဈေးကိုညှိနှိုင်းပေးတဲ့သဘောဖြစ်ပါတယ်။ ဝယ်လိုအားကတော့ ပုံမှန်ရောင်းချ နေကျအတိုင်းပါပဲ"ဟု တာမွေမြို့နယ်ရှိ မြတ်မေတ္တာမွန်စက်သုံးဆီအရောင်းဆိုင် တာဝန်ခံက ပြောကြားသည်။

ယခင်က ရန်ကုန်မြို့မော်တော်ကားအများစုမှာ ဈေးနှုန်းသက်သာသည့် အောက်တိန်း ၉၂ ကို အများဆုံး အသုံးပြုကြပြီး ယင်းဆီမှာ အရည်အသွေး အားနည်းချက်များရှိနေသည်ကိုလည်း ဝေဖန်မှုများကြုံနေရသည်။

"လက်ရှိစင်ကာပူမှာ သုံးနေတဲ့ ဓာတ်ဆီလောက်အရည်အသွေးပြည့်မီတာကို သွင်းနိုင်ဖို့ ဝန်ကြီးဌာနကို တင်ပြထားပါတယ်။ အောက်တိန်း ၉၂ က အရည်အသွေးအားနည်းတာတွေ့ရတယ်။ မော်တော်ကားတွေ မကြာခဏ ပြဿနာဖြစ်တယ်။ အဲဒါကြောင့် သူကဈေးနှုန်းချတဲ့အခါ ပထမဆုံးဈေးလျှော့ရောင်းနိုင်တဲ့ ဆီအမျိုးအစားဖြစ်တယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

စက်သုံးဆီ တင်သွင်းသည့် လုပ်ငန်းရှင်အချို့ကမူ ဈေးနှုန်းလျှော့ချရောင်းနိုင်ခြင်းမှာ အရည်အသွေးမြင့် ဓာတ်ဆီအမျိုးအစား တင်သွင်းနိုင်ရန် ဖြစ်နိုင်ကြောင်း မှတ်ချက်ပြုသော်လည်း လက်ရှိတွင် ဈေးနှုန်း ငွေကျပ် ၁၀၀ ဝန်းကျင် ကျဆင်းလာမှုကြောင့် စက်သုံးဆီသုံးစွဲသူများကမူ ဒီဇယ်၊ အောက်တိန်း ၉၅ နှင့်ပရီမီယံ ဈေးနှုန်းများပါ ကျဆင်းလာရန် မျှော်လင့်နေကြကြောင်း သိရသည်။

"ကမ္ဘာ့ရေနံဈေး ကျဆင်းလာတာကနေ ဆက်စပ်ပြီး သဘာဝဓာတ်ငွေ့ဈေးနှုန်းတွေလည်း ကျဆင်းနေတာ တွေ့ရမှာပါ။ မြန်မာနိုင်ငံက စွမ်းအင်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေ အဓိက မှီခိုနေရတဲ့ နိုင်ငံဖြစ်တာကြောင့် ဓာတ်ဆီဈေး ငွေကျပ် ၁၀၀ ကျတာထက် ပိုပြီး မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတယ်။ နိုင်ငံကို ပိုပြီးကောင်းမွန်အောင် တည်ဆောက်နေချိန်မှာ ဝင်ငွေလျော့ကျတာကလည်း အများကြီး ထိခိုက်ဆုံးရှုံးမှုဖြစ်လာနိုင်ပါတယ်။ ပြည်သူတွေအတွက် အမှန်တကယ် အရည်အသွေးပြည့်မီတဲ့ စက်သုံးဆီတွေတင်သွင်းဖို့ကလည်း လိုအပ်ပါတယ်။ ဈေးသက်သာသော်လည်း အရည်အသွေး နိမ့်နေမယ်ဆိုရင်တော့ မဖြစ်သင့်ဘူးပေါ့။ မော်တော်ကားတွေလည်း အများကြီး တင်သွင်းခွင့်ပြုထားသလို မော်တော်ယာဉ်နဲ့ ဆက်စပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ စက်သုံးဆီတွေ၊ အပိုပစ္စည်းတွေနဲ့ နည်းပညာတွေကို အမှန်တကယ် ဈေးနှုန်းသက်သက်သာသာနဲ့ ပြည်တွင်းမှာ ထုတ်လုပ်တာဖြစ်ဖြစ်၊ တင်သွင်းတာဖြစ်ဖြစ် လုပ်ဆောင်ချက်တွေကို မြှင့်တင်ဖို့ လိုအပ်နေပါသေးတယ်"ဟု ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဖြေကြားသည်။

ဈေးကွက်သုတေသနလုပ်ဆောင်သူ Dr. Business Clinic မှ ဒေါက်တာဖီးလစ်ချားလ်ကမူ မြန်မာနိုင်ငံအတွင်း စက်သုံးဆီဈေးနှုန်းများ အနည်းငယ် အပြောင်းအလဲသာ ဖြစ်ခြင်းမှာ အလွန်ကောင်းမွန်သည့် အလားအလာဖြစ်ကြောင်း၊ ယခုထက် ပိုမိုကျဆင်းသွားပါက စက်သုံးဆီတင်သွင်းသူများ အထိနာနိုင်ကြောင်း၊ ဈေးနှုန်းကျဆင်းမှုကိုကာမိရန် အရည်အသွေးမပြည့်မီသည့် ဆီများအား တင်သွင်းလာပါက နောက်ဆက်တွဲ ပျက်စီးထိခိုက်မှု ရှိနိုင်ကြောင်း သုံးသပ်သည်။

"ကျွန်တော်တို့ ဆီမှာတော့ နေ့စဉ်နဲ့အမျှ ဈေးနှုန်းက အနည်းငယ် အပြောင်းအလဲရှိနေတာပါ။ ဇန်နဝါရီ ၁၅ ရက်က စပြီး ဈေးကို လျှော့ချခဲ့တယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အခြေအနေပါပဲ။ အောက်တိန်း ၉၂ ကို အကြမ်းသုံးသမားတွေအများဆုံးသုံးပြီး အိမ်စီးကားအများစုကတော့ ဆီသန့်တဲ့ အောက်တိန်း ၉၅ ကို သုံးကြတယ်။ ဈေးတွေ ဆက်တိုက်ကျနေတာ အခုအချိန်မှာတော့ တစ်လီတာကို ယခင် ငွေကျပ် ၇၀၀ ရောင်းနေရာကနေ ငွေကျပ် ၅၉၀ နဲ့ဈေးချလိုက်တယ်။ အချို့ဆိုင်တွေကတော့ ဒီနေ့အထိ ၆၀၀ အထက်မှာ ရောင်းနေသေးတယ်"ဟု မက်စ်စက်သုံးဆီ အရောင်းဆိုင် တာဝန်ခံတစ်ဦးက ပြောသည်။ (မြန်မာ့အလင်း)

ပါမောက္ခဒေါက်တာအောင်ထွန်းသက် ရေးသည့် ကျွန်တော်နဲ့ ----စာအုပ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

"အသိပညာကို အခြေပြုသည့် လူ့အဖွဲ့အစည်း မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာဖို့ လူတိုင်းမှာတာဝန်ရှိပါတယ်"ဟု ပါမောက္ခဒေါက်တာအောင်ထွန်းသက်က သူ့ရဲ့ "ကျွန်တော်နဲ့------" အမည်ရှိသည့် ဆောင်းပါးများစုစည်းမှုအတွဲ(၂) စာအုပ် အမှာစာတွင် ရေးသားထားသည်။ မြန်မာ့အလင်းသတင်းစာတွင် အပတ်စဉ် သူရေးသားခဲ့သော ဆောင်းပါး ၃၄ ပုဒ်ကို စုစည်းထုတ်ဝေလိုက်သည့် ယခုစာအုပ်တွင် သူဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံ၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အယူအဆများကို ရေးသားထားခြင်းဖြစ်ပြီး စာဖတ်သူများကိုလည်း အတွေး၊ အမြင်များပေးစွမ်းထားသည့် စာအုပ်ဖြစ်သည်။ မြန်မာ့အလင်းပုံနှိပ်တိုက်က ထုတ်ဝေပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် စတင်ဖြန့်ချိလိုက်ခြင်းဖြစ်သည်။ (မြန်မာ့အလင်း)

တောင်ငူတွင် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးရာမှ လက်နက်ပုန်းများတွေ့ရှိ

တောင်ငူ ဇန်နဝါရီ ၁၆

တောင်ငူတွင် မှုခင်းကြီးများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်း၏ ညွှန်ကြားချက်အရ ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီက တောင်ငူမြို့ (၈) ရပ်ကွက် မင်းကြီးညိုရုပ်တုအနီး ဗိုလ်မှူးဖိုးကွန်းလမ်းတွင် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေ ဦးဆောင်သောအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်တောင်ငူမြို့(၁၉) ရပ်ကွက် ဆေးရုံထောင့်မီးပွိုင့်အနီး ကန်လမ်းတွင် တောင်ငူမြို့နယ် ဒုတိယမြို့နယ်မှူး ဒုရဲမှူးစောသန်းလွင် ခေါင်းဆောင်သောအဖွဲ့တို့သည် မော်တော်ဆိုင်ကယ်များကို ရှောင်တခင်ပိတ်ဆို့စစ်ဆေးရာမှ လက်နက်ပုန်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ရှောင်တခင် ပိတ်ဆို့စစ်ဆေးမှု ပြုလုပ်ရာတွင် ပြည်သူများအသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည့် ဓားဦးချွန်အရိုးအသွား ရှစ်လက်မ တစ်ချောင်း၊ ကိုးလက်မတစ်ချောင်း၊ ၁၀ လက်မ နှစ်ချောင်း၊ ၁၁ လက်မ တစ်ချောင်း တို့ကိုကိုင်ဆောင်သူ ငါးဦးအား တွေ့ရှိခဲ့ပြီး အရေးယူဆောင်ရွက်ထား ကြောင်း သိရသည်။ (၁၂၃)

ကျိုက္ကလော့ဘုရားပွဲဈေး၌ စကားများရာမှ ဓားဖြင့်ထိုးသတ်မှု အရေးယူဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်နေ ဒေါ်ရင်မေသည် ဇန်နဝါရီ ၁၆ ရက် နံနက် ၂ နာရီက နေအိမ်၌ရှိနေစဉ် သားဖြစ်သူ ကိုနိုင်ဖြိုး(ခ) နိုင်အောင်ဖြိုး (၂၃ နှစ်)မှာ ဓားထိုးခံရ၍ အင်းစိန်ဆေးရုံသို့ ရောက်ရှိစဉ် သေဆုံးသွားကြောင်း ကြားသိရသဖြင့် သွားရောက်ကြည့်ရှုပြီး စုံစမ်းရာ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ဘုရားပွဲဈေးရှိ လက်ဖက်ရည်ဆိုင်တွင် သားဖြစ်သူနှင့် တစ်ရပ်ကွက်တည်းနေ ကိုသက်(ခ)ကျော်သက်(၂၀ နှစ်)တို့မှာ စကားများရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ကိုသက်(ခ)ကျော်သက်က အသင့်ပါလာသော စတီးလ်ဓားဖြင့် ထိုးခဲ့၍ သားဖြစ်သူမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်ကို သိရကြောင်းနှင့် ယင်းကဲ့သို့ ကျူးလွန်သူ ကိုသက်(ခ)ကျော်သက်ကို အရေးယူပေးရန် တိုင်တန်းလာခဲ့ခြင်းဖြစ်သည်။

တိုင်တန်းချက်အရ ကိုသက်(ခ)ကျော်သက်ကို မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အိမ်နှင့်ခြံရောင်းမည်

ပေ(၂၀×၂၀၀)၊ ဘိုးဘပိုင်
အောင်ဆန်းဈေးအနီး
တစ်လဝင်ငွေကျပ် ငါးသိန်းခန့် ဘော်ဒါဆောင်ရှိသည်
ရောင်းဈေး- ကျပ်သိန်း ၁၅၀၀ (ညှိနှိုင်း)
ဖုန်း-၀၁-၇၀၇၁၅၁၊ ၀၉-၇၃၁၇၈၇၇၅

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ လုပ်သားလမ်း၊မြေကွက်အမှတ်(၆၁၈)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်ဇော် ၁၂/ဥကတ(နိုင်)၁၄၆၄၅၆ ထံမှ ကျွန်မ ဒေါ်မိုးမိုးအောင်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးအောင် ၁၂/ဒဂန(နိုင်)၀၀၃၈၇၄
ဖုန်း-၀၉-၂၅၄၄၈၉၃၆၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်၊ သီဟိုဠ်လမ်း မောင်ဇော်မိုး ၉/ခမန(နိုင်)၀၇၉၈၅၂ အမည်ပေါက် မြေကွက်အမှတ် ၁၆၂၊ ဧရိယာ (၄၀'×၆၀')နှင့် မယဉ်ယဉ်အောင် ၁၂/ရပသ(နိုင်)၀၈၁၆၈၁ အမည်ပေါက် မြေကွက်အမှတ် ၁၆၃၊ ဧရိယာ (၄၀'×၆၀')တို့ကို စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားသော ကိုဝင်းနိုင်ဦး ၁၂/ဒဂတ(နိုင်)၀၃၉၀၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးချမ်းမြေ့ထွန်း ၅/ဝလန(နိုင်)၀၀၀၂၈၈ က ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ၄င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ညိုညိုဝင်းစိန်
LL.B, D.B.L, D.I.L, D.M.L
အထက်တန်းရှေ့နေ
(စဉ်-၂၉၃၆၂)
အခန်း ၁၀၄၊ A-Block၊ တိုက်အမှတ် ၁၂၊ ၁၅ လမ်း၊ ယုဇနဥယျာဉ်မြို့တော်
ဖုန်း-၀၉-၄၂၁၀၅၀၇၄၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ပါအတိုင်း နိုင်ငံခြားငွေ/ပြည်တွင်း(ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) Woodfree Paper 30"Reel(100gsm To 105 gsm) 1000MT
(၁) အဖြူ
(၂) အဝါဖျော့
(၃) လုံခြုံရေးအမှတ်အသားပါစက္ကူ
(၄) UV စက္ကူ

(ခ) Woodfree Paper 30"Reel(80 gsm) 1000MT
(၁) အဖြူ
(၂) အဝါဖျော့
(၃) လုံခြုံရေးအမှတ်အသားပါစက္ကူ
(၄) UV စက္ကူ

၂။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁-၂၀၁၅ရက်မှ ၂-၂-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၂-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တပ်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ် (၅၈/ဘီ)တွင် တည်ရှိသောအပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ) ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED)၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၁၉၄/၂၀၁၃-၂၀၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားမှာ အပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ)ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED) ၏ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ၉-၁၂-၂၀၁၄ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၁၉၅၆၁/၂၀၁၄ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့် ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတွင်ပါရှိသော လုပ်ငန်းများဖြစ်သည့် ပြည်တွင်း၊ ပြည်ပအခြေခံနှင့် အဆင့်မြင့်ပညာရေးဝန်ဆောင်မှုများ ဆောင်ရွက်ရန်နှင့် စာသင်ကျောင်းများဖွင့်လှစ်သင်ကြားခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဘာသာရပ်ဆိုင်ရာစာသင်ကျောင်းများ၊ စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းကြို/ပို့ယာဉ်များ၊ ကြော်ငြာဆိုင်းဘုတ်၊ ရုံးသုံးစာရွက်များ၊ လက်ကမ်းစာစောင်၊ ရုပ်မြင်သံကြားကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ သတင်းစာနှင့်ဂျာနယ်များ၊ ကြော်ငြာ၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာ ဖြတ်ပိုင်းများနှင့် အခြားလုပ်ငန်းနှင့်ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်းများစသည်တို့တွင် အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ် အမည်အမှတ်အသားကိုပုံနှိပ်၍ ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနှံ့အပြားတွင် ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကိုတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် မသမာသောနည်းဖြင့် လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ရန်တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ဦး LL.B (စဉ်-၂၁၃၉၉) ဒေါ်လေးမြိုင် LL.B, D.B.L (စဉ်-၃၀၇၈၀)
အထက်တန်းရှေ့နေများ
အမှတ် ၂၆၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၉၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၃၊ ၀၉-၄၂၀၁၇၆၁၃၄

ကတ္တရာပုံးများတင်ဆောင်လာသည့် ၂၄ ဘီးယာဉ် မီးလောင်

လားရှိုး ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စုအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကတ္တရာပုံးများတင်ဆောင်လာသော ၂၄ ဘီး ယာဉ်တစ်စီး မီးလောင်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေး တိမ်းရှောင်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီခန့်က လားရှိုးမြို့နယ် ပုန်းထွန် ကျေးရွာအုပ်စုအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၅၆/၄)နှင့်(၁၅၆/၅) ကြားတွင် မန္တလေးဘက်မှလားရှိုးဘက်သို့ ယာဉ်မောင်းသန်းဇော်မောင်းနှင်လာသည့် ဖူဆိုတွဲကား ၂၄ ဘီးယာဉ်အမှတ် ၇ယ/----- ယာဉ်မှာ ကတ္တရာပီပါ ၁၈၁ လုံး တင်ဆောင် မောင်းနှင်လာစဉ် ယာဉ်စက်အင်ဂျင်ပိုင်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကို လားရှိုးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဦး ဦးစီးသော မီးသတ်ယာဉ်လေးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ယာဉ်၏ဦးခေါင်းပိုင်းတစ်ခုလုံး မီးလောင်ကျွမ်းပျက်စီးခဲ့သော်လည်း ယာဉ်ပေါ်ပါကတ္တရာပုံးများ မီးလောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

ယာဉ်မောင်း သန်းဇော်ကို နောင်မွန်နယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးနွယ်

အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် စစ်တမ်းကောက်ယူရေးသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉နာရီက အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များအခြေအနေ စစ်တမ်းကောက်ယူရေး သင်တန်းကို ဇန်နဝါရီ ၁၇ ရက်အထိ သတ်မှတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ ဥက္ကဋ္ဌနေပြည်တော်ကောင်စီဝင် ဦးစောလှက စစ်တမ်းကောက်ယူရခြင်း ရည်ရွယ်ချက်ဖြစ်သော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှုအတွက် ကုန်ကျစရိတ်များကို လေ့လာနိုင်ရန်နှင့်ရရှိလာသည့် ကုန်ကျစရိတ်အပေါ် အခြေပြု၍ လုပ်သားထုအတွက် သင့်တင့်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင် အထောက်အကူပြုရန် စစ်တမ်းကောက်ယူရာတွင် စာရင်းကောက်အဖွဲ့များ အနေနှင့် တက်တက်ကြွကြွ ပါဝင်ကူညီဆောင်ရွက်ရေး ပြောကြားကာ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က အနည်းဆုံးအခကြေးငွေဥပဒေနှင့် စာရင်းကောက်ယူမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

မော်လမြိုင်-ရန်ကုန်အမြန်ရထားပေါ်၌ တရားမဝင်ကုန်ပစ္စည်းမျိုးစုံဖမ်းဆီး

ရန်ကုန် ဇန်နဝါရီ ၁၆

မြဝတီမှ ရန်ကုန်၊ မော်လမြိုင်မှ ရန်ကုန်သို့ ဝင်ရောက်လာသော အမြန်ရထားတွင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများနှင့် ကန့်သတ်ပစ္စည်းများတင်ဆောင်လာသည်ဟု သတင်းအရ မော်လမြိုင်-ရန်ကုန် အမြန်ရထားအား တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ကွပ်ကဲမှုရုံး၊ ကွပ်ကဲမှုတာဝန်ခံဦးစီးလှုပ်ရှားအဖွဲ့နှင့် မြန်မာ့မီးရထားအဖွဲ့တို့ ပူးပေါင်းစောင့်ဆိုင်းခဲ့ရာ ဇန်နဝါရီ ၁၄ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ဆိုက်ရောက်ချိန်တွင် အဖွဲ့စုံဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် ရထားဂတ်ဗိုလ်တွဲတွင် တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့ရပြီး ကုန်ပစ္စည်းများမှာ အိန္ဒိယနိုင်ငံထုတ် Jag Mag (Tobacco) ဆေးရွက်ကြီးပေါင်းကွမ်းစားဆေး ပါကင်ထုပ် ၃၀ (တစ်ထုပ်လျှင် ၁၀ဘူးပါ) အလေးချိန် Pkg-၁၀၀၊ ထိုင်းနိုင်ငံထုတ် အချိုမှုန့် တစ်ထုပ်လျှင် ၄၅ ကီလိုဂရမ်ပါ ၁၈၅ ထုပ်၊ အလေးချိန်ပါကင် ၁၈၅ ကီလိုဂရမ်၊ အဝတ်အထည်ဟောင်း ၁၀၀ ကီလိုဂရမ် ၅၄ ထုပ်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈ သိန်းကျော်ကို ဖမ်းဆီးနိုင်ခဲ့သည်။

အကောက်ခွန် အမှုတွဲဖွင့်ရန် ကျန်ရှိသည့် ဖမ်းဆီးရမိကုန်ပစ္စည်းများမှာ Lactogen (လက်တိုဂျင်) နို့မှုန့် ၆၅၀ ကီလိုဂရမ်ပါဘူး ၁၂၀၊ LCD TV မျိုးစုံ ၂၃၈ လုံး၊ ပလတ်စတစ်ဖျာ ၃၁၈ ချပ်၊ မိန်းမစီး ဖိနပ် ၁၁၃၄ ရန်၊ ကော်ဖီမစ် (Master Cup) ၁၄၉ ထုပ်၊ Non-Dairy Creamer Coffee ၁၀၀ ဂရမ်ပါ ၁၃၂ ထုပ်တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

မုက္ကဒီကျေးရွာအလယ်ပိုင်းတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ဘားအံ ဇန်နဝါရီ ၁၆

ဘားအံမြို့နယ် မုက္ကဒီကျေးရွာ ရွာလယ်ပိုင်းတွင် မူးယစ်ဆေးဝါးသတင်းအရ ဘားအံအမှတ်(၃၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုတိယရဲအုပ်စိုးနိုင်နှင့်တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးရာ မုက္ကဒီကျေးရွာနေ စောအာကာဖြိုးကိုကို(ခ)အဲကျော်ကျော်(၂၃ နှစ်)၏နေအိမ်တွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ အလေးချိန် ၁၉ ဂရမ် ခန့်တန်ဖိုးငွေကျပ် ၄၂၅၀၀၀ ကိုဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်မေးရာ ဇန်နဝါရီ ၁၁ ရက်က ကံ့ပိုက်ကျေးရွာနေ အသန်း(၃၅ နှစ်)ထံမှတစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဝယ်ယူခဲ့သောဆေးပြားများဖြစ်ကြောင်းသိရသဖြင့် ဘားအံမြို့မ ရဲစခန်းက အဲကျော်ကျော်နှင့်အသန်းတို့ကို အရေးယူဆောင်ရွက်လျက်ရှိ သည်။

မောင်လွင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များသို့

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(၂၀၁၅)ခုနှစ်အတွက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ရန်ရွေးကောက်ပွဲများကို ၂၂-၁-၂၀၁၅ရက်မှ ၂၄-၁-၂၀၁၅ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ယင်းရက်များတွင် ရုပ်ရှင်ရိုက်ကူးခြင်းမပြုလုပ်ကြပါရန်နှင့် ကိုယ်အလွှာအလိုက်အင်တိုက်အားတိုက်လာရောက် မဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ မြောက်ဥက္ကလာပမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ရုံးပတ်လည်ခြံစည်းရိုးကာရံခြင်း၊ ရုံးအမိုး မျက်နှာကြက်များ ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁-၂၀၁၅ ရက်၊ သောကြာနေ့ နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အမှတ် ၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၀-၁-၂၀၁၅ ရက်၊ သောကြာနေ့ ၁၁း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးတွင် ၂-၁-၂၀၁၅ ရက်(သောကြာနေ့)မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပရိဘောဂယာဉ်များဖြင့် အစားထိုးပြေးဆွဲ၍ ကော့ကရိတ်ခရီးသည်များ ယာဉ်စီးခသက်သာ

ကော့ကရိတ် ဇန်နဝါရီ ၁၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့မှတစ်ဆင့် ထိုင်း-မြန်မာ နယ်စပ်မြဝတီမြို့သို့ ပြေးဆွဲနေသည့် ဟိုင်းလပ်ယာဉ်များမှာ ယခုအခါ နည်းပါးလာပြီး ပရိဘောဂစ်ယာဉ်များ အစားထိုး ပြေးဆွဲလာခြင်းကြောင့် ခရီးသည်များ ယာဉ်စီးခ သက်သာမှုများရှိလာကြောင်း ဒေသခံများက ပြောသည်။

ခရီးသည်တစ်ဦးက "ကော့ကရိတ်ကနေ မြဝတီကို အရင်တုန်းက ဟိုင်းလပ်ယာဉ်တွေ အတော်များများ ပြေးဆွဲခဲ့ပါတယ်။ ယာဉ်စီးခတစ်ဦးကို ငွေကျပ် ၅၀၀၀ (သို့) ကျပ် ၆၀၀၀ တောင်းပါတယ်။ အခုဆိုရင် ပရိဘောဂစ်ယာဉ်တွေနဲ့ ပြေးဆွဲနေတာဆိုတော့ ယာဉ်စီးခက တစ်ဦးကို ငွေကျပ် ၃၀၀၀ (သို့) ၄၀၀၀ပဲ ပေးရပါတယ်။ ကျွန်တော် မြဝတီကိုသွားတုန်းက ခေါင်းခန်းမှာ ထိုင်စီးတာ ယာဉ်စီးခ ငွေကျပ် ၄၀၀၀ ပဲ တောင်းပါတယ်။ သက်သောင့်သက်သာ လိုက်ရပါတယ်။ နောက်ခန်းကစီးရင်တော့ ငွေကျပ် ၃၀၀၀ ပါပဲ။ အခုကျတော့ ယာဉ်မောင်းတွေက ဒီလမ်းကြောမှာ ပရိဘောဂစ်ယာဉ်တွေကိုပဲ ရွေးချယ်ဝယ်ယူကြပါတယ်။ ပရိဘောဂ်ယာဉ်ကလည်း ဟိုင်းလပ်ယာဉ်လိုပဲ အမိုးပေါ်မှာလည်း ကုန်ပစ္စည်းများတင်နိုင်တဲ့ ဝန်အားရှိပါတယ်။ လက်ရှိ ပရိဘောဂစ်ယာဉ်တွေအလွန်များလာတော့ ယာဉ်စီးခက ဈေးနှုန်းချိုသာသွားတာပါ"ဟု ပြောသည်။

လက်ရှိ ကော့ကရိတ်မြို့မှတစ်ဆင့် ထိုင်း-မြန်မာနယ်စပ်မြဝတီမြို့သို့ ပရိဘောဂစ်ယာဉ်များ အများအပြား ပြေးဆွဲပေးလျက်ရှိကြောင်း သိရပြီး ပြီးခဲ့သည့်နှစ်မှစတင်ကာ ကော့ကရိတ်မြို့နယ်အတွင်း ယာဉ်ပိုင်ရှင်များအပါအဝင် ယာဉ်မောင်းများက ပရိဘောဂစ်ယာဉ်များကို သိသိသာသာ ရွေးချယ်ဝယ်ယူလာကြခြင်းဖြစ်ကြောင်း ဒေသခံများထံမှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

ဖြူးချောင်းအတွင်း သဲစုပ်တင်ရာမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

ဖြူး ဇန်နဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အရှေ့ဇီးတောကျေးရွာအနီး ဖြူးချောင်းတံတားအရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် ဖြူးချောင်းအတွင်း သဲစုပ်တင်ရာမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိရကြောင်း သိရသည်။

တွေ့ရှိပုံမှာ ဇော်မျိုးအောင်(၄၄နှစ်)သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက ဖြူးချောင်းအတွင်းမှ သဲများကိုသဲစုပ်စက်ဖြင့် စုပ်တင်နေရာမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိကြောင်း သတင်းပေးပို့ရာ ဖြူးမြို့မရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးကြသည်။

ယင်းဗုံးသီးဟောင်းမှာ အရှည် ၁၅ လက်မခွဲ လုံးပတ် ၈ လက်မခွဲ အလေးချိန် တစ်ပိဿာခွဲခန့်ရှိကြောင်း သိရသည်။ အဆိုပါဗုံးသီးဟောင်းအား သက်ဆိုင်ရာနယ်မြေခံတပ်ရင်းမှ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

အိန္ဒကျေးရွာအုပ်စု ပအိုဝ်းအောက်ကျေးရွာ မီးလောင်မှုဖြစ်ပွား

ဘားအံ ဇန်နဝါရီ ၁၆

ဘားအံမြို့နယ် အိန္ဒကျေးရွာအုပ်စု ပအိုဝ်းအောက်ကျေးရွာတွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၂ နာရီ ၁၀ မိနစ်က ဒေါ်သောင်းကြည်(၆၀ နှစ်)နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေအိမ်ဘုရားစင်တွင်ဖယောင်းတိုင်မီးပူဇော်၍ ပအိုဝ်းအောက်ဘုန်းကြီးကျောင်းတွင် ဗီဒီယိုသွားကြည့်ရာ ဘုရားမီးပူဇော်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပတ်ဝန်းကျင်လူထုမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်စောင့်ထားခဲ့သော သားဖြစ်သူ မောင်ညိုချော(၂၇ နှစ်)မှာ မီးလောင်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်ပြီး အိန္ဒနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၇၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၈၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၇၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၅၉၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၇၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၇၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၅၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၃၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၉၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၈၀၀- ၉၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၅၀-၁၀၅၆
ဥရောပ	တစ်ယူရို	၁၂၇၀-၁၂၇၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၅
ထိုင်း	တစ်ဘတ်	၃၁-၃၁.၁
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၈
တရုတ်	တစ်ယွမ်	၁၆၇-၁၆၉
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၂၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၀၀၀-၃၀၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၈၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၅၀-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၂၀၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၅၀-၁၅၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၅၃၀-၆၉၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၆၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/တင်ပြသည်။

လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ် (၅၈/ဘီ)၊ တွင် တည်ရှိသောအပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ) ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED)၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၁၉၄/၂၀၁၃-၂၀၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားမှာ အပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ)ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED) ၏ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံ တင်ရုံးတော်၌ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ၉-၁၂-၂၀၁၄ ရက်တွင် မှတ်ပုံတင်စာချုပ် အမှတ် ၁၉၅၆၃/၂၀၁၄ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့် ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတွင်ပါရှိသောလုပ်ငန်းများဖြစ်သည့် ပြည်တွင်း၊ ပြည်ပအခြေခံနှင့် အဆင့်မြင့်ပညာရေးဝန်ဆောင်မှုများဆောင်ရွက်ရန်နှင့် စာသင်ကျောင်းများဖွင့်လှစ်သင်ကြားခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဘာသာရပ်ဆိုင်ရာစာသင်ကျောင်းများ၊ စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းကြို/ပို့ယာဉ်များ၊ ကြော်ငြာဆိုင်းဘုတ်၊ ရုံးသုံးစာရွက်များ၊ လက်ကမ်းစာစောင်၊ ရုပ်မြင်သံကြား ကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ သတင်းစာနှင့်ဂျာနယ်များ၊ ကြော်ငြာ၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာ ဖြတ်ပိုင်းများနှင့် အခြားလုပ်ငန်းနှင့်ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်းများစသည်တို့တွင် အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကိုပုံနှိပ်၍ ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနှံ့အပြားတွင်ဖြန့်ချိ သုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် မသမာသောနည်းဖြင့် လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ရန်တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ဦး LL.B (စဉ်-၂၁၃၉၉)
ဒေါ်လေးမြိုင် LL.B, D.B.L (စဉ်-၃၀၇၈၀)

အထက်တန်းရှေ့နေများ
အမှတ် ၂၆၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၉၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၃၊ ၀၉-၄၂၀၁၇၆၁၃၄

လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊အင်းလျားလမ်း၊ အမှတ် (၅၈/ဘီ)၊ တွင် တည်ရှိသောအပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ) ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED)၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၁၉၄/၂၀၁၃-၂၀၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အထက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားမှာအပြည်ပြည်ဆိုင်ရာ ဘာသာစကားနှင့် စီးပွားရေးဗဟိုဌာန (အိုင်အယ်လ်ဘီစီ)ကုမ္ပဏီလီမိတက် (INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) COMPANY LIMITED) ၏ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို ၉-၁၂-၂၀၁၄ ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် ၁၉၅၆၃/၂၀၁၄ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့် ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတွင်ပါရှိသောလုပ်ငန်းများဖြစ်သည့် ပြည်တွင်း၊ ပြည်ပအခြေခံနှင့် အဆင့်မြင့် ပညာရေးဝန်ဆောင်မှုများဆောင်ရွက်ရန်နှင့် စာသင်ကျောင်းများဖွင့်လှစ်သင်ကြားခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဘာသာရပ်ဆိုင်ရာစာသင်ကျောင်းများ၊ စာအုပ်နှင့် စာရေးကိရိယာမျိုးစုံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းကြို/ပို့ယာဉ်များ၊ ကြော်ငြာဆိုင်းဘုတ်၊ ရုံးသုံးစာရွက်များ၊ လက်ကမ်းစာစောင်၊ ရုပ်မြင်သံကြား ကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ သတင်းစာနှင့်ဂျာနယ်များ၊ ကြော်ငြာ၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာ ဖြတ်ပိုင်းများနှင့် အခြားလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်းများစသည်တို့တွင် အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကိုပုံနှိပ်၍ ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနှံ့အပြားတွင် ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် မသမာသောနည်းဖြင့် လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ရန်တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ဦး LL.B (စဉ်-၂၁၃၉၉) ဒေါ်လေးမြိုင် LL.B, D.B.L (စဉ်-၃၀၇၈၀)

အထက်တန်းရှေ့နေများ
အမှတ် ၂၆၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၉၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၃၊ ၀၉-၄၂၀၁၇၆၁၃၄

ပျောက်ဆုံးကြောင်း

ကျွန်မ မသီရိအောင် ၁၃/တကန(နိုင်)၂၀၃၀၅၄ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၁၄၆၅၅၀၆

မွေးသက္ကရာဇ်နှင့်မိခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၉)နေ မဇင်မာမျိုး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခုံအမှတ် (၇၇-၂၂၃၉)၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၈-၁၉၉၇ ဖြစ်ပြီး မိခင်အမည်မှန်မှာ မဝင်းမင်းသက် ဖြစ်ပါကြောင်း။

SIM CARD ဝယ်ယူမည့်ဈေးနှုန်းများ

49** - 150000
73** - 80000
50** - 160000
47** - 180000
ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၀၉၂၆၆၆

ဖခင်အမည်မှန်

သနပ်ပင်မြို့နယ်၊ မင်းရွာ အထက၊ အဋ္ဌမတန်း(C)မှ မမြတ်ဖူးငုံ၏ ဖခင် ဦးမင်းဇော် အမည်မှန်မှာ ဦးမင်းစိုးလွင် ဖြစ်ပါသည်။





ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပျောက်ဆုံး

ကျွန်တော်မင်းကြိုင် CDC No. 13036 ၏ EDH လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၁၈၇၈၀၆

အာရှဖလားနှင့် ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အာရှဖလား အုပ်စု(က) — ဇန်နဝါရီ ၁၇

ဩစတြေးလျ	-	တောင်ကိုရီးယား	နေ့လည် ၁း၃၀
အိုမန်	-	ကူဝိတ်	ညနေ ၃း၃၀

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၂) — ဇန်နဝါရီ ၁၇

အက်စ်တွန်ဗီလာ	-	လီဗာပူး	ည ၉း၃၀
ဘန်လေ	-	ပဲလေ့စ်	ည ၉း၃၀
လက်စတာ	-	စတုတ်စီးတီး	ည ၉း၃၀
ကျူပီအာ	-	မန်ယူ	ည ၉း၃၀
ဆွမ်ဆီး	-	ချယ်လ်ဆီး	ည ၉း၃၀
စပါး	-	ဆန်းဒါးလန်း	ည ၉း၃၀
နယူးကာဆယ်	-	ဆောက်သမ်တန်	ည ၁၂း၀၀

အီတလီစီးရီးအေ ပွဲစဉ်(၁၉) — ဇန်နဝါရီ ၁၇/၁၈

အမ်ပိုလီ	-	အင်တာမီလန်	ည ၁၁း၃၀
ပါလာမို	-	ရိုးမား	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်(၁၉) — ဇန်နဝါရီ ၁၇/၁၈

ဆိုစီဒက်	-	ဗယ်လက်ကာနို	ည ၉း၃၀
ဗလင်စီယာ	-	အယ်လ်မာရီးယား	ည ၁၁း၃၀
ဗီလာရီးရဲလ်	-	ဘီလ်ဘာအို	နံနက် ၁း၃၀
အက်စ်ပန်ညို	-	ဆယ်လ်တာဗီဂို	နံနက် ၃း၃၀

ပြင်သစ်လီဂူး ပွဲစဉ်(၂၁) — ဇန်နဝါရီ ၁၇/၁၈

လန်းစ်	-	လိုင်ယွန်	ည ၁၀း၃၀
ကိန်း	-	ရိမ်းစ်	နံနက် ၁း၃၀
လော်ရီယန့်	-	လိုင်လီ	နံနက် ၁း၃၀
မတ်ဇ်	-	မောင့်ပယ်လီယာ	နံနက် ၁း၃၀
မိုနာကို	-	နန့်တက်စ်	နံနက် ၁း၃၀
တူးလော့စ်	-	ဘတ်စ်တီယာ	နံနက် ၁း၃၀

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၆) — ဇန်နဝါရီ ၁၇

ဒါဘီကောင်တီ	-	နော်တင်ဟမ်	ညနေ ၆း၄၅
မီဝေါလ်	-	အစ်ဆွစ်	ည ၉း၃၀
လိဒ်ယူနိုက်တက်	-	ဘာမင်ဂမ်	ည ၉း၃၀
နော့ဝှစ်ချ်	-	ကာဒစ်ဖ်	ည ၉း၃၀
ဝုလ်ဗာဟမ်တန်	-	ဘလက်ပူးလ်	ည ၉း၃၀
ရိုသာဟမ်	-	ဘုန်းမောက်	ည ၉း၃၀
ဝက်ဖို့ဒ်	-	ချာလ်တန်	ည ၉း၃၀
ဖူလ်ဟမ်	-	ရီးဒင်း	ည ၉း၃၀
ဝီဂန်	-	ဘလက်ဘန်း	ည ၉း၃၀
မစ်ဒယ်ဘရော့	-	ဟက်ဒါဖီးလ်	ည ၉း၃၀

အာဖရိကနိုင်ငံများဖလား ခြေစစ်ပွဲကစားပြီ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တွေမှာတော့ အာဖရိကနိုင်ငံများဖလား ခြေစစ်ပွဲတွေရှိနေပါတယ်။ ကြံ့ခိုင်ပြီး လျင်မြန်တဲ့ အာဖရိက ဘောလုံးသမားတွေရဲ့ အဝင်အထွက်ရဲရဲနဲ့ကစားမှုတွေ၊ နိုင်လိုစိတ်ပြင်းပြင်းနဲ့ တွန်းတွန်းတိုက်တိုက် ယှဉ်ပြိုင်မှုတွေက ထူးခြားတဲ့ရသကို ပေးစွမ်းမှာဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ အာဖရိကဘောလုံးသမားတွေဟာ မိခင်နိုင်ငံအသင်းအတွက် ဘယ်လိုစွမ်းဆောင်မှုတွေပေးကြမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဂါနာနှင့် ဆီနီဂေါ

ခြေစွမ်းတည်ငြိမ်ပြီး နိုင်ပွဲရအောင် အားထုတ်နိုင်တဲ့ ဂါနာကစားသမားတွေကတော့ ဒီပွဲကိုယုံကြည်မှုအပြည့်နဲ့ ယှဉ်ပြိုင်ပါလိမ့်မယ်။ ဂါနာနဲ့ဆုံတိုင်း ဆီနီဂေါတို့ အသာစီးရခဲ့တာမရှိပါဘူး။ ဒါပေမယ့် ဆီနီဂေါတို့ကလည်း တိုက်စစ်ပိုင်းမှာအားထားရသူတွေရှိနေတာမို့ ဂါနာတို့ လွယ်လွယ်ကူကူ ဖြတ်ကျော်လို့တော့ မရပါဘူး။အကြိုက်က ဂါနာတို့ဖြစ်တယ်။

ဇမ်ဘီယာနှင့် DR ကွန်ဂို

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ဇမ်ဘီယာတို့က အသာစီးရခဲ့တာ များပါတယ်။ ဒါပေမယ့် DR ကွန်ဂိုလာ ကစားသမားတွေက စိတ်ဓာတ်ကောင်းမွန်ပြီးပြိုင်ဘက်ကို အနိုင်ယူလိုစိတ် ပြင်းထန်သူတွေဖြစ်ပါတယ်။ ဇမ်ဘီယာတို့ကတော့ ရလဒ်ကောင်းအောင် ထိန်းကစားပြီး အမှားယွင်းခံမှာ မဟုတ်တဲ့အတွက် ဒီပွဲဟာအကြိတ်အနယ် ယှဉ်ပြိုင်ရမယ့်ပွဲပါပဲ။ ဒီပွဲရလဒ်က သရေကို ဦးတည်သွားနိုင်ပါတယ်။

အယ်လ်ဂျီးရီးယားနှင့်တောင်အာဖရိက

အယ်လ်ဂျီးရီးယားတို့က ခြေစွာတာမှန်ပေမယ့် အသင်းလိုက်နားလည်မှုရှိရှိနဲ့ကစားတတ်တဲ့ တောင်အာဖရိကအသင်းကို ခက်ခဲစွာ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ တောင်အာဖရိကအသင်းဟာ အယ်လ်ဂျီးရီးယားကို အမာခံကစားသမားတွေနဲ့ ပွဲထုတ်ရင် အခြေအနေကောင်းနိုင်ပေမယ့် အယ်လ်ဂျီးရီးယားရဲ့ အိမ်ကွင်းမှာ မျှော်မှန်းချက်အကောင်အထည်ဖော်ဖို့ မလွယ်ပါဘူး။

တူနီးရှားနှင့် ကိတ်ဗာဒီ

ခြေစွမ်းပိုင်း ကောင်းမွန်လာတဲ့ တူနီးရှားအသင်းဟာ အခုပွဲမှာတော့ မျှော်လင့်ချက်ပြည့်အောင် ကြိုးစားပါလိမ့်မယ်။ တူနီးရှားရဲ့ တိုက်စစ်မှူးတွေက တိုးအား၊ လှုပ်အားကောင်းပေမယ့် အဆုံးသတ်ပိုင်းအားနည်းမှုရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် ကိတ်ဗာဒီတို့ နိုင်ပွဲမရခဲ့ပါဘူး။လက်ရှိခြေစွမ်းအရ တူနီးရှားတို့ပဲ ဖြတ်ကျော်သွားမယ့်အခွင့်အရေး ရှိပါတယ်။

ဘာကီနာဖာဆိုနှင့် ဂါဘွန်

နောက်ဆုံးသုံးပွဲ တွေ့ဆုံကစားခဲ့တဲ့မှတ်တမ်းအရတော့ ဘယ်အသင်းမှအသာစီးမရခဲ့ပါဘူး။ ဒါပေမယ့် ဂါဘွန်ရဲ့ခြေစွမ်းပိုင်းကရှေ့၊ လယ်၊ နောက်ဟန်ချက်ညီတာမို့ ဘာကီနာဖာဆိုတို့ ရင်ဆိုင်ဖို့ အခက်အခဲရှိမှာပါ။ အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ကစားတတ်တဲ့ ဘာကီနာဖာဆိုတို့ ဒီပွဲမှာရလဒ်ကောင်းဖို့ သိပ်တော့ မလွယ်ပါဘူး။

အီကွေတိုရီယယ်လ်ဂီနီနှင့် ကွန်ဂို

ဂီနီထက်ယှဉ်ရင်တော့ ကွန်ဂိုတို့က အတွေ့အကြုံရော၊ ရလဒ်ပိုင်းတွေမှာ သာလွန်နေပါတယ်။ ပွဲချိန်ပြည့်ကစားအားမချဘဲ ယှဉ်ပြိုင်တတ်တဲ့ကွန်ဂိုတို့ကြောင့် ဂီနီတို့ကစားကွက်တည်မရ ဖြစ်သွားနိုင်ပါတယ်။ အကြိုက်က ကွန်ဂိုဖြစ်ပါတယ်။

ကိုပါဒယ်ရေး ဘာစီလိုနာကွာတားတက်

စပိန်ကိုပါဒယ်ရေးဖလား ၁၆ သင်း ဒုတိယအကျော့ပြိုင်ပွဲများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကြရာဘာစီလိုနာက အယ်လ်ချီကို လေးဂိုးပြတ်ဖြင့်နိုင်ကာ နှစ်ကျော့ပေါင်းဘာစီလိုနာက ကိုးဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ကာ ကွာတားတွင် အက်သလက်တီကိုနှင့် တွေ့ရမည်ဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းတွင် အဓိကကစားသမားများဖြစ်သည့် ဆွာရက်ဇ်၊ မက်ဆီ၊ နေမာ၊ ဇာဗီနှင့်ဂျရတ်ပီကေးတို့မပါဘဲ ကစားခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုနှစ် ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ၂၁ ဂိုးသွင်းယူထားသည်။ အခြားပွဲအဖြစ် ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကိုတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ လက်ရှိ ချန်ပီယံရီးရဲမက်ဒရစ်သည် ပထမအကျော့တွင် ရှုံးနိမ့်ထား၍ နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဇန်နဝါရီ ၂၁ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒေဘူချီနှင့် အာတီတာ သုံးလစီနားရမည်

အာဆင်နယ်၏ အဓိကကစားသမားနှစ်ဦးဖြစ်သည့် မီးခေးလ်အာတီတာနှင့် ဒေဘူချီတို့သည် ခွဲစိတ်မှုအသီးသီး ပြုလုပ်ပြီးနောက် သုံးလစီအနားယူရမည်ဖြစ်သည်။ အသက် ၃၂ နှစ်ရှိ ကွင်းလယ်ကစားသမား အာတီတာသည် ဝဲဘက်ခြေမျက်စိမှ အရိုးအတက်တစ်ခုကိုဖယ်ရှားလိုက်ရသည်။ နောက်တန်းကစားသမား ဒေဘူချီသည် ခြေမျက်စိ ဒဏ်ရာကြောင့် သုံးလကြာအနားယူခဲ့ပြီး ပြန်လာ၍ မကြာမီ စတုတ်နှင့်ပွဲတွင် ပခုံးဒဏ်ရာရရှိကာ ခွဲစိတ်မှုပြုလုပ်ခဲ့ရသည်။ ဒေဘူချီသည် ပေါင် ၁၂ သန်းဖြင့် နယူးကာဆယ်မှပြောင်းလာပြီး ၁၄ ပွဲသာ ကစားခဲ့ရသေးသည်။ အာတီတာသည် ၂၀၁၁ ခုနှစ်က ပေါင် ၁၀ သန်းဖြင့် အဲဗာတန်မှပြောင်းခဲ့ပြီး ၁၃၆ ပွဲ ပါဝင်ကစားကာ ၁၆ ဂိုးသွင်းယူပေးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

၁။ စစ်တက္ကသိုလ် စတင်ဖွင့်လှစ်သည့်နေ့မှ ယနေ့ကာလအထိ စစ်တက္ကသိုလ်၌ တာဝန်ပညာ စစ်ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှစ်ကျော် အငြိမ်းစား ဆရာကြီး/ ဆရာမကြီး(အရာရှိ/အခြားအဆင့်)များအနေဖြင့်လိုအပ်ချက်ရှိသော ဆရာများ၏ ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာကိစ္စများကိုကူညီဆောင်ရွက်ပေးနိုင်ရန် ငွေ ပဒေသာပင်တစ်ရပ် ထူထောင်ထားရှိပြီး(ချယ်ရီရိပ်ဖောင်ဒေးရှင်း) ကိုဖွဲ့စည်းတည် ထောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အထက်ပါဖွဲ့စည်းတည်ထောင်မည့်(ချယ်ရီရိပ်ဖောင်ဒေးရှင်း)က အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၇)အရအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန်သက်ဆိုင်ရာဌာနသို့လျှောက်ထားတင်ပြသွားပါမည်။ ထိုသို့လျှောက်ထားရာတွင် အသင်းအမည်နှင့် အမှတ်တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုသွားမည်ဖြစ်ပါသည်။

၃။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် အသင်းအမည်၊အမှတ်တံဆိပ် တို့ကို ကန့်ကွက်လိုပါကယခုကြေညာသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ချယ်ရီရိပ်ဖောင်ဒေးရှင်း(Cherry Yeik Foundation)၏အမှတ်တံဆိပ်

Cherry Yeik Foundation Since 2014

ချယ်ရီရိပ် ဖောင်ဒေးရှင်း ၂၀၁၄ ခုနှစ်

[illegible]

ဦးအောင်ကြည် [illegible]

ဦးနိုင်ဝင်းဖောင် [illegible]

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အမှုဆောင်ပြန်လည်ရွေးကောက်တင်မြှောက်ပွဲတွင်
မပျက်မကွက် တက်ရောက်ဆန္ဒပြုရွေးချယ်ရန်
ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နာယကကြီးများနှင့် ရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်၍ အမှတ်(၁၆)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမကြီးတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့်ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များအားလုံး မပျက်မကွက်တက်ရောက်ဆန္ဒပြုရွေးချယ်ပေးနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ရွေးချယ်မည့်အခြေခံအလွှာနှင့်နေ့/ရက်/အချိန်အစီအစဉ်

(၁)	စက်မှုလက်မှုအခြေခံအလွှာ	
(၂)	ဗီဒီယိုအခြေခံအလွှာ	(၂၂-၁-၂၀၁၅ ရက်) ကြာသပတေးနေ့
(၃)	ပြဇာတ်/ရုပ်ရှင်နောက်ခံတေးဂီတအလွှာ	(နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ)
(၄)	ဒါရိုက်တာအခြေခံအလွှာ	
(၅)	ဇာတ်ပို့/ဇာတ်ရံအခြေခံအလွှာ	(၂၃-၁-၂၀၁၅ ရက်) သောကြာနေ့
(၆)	ဇာတ်လမ်း/ဇာတ်ညွှန်းအခြေခံအလွှာ	(နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ)
(၇)	အုပ်ချုပ်/ဖြန့်ချိ/ပြသအခြေခံအလွှာ	
(၈)	အဓိကဇာတ်ဆောင်အခြေခံအလွှာ	(၂၄-၁-၂၀၁၅ရက်) စနေနေ့
(၉)	တည်းဖြတ်/မှတ်တမ်းအခြေခံအလွှာ	(နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ)
(၁၀)	ထုတ်လုပ်သူအခြေခံအလွှာ	(ပြိုင်ဘက်မရှိ၍ မဲပေးရန်မလိုပါ။)

မှတ်ချက်။ ။ ဆန္ဒမဲပေးမည့်သူများ အစည်းအရုံးဝင်ကတ်အသစ်ဖြင့် ကိုယ်တိုင်လာရောက်မဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်

ပျောက်ဆုံးကြောင်း

အရှင်ဝိမလ ၁၀/ရမန(သ)၀၀၃၁၁၅ နိုင်ငံကူးလက်မှတ်၊ ပတ်စ်ပို့မှာ ခရီးသွား ရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၁၄၂၀၀၊ ၀၉-၄၀၁၅၉၈၀၇၂

စာအုပ်စာပေ လူ့မိတ်ဆွေ

ကြော်ငြာ

2015
Happy New Year
Myanmar MOBILE MONEY
anywhere
anytime
anyone
အချိန်တိုင်း .... နေရာတိုင်း... လူတိုင်း ... အတွက် ...
“ မြန်မာနိုင်ငံအတွင်းရှိ မိဘပြည်သူများ မင်္ဂလာရှိသောနှစ်သစ်မှာ
ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း
Myanmar Mobile Money
ဝန်ဆောင်မှုလုပ်ငန်းမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်.....”
Safe
Simple
Swift
အမှတ် ၅၁ / ၈၅၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၃၁၀၀၀၅၂၁၊ ၀၉-၃၁၀၀၀၅၃၀၊ ၀၉-၃၁၀၀၀၅၃၁၊ ၀၉-၃၁၀၀၀၅၃၂
Call Center - 1211,1212 Hot Line : 3636,3939 Website - www.myanmarmobilemoney.com

စတီးလ်စေတီများ တစ်ခေတ်ဆန်းလာ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ချိုကြီး(မြန်မာမှု)

စေတီပုထိုးများတည်ရာ၌ အစဉ်အဆက် ပန်းရန်ပညာ၊ ပန်းတော့ပညာတို့ဖြင့် တည်ဆောက်လာကြရာမှ ယနေ့ စက်မှုပညာ၊ လက်မှုပညာရပ်များတိုးတက်လာသောခေတ်၌ နိုင်ငံခြားမှ တင်သွင်းလာသော စတီးလ် ရွှေရောင်၊ ငွေရောင်ပြားတို့ဖြင့် စတီးလ်စေတီ၊ စတီးလ်ပန်းတည်းပန်းတို့ တီထွင်ပြုလုပ်လာကြသည်။

ထိုသို့စေတီ"ပန်းတည်း"ပညာရပ်ဖြင့် စတီးလ်စေတီ၊ စတီးလ်ပန်းများ "ချိုး" ပြုလုပ်လာကြသည်ကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗားကရာချောက်အနီးရှိ ဘောဂရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမ (ပန်းတည်းတန်းလမ်း) တစ်လျှောက် တွေ့မြင်ရမည်ဖြစ်သည်။

တစ်ခေတ်ဆန်းလာသော စတီးလ်ပန်း၊ စတီးလ်စေတီတော်များပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့ ပန်းတည်းလောက၌ ပုံထုတ်၊ ပန်းထုပညာရပ်တွင် ဆရာကြီးတစ်ဆူဖြစ်သည့် ကွယ်လွန်သူဆရာကြီး ဦးအောင်ဖြိုး၏သားဖြစ်သူ မြန်မာမှုပညာရှင် ဦးလှဝင်းအောင် (အောင်ဘုရားထီးတော်နှင့် မြန်မာမှုအမွေပန်း)လုပ်ငန်းခွင်သို့ သွားရောက်၍ စေ့ငုခဲ့သည်။

မြန်မာမှုပညာရှင် ဦးလှဝင်းအောင်က "အဖေ့ရဲ့အမွေကိုဆက်ခံပြီး လုပ်နေတာပါ။ ဒီစတီးလ်ပန်းတွေပြုလုပ်လာတာ နှစ်ပေါင်းဆယ်နှစ်နီးပါးရှိပါပြီ။ အခုစတီးလ်စေတီတွေ တည်လာတာကတော့ ၂၀၁၀ ပြည့်နှစ် လောက်ကပါပဲ။ ပထမဦးဆုံးစေတီက ကမာရွတ်မြို့နယ် ဆင်မလိုက်အုန်းတောထဲမှာပါ။ ဉာဏ်တော်အမြင့်ခြောက်ပေကစ တီထွင်ခဲ့တာပါ" ဟု ဆိုခဲ့သည်။

ဆက်လက်၍ "အလှူရှင်တွေက ကုန်ကျမှုစရိတ် ထက်ဝက်မကသက်သာတာရယ်၊ အချိန်ပေးရမှုမြန်တာရယ်၊ နောက်ရွှေရောင်နဲ့မခြားရှိတာကြောင့် အားလုံးက သဘောကျနှစ်ခြိုက်လာကြတာပါ။ အဓိကတော့ ရွှေတိဂုံစေတီပုံတော်တူတွေ အပ်ကြပါတယ်"ဟုထပ်လောင်းရှင်းပြခဲ့သည်။

ဆရာကြီး ဦးအောင်ဖြိုး၏ သားတပည့်ဖြစ်သူ ဦးချိုကြီးက "မနှစ်က ဆို ရွှေတိဂုံပုံတော်တူပါပဲ။ ဉာဏ်တော် အမြင့် ၃၈ ပေရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ် မော်လိုက်ကျေးရွာမှာ ကိုးကန့်-မြန်မာချစ်ကြည်ရေး စေတီကြီးတစ်ဆူကိုသွားတည်ပေးခဲ့ရပါတယ်။ နောက်မှော်ဘီ ရွှေညဝါကျောင်းတိုက်၊ သာကေတ မင်းကွန်း မူလကျောင်းတိုက်ထဲမှာ ဉာဏ်တော် ၂၇ ပေ အမြင့်ရှိတဲ့ စတီးလ်စေတီတွေ တည်ခဲ့ရပါတယ်။ စေတီငယ်တွေကတော့ ရခိုင်၊ ရှမ်း၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်နယ်အနှံ့ပါပဲ" ဟု ဖြည့်စွက်ရှင်းပြခဲ့သည်။

စတီးလ်စေတီများ တည်ရာ၌ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော စတီးလ်ပြားများဖြင့် အခြေခံ၍ပြုလုပ်ခြင်းဖြစ်သည်။ရွှေရောင်အဆင်းရှိ၍ ရွှေသက်န်းကပ်စရာမလိုဘဲ ဝင်းပလျက်ရှိနေသည်။ တည်ထားပြီး နှစ်ကြာသော်လည်း ရောင်တော်ပြန်ဖွင့်၍ရသည်ဟု ဆိုသည်။

"တကယ်လို့ ဉာဏ်တော်အမြင့် ကိုးတောင်ပြည့် စေတီတော်တစ်ဆူ တည်မယ်ဆိုရင် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ ထုံးပစ္စည်းတန်ဖိုးတွေကို ဖယ်ထားဦး၊ စေတီတော်ကို မျက်ပါး ရွှေ(ရွှေအစစ်) ချမယ်ဆို သိန်း ၁၀၀ ကျော်ကုန်ကျမှုရှိမယ်။ အဲဒီလို ကိုးတောင်ပြည့် စတီးလ်ရွှေရောင် စေတီတစ်ဆူတည်မယ်ဆိုရင် ကုန်ကျစရိတ်အားလုံးက သိန်း ၉၀ အောက်လောက်ပဲရှိမယ်။ ဒါကြောင့် အခုနောက်ပိုင်း အလှူရှင်တွေက စတီးလ် ရွှေရောင်စေတီတည်တာကို သဘောကျနှစ်ခြိုက်လာကြတယ်" ဟုရှင်းပြသည်။

ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်အညီ မြန်မာမှုပန်းပညာရပ်တို့သည်လည်း တိုးတက်ဆန်းသစ်လာခဲ့ပြီး စတီးလ်ရွှေရောင်စေတီများ တစ်ခေတ်ဆန်းလျက်ရှိနေပြီ ဖြစ်သည်။

ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်းမှ နယ်မြေလုံခြုံရေး လှည့်ကင်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်ခိုင်နှင့်အဖွဲ့ဦးဆောင်၍ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ခိုးမှု၊ လုယက်မှုများနှင့် မှုခင်းကြီး၊ မှုခင်းငယ်များ ပပျောက်ရေးအတွက် စက်ဘီး၊ ဆိုင်ကယ်များနှင့် လှည့်ကင်းများ နေ့ည ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များတွင် ဆိုင်ကယ်ခိုးမှုများ၊ အိမ်ဖောက်ထွင်းမှုများ မကြာခဏပေါ်ပေါက်လျက်ရှိရာ နယ်မြေရဲစခန်းနှင့် နယ်မြေရဲကင်းအလိုက် နေ့ပိုင်းညပိုင်းအလှည့်ကျ လှည့်ကင်းများ စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "အခုတော့ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်ရှိတဲ့ ရဲဝန်ထမ်းအင်အားလေးနဲ့ စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ လှည့်ကင်းဆောင်ရွက်ပေးနေပြီဆိုတော့ သူခိုး သူဝှက်ရန်တော့ နည်းနည်းသက်သာမယ်လို့ထင်တာပဲ" ဟု ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်၌ နေထိုင်သော ဝန်ထမ်းတစ်ဦးက ပြောသည်။

သန်းဦး(လေးမျက်နှာ)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လက်ဆည်ကန်ရပ်ကွက်အတွင်းရှိ ရန်ကြီးအောင်စေတီတော်မြတ်ကြီး၏ (၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ အမျိုးသားဂိုးကျဉ်းဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှစ၍ ကျင်းပစဉ်။ အတ်ကလေး(ရမည်းသင်း)

လူသွားလမ်းပလက်ဖောင်းပေါ်တွင် စည်းကမ်းမဲ့စွာပစ္စည်းများ တည်ခင်းရောင်းချနေ

သီပေါ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌တည်ရှိပြီး စီးပွားရေးနှင့်လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသော မြို့ဖြစ်သောကြောင့် ပြည်တွင်းပြည်ပ ဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ကြောင့် သီပေါမြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်ဥပဒေနှင့်အညီ ကျူးကျော်ဆိုင်များနှင့် လူသွားလမ်းပလက်ဖောင်းများပေါ်တွင် စည်းကမ်းမဲ့ဈေးတည်ခင်းရောင်းချနေသူများအား အကြိမ်ကြိမ်ခေါ်ယူသတိပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း သရဖီလမ်းရှိ လူသွားပလက်ဖောင်းလမ်းပေါ်တွင် ကုန်မာဆိုင်တစ်ဆိုင်က လိုက်နာခြင်းမရှိဘဲ ကုန်ပစ္စည်းများတည်ခင်းရောင်းချလျက်ရှိသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။

စောဒီဘိုင်း

နိုင်ငံ့အဝန်း သစ်တောအစွမ်းဖြင့် စိမ်းလန်းစေရမည်

မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (ကော့ခမယ်) နဝမတန်း(D)မှ မထွန်းသီသီလွင်နှင့် အဋ္ဌမတန်း(A)မှ မဖြူဖြူအောင်တို့၏မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်သီတာဝင်း ဖြစ်ပါကြောင်း။

ဒေါ်သီတာဝင်း
၁၀/မလမ(နိုင်)၂၃၃၅၄၁

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်)၊ အဋ္ဌမတန်း(C)မှ မောင်ကျော်ဇင်ထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းလေး ဖြစ်ပါကြောင်း။

ဦးသန်းလေး
၁၀/မဒန(နိုင်)၁၅၀၄၂၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၂၅၄၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုနွယ် ၉/ရမသ(နိုင်)၀၀၁၈၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၉၅၃၁ ဂျာလင်း J/90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေဝမ်း ၅/ရဘန(နိုင်)၀၈၆၉၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၈၄၅၄၄ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းစိုး ၉/မတရ(နိုင်)၁၆၇၅၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်)၊ အဋ္ဌမတန်း(A)မှ မနွယ်နီစိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်စိုး ဖြစ်ပါကြောင်း။

ဦးအောင်စိုး
၁၀/မဒန(နိုင်)၁၄၂၅၀၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၁၆၈၄ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင် ၅/စကန(နိုင်)၁၆၂၇၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာအုပ်စု ပြင်ဦးလွင်-မိုးကုတ်လမ်းမကြီး၊ ကွင်း/အကွက်အမှတ်(ပြင်-အင်းမကျေးရွာ)၊ ဦးပိုင်အမှတ် ၂၅ မြေချိန်ဧရိယာ ၂၉၃သမ ၄၀ဧကရှိ ယာမြေကွက်အား ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းရီ ၈/မထန(နိုင်)၀၉၅၂၉၀ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၃၇)

ဒေါ်နန်းဝင့်ဝါအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၇၆)

ရှမ်းမောမြေ
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေအထွေထွေအကျိုးဆောင်
အမှတ်(၁၈/၁၅၇)၊ သိန်းနီးလမ်း၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊
ဖုန်း-၀၉-၄၀၃၇၁၀၅၃၆၊ ၀၈၂-၂၆၄၃၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၈၄၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုး ၅/မမတ(နိုင်)၀၇၀၂၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၇၃၆၅၁ New Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/မထလ(နိုင်)၁၉၀၈၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊မြေကွက်/ဦးပိုင်အမှတ် ၂၈၊ ဧရိယာ ၀ဒသမ ၁၅၇၈ဧကရှိ ဒေါ်မြစိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမိုးအောင်ကျော် (အထွေထွေကိုယ်စားလှယ်ရရှိသူ) ၉/ပမန(နိုင်)၀၁၈၁၄၀ (ဘ) ဦးကျော်ဟန်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ် ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ ပျက်စီးယိုယွင်းမှုထိန်းသိမ်းသင့်ပြီ

ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။

အင်္ဂလိပ်တို့သည် ပြင်ဦးလွင်မြို့ကို ဘုရင်ခံနွေရာသီရုံးစိုက်ရာ တောင်ပေါ်အပန်းဖြေမြို့တော်တစ်မြို့အဖြစ် သတ်မှတ်ခဲ့ပြီးနောက် မြို့အင်္ဂါရပ်နှင့်အညီ ဥရောပဆန်သော အဆောက်အအုံများကိုစနစ်တကျ ဆောက်လုပ်ခဲ့သည်။

ထိုအဆောက်အအုံများထဲတွင် ဒုတိယကမ္ဘာစစ်အတွင်းက မီးလောင်ပျက်စီးသွားခဲ့သော ဘုရင်ခံအိမ်တော်(ယခုအသစ်ထပ်မံဆောက်လုပ်ထားပြီးဖြစ်)၊ FIAG STAFF HOUSE ဟု အမည်တွင်သော အင်္ဂလိပ်စစ်ဦးစီးချုပ်များ နေအိမ်၊ CRADDOCK COURT (နန်းမြိုင်ဟိုတယ်)၊ LINCRUDIN (ချယ်ရီမြိုင်)၊ CANDACRAIG (သီရိမြိုင်)၊ TAPSY VILLA (ရဲတိုက်ပုံစံအဆောက်အအုံ)၊ SECRETARIAT OFFICE (အတွင်းဝန်များရုံး)၊ TREASURY (ငွေတိုက်အဆောက်အအုံ)၊ FOREST LODGE (ဂန္ဓမာမြိုင်)နှင့် ဗိုလ်ချုပ်အောင်ဆန်းမေမြို့ရောက်ရှိခဲ့စဉ်က မိသားစုနှင့်အတူတည်းခိုနေထိုင်ရန် အင်္ဂလိပ်ဘုရင်ခံကိုယ်တိုင် စီမံရွေးချယ်ပေးခဲ့သော BROOM HILL (ဝန်ကြီးချုပ်နေအိမ်) စသည်တို့မှာ ပြင်ဦးလွင်သို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များ ယနေ့ထက်တိုင်သွားရောက်ကြည့်ရှုလေ့လာနေရသော သမိုင်းဝင်အထင်ကရ အဆောက်အအုံကြီးများဖြစ်ကြသည်။

ထိုအဆောက်အအုံများနှင့် အတူ ပြင်ဦးလွင်မြို့၌ ရှေးဟောင်းအဆောက်အအုံပေါင်းများစွာရှိနေပြီး ယခုအခါ အဆိုပါ အဆောက်အအုံများထဲမှ အချို့ကို ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်စေခြင်း၊ ဆေးရုံများဖွင့်လှစ်စေခြင်းစသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ လွှဲပြောင်းငှားရမ်းလုပ်ကိုင်ခွင့်ပြုထားလျက်ရှိရာ အချို့သော အဆောက်အအုံတို့မှာ မြင်မကောင်းလောက်အောင်ပင် ဆိုးရွားစွာပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

ဟိုတယ်လုပ်ငန်းလုပ်ပိုင်ခွင့် ရရှိထားသူတို့မှာလည်း မိမိတို့၏ လုပ်ငန်းလိုအပ်ချက်အရ အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ အခန်းဖွဲ့စည်းပုံများကို ပြောင်းလဲလိုက်ခြင်း၊ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း၊ မလိုသည်များကို ဖျက်ဆီးလိုက်ခြင်း စသည့်လုပ်ဆောင်ချက်များကြောင့်လည်း သမိုင်းဝင် ရှေးဟောင်း အဆောက်အအုံများ ပျက်စီးယိုယွင်းခြင်း၏ အကြောင်းတစ်ရပ်ဖြစ်စေခဲ့ရသည်။

ထို့အပြင် နိုင်ငံခြားသားများ အနေဖြင့် တလေးတစားတန်ဖိုးထား၍ လာရောက်လေ့လာကြည့်ရှုသည့်အခါ အချို့နေရာများ၌ ရှေးဟောင်းလက်ရာများပပျောက်ပြီး ပြုပြင်မှုများ ရှိနေသည်ကို ဝမ်းနည်းဖွယ် တွေ့မြင်ရလေသည်။

ပြင်ဦးလွင်မြို့သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင်လည်း ထင်ပေါ်ကျော်ကြားသော မြို့တစ်မြို့ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ ဥဒဟို ဝင်ထွက်သွားလာကြည့်ရှုလေ့လာလျက်ရှိကြရာ ရှေးဟောင်းအမွေအနှစ်များကို အမြန်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိနေပေသည်။

သက်နိုင်(ပြင်ဦးလွင်)

ဝက်သက်နှင့်ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံရေးဆွေးနွေး

ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ရေးဆေးအစုလိုက် ထိုးနှံခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိလည်းကောင်း အသက် ၉ နှစ်မှ ၁၅ နှစ်အတွင်း ကလေးသူငယ်အားလုံးတို့အား ကာကွယ်ဆေးထိုးနှံမည်ဖြစ်ရာ မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက်က နောင်ချိုမြို့ ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မင်းသိန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းခဲ့သည်။ **စိုးဝင်း(နောင်ချို)**

မိခင်ဖြစ်သူကို ရိုက်သည့်သား သက်ဆိုင်ရာကအရေးယူ

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် ရွာစည်ကျေးရွာနေ ဒေါ်သေးသေး (၆၇ နှစ်) သည် ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီက ၎င်း၏နေအိမ်မီးဖိုဆောင်အတွင်း ဟင်းချက်ရန် ထိုင်နေစဉ် အတူနေသားဖြစ်သူ မောင်ထူး (၃၆ နှစ်)သည် အရက်သေစာသောက်စားမူးယစ်လာပြီး အဆိုပါမီးဖိုဆောင်အတွင်းရှိ ထင်းချောင်းနှင့်မိခင်ဖြစ်သူ၏ ဦးခေါင်းကိုရိုက်ခဲ့သဖြင့် ဒေါ်သေးသေးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိခင်ဖြစ်သူအား ဒဏ်ရာများရရှိအောင် ပြုလုပ်သူ မောင်ထူးအားအရေးယူပေးရန် ထိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးချာလီဆွေက တိုင်တန်းခဲ့သောကြောင့် ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

ပုဂ္ဂလိကဘဏ်လုပ်ငန်းများ စီးပွားရေးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလာ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်များတွင် ဘဏ်လုပ်ငန်းရှင်များ ထိပ်တန်းမှ ပါဝင်လာရာ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး များစွာအထောက်အကူပြုနေကြောင်း ဘဏ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"နိုင်ငံတစ်ဝန်း အစိုးရဘဏ်တွေသာမက ပုဂ္ဂလိကဘဏ်တွေ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားမြှင့်တင်ပေးရာမှာ အဓိကအခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ မိဘပြည်သူများ ငွေကြေးကိစ္စ အလွယ်တကူဆောင်ရွက်နိုင်ဖို့ ယခုနှစ်အတွင်း ဘဏ်ခွဲပေါင်း ၄၃ ခု အထိ တိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်လျက်ရှိပါတယ်" ဟု ယူနိုက်တက်အမရဘဏ် CEO ဦးသန်းဝင်းဆွေက ဇန်နဝါရီ ၁၂ ရက်က မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ ၎င်းဘဏ်၏ (၃၅) ခုမြောက် ဖွင့်ပွဲအခမ်းအနားအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

အဆိုပါဘဏ်က ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများ အပါအဝင် အခြားမြို့ကြီးများ၌ ဝန်ဆောင်ပေးနေပြီး ပြည်တွင်းသာမက ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ ငွေလွှဲဝန်ဆောင်မှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်များသာမက ပြည်ပဘဏ် လုပ်ငန်းများလည်း ဝင်ရောက် လုပ်ကိုင်နေပြီဖြစ်၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည်ကို တွေ့ရသည်။

ကြံတိုင်းအောင်

မီးသတ်ယာဉ်များ ရေပက်စမ်းသပ်မှုနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြ

မူဆယ် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်များမှ မီးသတ်စခန်းများအတွက် ရရှိသော မီးသတ်ယာဉ်များ ရေပက်စမ်းသပ်ခြင်းနှင့် မူဆယ်မြို့ မီးသတ်စခန်းအတွက်ရရှိသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ လက်တွေ့သရုပ်ပြသပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မူဆယ်မြို့နယ်မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဇော်မင်းဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။ မီးသတ်ယာဉ်များ၊ ရေပက်စမ်းသပ်မှုနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ လက်တွေ့သရုပ်ပြသပွဲအခမ်းအနားကို မူဆယ်မြို့အတွင်းရှိ မိုင်းယုနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် ပန်ဆိုင်းမြို့နယ် မီးသတ်စခန်းမှမီးသတ်ရေသယ်ယာဉ်တစ်စီး စုစုပေါင်း သုံးစီးဖြင့် လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

အယ်လ်စိုး (iprd)

ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၄ရက် (စနေနေ့) နံနက် ၈း၃၀နာရီ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ Royal Graden Restaurant ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ/သားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပေးစာများကို ၂၀-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပြီး အသင်းဝင်သားသမီးများ ၂၀၁၅ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို ၂၈-၂-၂၀၁၅ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀နာရီစတင်ပါမည်။ နံနက် ၉နာရီ အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။ **အမှုဆောင်အဖွဲ့**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၀၂၊ ဦးပိုင်အမှတ်(၁၃-က)၊ ရန်/မန်းကားလမ်းအနောက်ဘက်×၇၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမြင့်သိန်း၊ ဒေါ်လှလှသိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၈၉၄/၁၉၉၉)ဖြင့် ဝယ်ယူခဲ့သူ ဦးငြိမ်းမောင် ၉/မရမ(နိုင်)၀၂၄၂၄၃ နှင့် ဒေါ်ခင်စန်း ၉/မရမ(နိုင်)၀၂၄၀၉၈ တို့မှ ဂရန်မူရင်းမှာ အသိမ်းလွန်ပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၅)၊ အကွက်အမှတ်(၃၄/စံကောင်းရပ်)၊ ဦးပိုင်အမှတ်(က^၃/၇၅)၊ ဧရိယာ ၀ဒသမ ၀၄၅ဧကရှိ ဒေါ်နာလောအမည်ပေါက်မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် တရားဝင်စာချုပ် ချုပ်ဆိုဝယ်ယူသူ ကျွန်မ ဒေါ်နွယ်နွယ်စိုးမှ အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်နာလော(ကိုယ်စား)
ဒေါ်နွယ်နွယ်စိုး ၁၃/လရန(နိုင်)၀၀၂၂၁၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်ရှိ မြေကွက်အမှတ်(ဉ-၄၅၅)၏အမည်ပေါက် ဒေါ်မယ်ရင်ကွယ်လွန်သွားသဖြင့် သမီး ဒေါ်မြင့်မြင့်သန်း ၉/ဥတသ(နိုင်)၀၀၂၁၀၁ (ဘ) ဦးကျော်ရှိန်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာများတင်ပြပြီး မြေကွက်နေရာချထားခြင်းခွင့်ပြုမိန့်ထုတ်ယူခွင့်ပြုရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၁၊ ဧရိယာ ၀ဒသမ ၀၇၄ဧကရှိ (ဦးထိန်ဝင်း)-ဒေါ်ခင်ရွှေ ပိုင်ဆိုင်သော အစိုးရမြေကွက်အား ဒေါ်ခင်ရွှေ ၉/တကန(နိုင်)၀၂၀၃၀၆ (ဘ) ဦးလှဘော်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်နှင့် ပေးကမ်းခြင်းစာချုပ်ချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များနှင့် အသင်းဝင်များ (မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၄-၁-၂၀၁၅ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
ကျင်းပမည့်နေရာ - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ ဆည်မြောင်းဝင်း၊ (၈)မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(တစ်ဦးချင်းသီးခြားဖိတ်ကြားစာမပို့ပါ) **အမှုဆောင်အဖွဲ့**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄၂)မြေကွက်ပေါ်ရှိ (နှစ်ခန်းတွဲ ခြောက်ထပ်)အဆောက်အအုံ၏ လေးလွှာကို ဦးအောင်သီဟထွန်း(ဒါရိုက်တာ) ဇမ္ဗူဘောဂဆောက်လုပ်ရေး၏ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိသည့် ခြေရင်းဘက်ရှိ (ဘီ ၄)၊ တိုက်ခန်းဧရိယာ (၁၈ပေ×၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူသူအမှတ်(၁၀၀)၊ ပထမထပ်၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ ဒေါ်စိမ်းမို့မို့ ၁၂/မဂဒ(နိုင်)၁၆၁၆၄၇ က ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂ရက်တွင် စရန်ပေးစာချုပ်ချုပ်ဆိုပြီးဖြစ်ပါကြောင်း၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်၍ ဝယ်ယူသူ ဒေါ်စိမ်းမို့မို့ထံတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဒေါ်စိမ်းမို့မို့ ၁၂/မဂဒ(နိုင်)၁၆၁၆၄၇ ဖုန်း-၀၉-၄၀၁၆၀၀၇၈၉

မိုးကြိုးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကျင်းပ

မတ္တရာ ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မိုးကြိုးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပရာ မန္တလေးမြို့ မဟာမဗ္ဗိကာရာမ ရွှေကျင်တိုက်မကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တထုတိဝရ အမှူးပြု၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိုးကြိုးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်နှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းဦးနှင့် အလှူရှင် ဦးရန်အောင်နှင့်ဇနီး သုမ္ဘမသိင်္ဂီ ဒေါ်ရင်ရွှင်(နယူးစတား စိန်ရွှေရတနာဆိုင်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေး အပ်လှူဒါန်းခြင်းနှင့် ဖွင့်ပွဲအလံများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အခမ်းအနားအောင်မြင်စွာပြီးဆုံးကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၂၂ ဦးရှိပြီး စာသင်ဆောင် ခုနစ်ဆောင်ရှိကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ဂုဏ်ပြုခံ အဘိုးအဘွားများအား အိမ်တိုင်ရာရောက်ထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေမှ ၂၅ ရာခိုင်နှုန်းစုဆောင်းထားရှိသော ရန်ပုံငွေမှ အသက်(၁၀၀)နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့ရာတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွား ၁၂ ဦးအား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။

သန်လျင်မြို့နယ်မှ အဘွားနှစ်ဦး၊ ကျောက်တန်းမြို့နယ်မှ အဘိုး အဘွား လေးဦး၊ သုံးခွမြို့နယ်မှ အဘိုး အဘွား ငါးဦး၊ ခရမ်းမြို့နယ်မှ အဘွားတစ်ဦးတို့ကို နိုင်ငံတော်သမ္မတကြီး၏ ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ၏ ထောက်ပံ့ငွေကျပ် ၁၃၀၀၀၀၊ အာဟာရနှင့်ဆေးဝါးပစ္စည်းများကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

သန်းဝင်း(သန်လျင်)

မော်လူး၌ ဘဲသားပေါက်များ ရောင်းကောင်း

မော်လူး ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် မန္တလေးမြို့မှ မီးရထားဖြင့် သယ်ယူရောင်းချနေသည့် ဘဲသားပေါက်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဘဲသားပေါက်တွေကို မန္တလေးမြို့မှာ သားဖောက်ပြီး သယ်ယူရောင်းချတာပါ။ ဘဲသားဖောက်ဖို့အတွက် ဘဲဥအလုံးရေ ၉၀၀၀ ကနေ ၁၀၀၀၀ အထိ တစ်လအကြာ စပါးခွံနဲ့အပူပေးပြီး ဖောက်ရတာပါ။ သားဖောက်မယ့် ဘဲဥတစ်လုံးကို ငွေကျပ် ၁၀၀ ကနေ ၁၅၀ အထိ ပေးဝယ်ရပြီး ဘဲဥတွေကို အောက်ခံဖဲစပေါ်မှာ စပါးခွံတွေကို ဖြန့်ခင်းပြီး ဘဲဥတွေကို စီထည့်ရပါတယ်။ စီထည့်ထားတဲ့ ဘဲဥတွေကို တစ်ရက်မှာ သုံးကြိမ်လောက် အထက်အောက် လဲလှယ်တာကို တစ်လလောက်လုပ်၊ တစ်လကျော်တဲ့အခါ လေးငါးရက်လောက် အပြင်ထုတ်ပြီး စပါးခွံနဲ့ အပူဓာတ်ရအောင် လုပ်ပေးလိုက်ရင် ဘဲဥတွေကနေ ဘဲသားပေါက်လာပါတယ်။ ရလာတဲ့ ဘဲသားပေါက်တွေကို ဂျပ်ဖာတွေထဲကို ထည့်ရပါတယ်။ ဂျပ်ဖာတစ်ဖာမှာ ဘဲသားပေါက် အကောင်ရေ ၈၀၊ ၁၀၀ လောက်အထိ ထည့်ပြီးတော့ မီးရထားနဲ့ သယ်ယူပြီး ကောလင်း၊ အင်းတော်၊ နဘား၊ မော်လူးစတဲ့ မြို့ရွာတွေမှာ ရောင်းချပါတယ်။ ဘဲသားပေါက် အမတစ်ကောင်ကို ငွေကျပ် ၆၀၀၊ အထီးဆိုရင် ငွေကျပ် ၂၀၀ နဲ့ ၃၀၀ ရောင်းချပါတယ်။ မော်လူးမှာ ရောင်းရတဲ့ရက်ဆို တစ်နေ့တည်း ဘဲသားပေါက်အကောင်ရေ ၁၀၀၀ ကနေ ၁၂၀၀ အထိ ရောင်းချရပါတယ်"ဟု မော်လူးတွင် ဘဲသားပေါက် ရောင်းချနေသူတစ်ဦးထံမှ သိရသည်။

(၁၇၁)

တရုတ်ခရီးသွားညှိအဖွဲ့ မြန်မာနိုင်ငံအတွင်း လာရောက်လေ့လာ

မန္တလေး ဇန်နဝါရီ ၁၆

ခရီးသွားလုပ်ငန်းတစ်ခု၏အစီအစဉ်ဖြင့် တရုတ်နိုင်ငံသား ခရီးသွားညှိအဖွဲ့ ၃၃ ဦးသည် တရုတ်နိုင်ငံလုပ်မော်တော်ယာဉ် ၁၁ စီးဖြင့် ဇန်နဝါရီ ၁၂ ရက်က မြန်မာနိုင်ငံအတွင်းသို့ မူဆယ်မြို့မှတစ်ဆင့် မန္တလေးမြို့သို့ ရောက်ရှိကာ မန္တလေးမြို့ Hotel Shwe Pyi Thar တွင် တည်းခိုခဲ့ကြောင်း သိရသည်။

၄င်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က မန္တလေးမြို့ရှိ ရွှေကျောင်းကြီး၊ ကုသိုလ်တော်၊ မန္တလေးတောင်၊ ရွှေနန်းတော်၊ မဟာမြတ်မုနိနှင့် ဦးပိန်တံတားတို့သို့ လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး ပုဂံသို့သွားရောက်မည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ကူညီစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်း)

၁၀၅ မိုင်ကုန်သွယ်ရေးဇုန် လှုပ်ရှားမှု အေးခဲပင်လယ်စာများ မြေမြှုပ်ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၁၆

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးသာမက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး တာဝန်များကိုပါ အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ထုတ်နုတ်အင်အား Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်အေး ဦးစီးသည့်အဖွဲ့သည် ပြည်ထောင်စုလမ်းမကြီးအပေါ်ရှိ နမ့်ပေါ်တံတားအနီး ရှောင်ကွင်းလမ်း၌ ယာဉ်အမှတ် 8J/..... (Toyata Hiace) ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသော အများပြည်သူ စားသုံးရန် မသင့်သည့် အေးခဲပင်လယ်စာ ၂၄၂၇ ကီလို ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၁၃၅၀၀၀ ကိုစစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်၍ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါ အေးခဲပင်လယ်စာများကို မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးဦးစီး၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီတွင် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာန ရုံးဝင်းအတွင်း၌ မြေမြှုပ်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ကျိုက်ထိုမြို့နယ်တရားရုံး
၂၀၀၂ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၃၀ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၅၅

မန်နေဂျာ	**နှင့်**	၁။ (ဦးကျော်ဆန်း)
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်သန်းသန်းဝင်း
ကျိုက်ထိုမြို့။		
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာ၊ မြို့မ(၁)ရပ်ကွက်၊ သစ်ဆိပ်ပင်ကျောင်းလမ်းနေ (ယခုနေရပ်လိပ်စာမသိ) (ဦးကျော်ဆန်း)၊ ဒေါ်သန်းသန်းဝင်း သိစေရမည်။

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၃၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုစုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၁း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမာလာခင်)
တွဲဖက်မြို့နယ်တရားသူကြီး
ကျိုက်ထိုမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၄၈၆၈၊ Suzuki carry DAG 3T, P/U (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးဒေဝါနန်း ၁၂/တမန(နိုင်)၀၉၂၀၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
၁၆/၂၀၁၄-၂၀၁၅ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား
ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှစက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က)	**ရောင်းချမည့်ရက်နှင့်အချိန်**	-	၂၇-၁-၂၀၁၅ရက်မှ ၂၉-၁-၂၀၁၅ရက်ထိ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ)	**ရောင်းချမည့်အမျိုးအစားနှင့်တန်**	-	ကျွန်းသစ်လုံး(၁၅၄)တန်ခန့် သစ်မာသစ်လုံး(၂၁၉၂၄)တန်ခန့် (ပိတောက်/တမလန်း/သင်းဝင် သစ်လုံးများ ပါဝင်မည်)
		-	ကျွန်းခွဲသား (၁၉)တန်ခန့်
		-	သစ်မာခွဲသား (၃၃)တန်ခန့် (ပိတောက်ဓားရွှေ/ခွဲသားများပါဝင်မည်)
(ဂ)	**ရောင်းချမည့်နေရာ**	-	အမှတ်(၁၀၃)သစ်စက် ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်းweb-site ဖြစ်သော www. myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း -၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ တို့သို့လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၉၇၄၃၃၊ လော်ဂျားယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၃/တကန(နိုင်)၁၉၂၈၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၇၉၈၉ Tar Yan 110 ယာဉ်လက်ဝယ်ရှိသူ တက်နေခြည်ကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (နေပြည်တော်)

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ကျိုက်ထိုမြို့နယ်တရားရုံး
၂၀၀၆ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၁ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၅၆

မန်နေဂျာ	**နှင့်**	၁။ ဦးအောင်ဝင်း
မြန်မာ့စီးပွားရေးဘဏ်၊ ကျိုက်ထိုမြို့။		၂။ ဒေါ်တင်အေးနိုင်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာ၊ ရွှေလှာဦးရပ် ဦးအောင်ဝင်း၊ ဒေါ်တင်အေးနိုင် သိစေရမည်။

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုစုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမာလာခင်)
တွဲဖက်မြို့နယ်တရားသူကြီး
ကျိုက်ထိုမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၈၀၄၉ Honda M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမန်းရီ ၅/မရန(နိုင်)၀၄၃၇၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျောက်တော်-ပလက်ဝ ကားလမ်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အကုန် ဖောက်လုပ်ပြီးစီးမည်

ပလက်ဝမြို့သည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်ခရိုင်တွင် ပါဝင်သည့် နယ်စပ်မြို့တစ်မြို့ဖြစ်သည်။ မြို့နယ်၏ အကျယ်အဝန်းမှာ ၃၁၂၇ ဒသမ ၀၄ စတုရန်းမိုင်ရှိသည်။ မြို့ပေါ် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၉၇ အုပ်စုဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေကိုးသောင်းကျော် နေထိုင်ကြပြီး မြို့နယ်အတွင်း ချင်း၊ ခူမီး၊ အနူး၊ ခေါင်စို၊ ပနမ်း၊ မရာ၊ လည်မြို၊ မြိုနှင့် ရခိုင်တို့အချင်းချင်း ရိုင်းပင်းကူညီကာ စည်းလုံးညီညွတ်စွာ အတူ ယှဉ်တွဲနေထိုင်ကြသည်။

ပလက်ဝမြို့၏ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ညိုပြာမှုန်မှိုင်းနေသော ကျောက်ပန်းတောင်းတောင်ကို အဝေးကမြင်တွေ့နိုင်ပါသည်။ ဒုတိယ ဧည့်ဝတီမြို့တည် ကံရာဇာကြီးမင်းနှင့် နောက်လိုက်နောက်ပါတို့ ခြေချဖူးခဲ့ရာအရပ်ဖြစ်သည်။ "တိမ်နီမိုးဆောင်း၊ ကျောက်ပန်းတောင်း၊ ခြောက်ရောင်မောင်း"ဟု ဖွဲ့နွဲ့ကာ ရခိုင်သမိုင်းတွင် စာတင်ခဲ့သည်။ ကျောက်ပန်းတောင်းကို ဒေသနေ ခူမီးလူမျိုးတို့က "ကီမို"ဟုခေါ်သည်။

ကျောက်ပန်းတောင်းတောင်မှ မြစ်ဖျားခံစီးဆင်းလာသည့် ပလက်ချောင်းသည်မြို့၏ အရှေ့ဘက်တည့်တည့်တွင် ကစ္ဆပနဒီသို့စီးဝင်သည်။ ပလက်ချောင်းစီးဝင်ရာ ချောင်းဝ၏ အနောက်ဘက်ကစ္ဆပနဒီ ကမ်းနဖူးပေါ် မြို့တည်ခဲ့သည်ကို အစွဲပြု၍ ပလက်ဝမြို့ဟု ခေါ်ခြင်းဖြစ်သည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်မဖြစ်မီ ၁၈၇၆ ခုနှစ်တွင် အင်္ဂလိပ်တပ်စခန်း စတင်တည်ခဲ့ခြင်းဖြစ်ရာ ၁၉၇၆ ခုနှစ်တွင် မြို့သက်တမ်းနှစ် ၁၀၀ ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့အချိန်အထိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ဒေသဖြစ်သည်။ ရှေးယခင်က မြို့နယ်၏တောင်ဘက် နယ်မြေချင်း ဆက်စပ်နေသည့် ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေမြို့နှင့် တစ်ပတ်နှစ်ကြိမ် နိုင်ငံပိုင်သင်္ဘောခရီးစဉ်ဖြင့် သွားလာခဲ့ရသည်။ ယခု မရှိတော့ပါ။

ယနေ့ကား ပလက်ဝသို့ရောက်ရန် ရန်ကုန်၊ မန္တလေး၊ စစ်တွေမြို့တို့မှ ရန်ကုန်၊ စစ်တွေ ပြည်ထောင်စုလမ်းမကြီးဖြင့် ကျောက်တော်မြို့သို့ ဦးစွာသွားရသည်။ ယင်းမှတစ်ဆင့် လိုင်းစက်လှေဖြင့်ခရီးဆက်ရ၏။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်သို့ သွားရာတွင် ကျောက်တော်မြို့သည် ညအိပ်နားခိုရာအရပ်ဖြစ်လာသည်။

ကျောက်တော်-ပလက်ဝ ကားလမ်း ၃၃ မိုင် ၅ ဖာလုံကို ဒေသနေပြည်သူတို့ သွားလမ်းသာ၍ လာလမ်းဖြောင့်စေရန် ဖောက်လုပ်တည်ဆောက်နေပြီဖြစ်ရာ ဤလမ်းခရီး အမြန်ဖောက်လုပ်ပြီးစီးသွားလာနိုင်ရန် ဒေသနေပြည်သူတို့ မျှော်လင့်စောင့်စားနေကြသည်။ ဤလမ်းပိုင်း ဖောက်လုပ်ပြီးစီးမည့်အခြေအနေကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းဖြစ်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းဖြေကြားခဲ့သည်။

ကျောက်တော်-ပလက်ဝ လမ်းပိုင်းသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားအရှေ့ဘက် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်မည့်နေရာမှ စတင်ကာ မီးဝကျေးရွာအရှေ့ဘက်ကမ်းအထိ မိုင် ၂၀ ကို ရခိုင်ပြည်နယ်အပိုင်းဟု သတ်မှတ်ပြီး မီးဝကျေးရွာအရှေ့ဘက်ကမ်းမှ ချင်းပြည်နယ် ပလက်ဝမြို့အထိ ၁၃ မိုင် ၅ဖာလုံ ကို ချင်းပြည်နယ်အပိုင်းဟု သတ်မှတ်ဖောက်လုပ်နေခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်အထိ လမ်းပိုင်းတစ်ခုလုံး အခြေအနေမှာ ကျောက်လမ်း ၁၆ မိုင် ခြောက်ဖာလုံ၊ အမာခံလမ်း လေးမိုင်၊ ခုနစ်ဖာလုံ၊ မြေသားလမ်း ၁၂ မိုင် ဖောက်လုပ်ပြီးဖြစ်သည်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အပိုင်းကို ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၄၂၆. ၀၀၀ သန်းဖြင့် သံကူကွန်ကရစ်တံတား ရှစ်စင်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၇၄၂. ၈၀၀ သန်းဖြင့် ကျောက်ချောလမ်းခင်းခြင်း တစ်မိုင် လေးဖာလုံ မြေသားတာပေါင်တင်ချဲ့ခြင်း ၂၆၂၃ ကျင်း၊ သံကူကွန်ကရစ်တံတား ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်အပိုင်းကို ပြည်ထောင်စု ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ၇၇. ၄၈၈ သန်းဖြင့် ၁၄ ပေ အကျယ်၊ အခြေခံလွှာ(ပ)လွှာခင်းခြင်း တစ်မိုင် ခုနစ်ဖာလုံ၊ ပြည်နယ်ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ကျပ် ၂၃၄၀ သန်းဖြင့် ၁၄ ပေ အကျယ်၊ အခြေခံလွှာ(ပ)လွှာခင်းခြင်း၊ သုံးမိုင် လေးဖာလုံ၊ အရှည်ပေ ၃၀ သံကူကွန်ကရစ်ကြမ်းခင်း တံတား သုံးစင်း၊ အရှည်ပေ ၂၀ သံကူကွန်ကရစ်ကြမ်းခင်းတံတား တစ်စင်း၊ အရှည် ငါးပေ သံကူကွန်ကရစ် ကြမ်းခင်း၊ ရေပြွန်အစင်း ၃၀၊ တံတား လေးစင်း၊ ရေပြွန်အစင်း ၃၀ တို့၏ ချဉ်းကပ်လမ်းမြေဖို့ခြင်း၊ အရှည်ပေ ၄၀၀ မီးချောင်းသံကူကွန်ကရစ် တံတားတစ်စင်း၊ အရှည်ပေ ၂၀၀ သဲမချောင်း သံကူကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်လမ်းပိုင်းအတွက် ကျောက်ချောလမ်းခင်းခြင်း တစ်မိုင် လေးဖာလုံ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လေးမိုင်၊ အရှည်ပေ ၁၃၀ သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုငွေလုံး ငွေရင်းနှင့် ပြည်နယ်ရန်ပုံငွေများ လျာထားတင်ပြ တောင်းခံထားရှိသည်။

ချင်းပြည်နယ်လမ်းပိုင်းအတွက် ၁၄ပေ အကျယ်အခြေခံလွှာ (ဒု) လွှာခင်းခြင်း၊ ရှစ်မိုင် ခြောက်ဖာလုံ အရှည် ၁၀ ပေ သံကူကွန်ကရစ် ကြမ်းခင်းတံတားတစ်စင်း၊ အရှည် ငါးပေ သံကူကွန်ကရစ်ကြမ်းခင်း၊ ရေပြွန် ၂၅ စင်း၊ အရှည်ပေ ၄၄၀ မီးချောင်း သံကူကွန်ကရစ်တံတား တစ်စင်းနှင့် အရှည် ပေ ၃၀၀ သဲမချောင်းသံကူကွန်ကရစ်တံတားတစ်စင်း၊ တည်ဆောက်ခြင်းနှင့် အရှည်ပေ ၄၃၀ နှမဒါချောင်း သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုငွေလုံး ငွေရင်း ရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေများ လျာထားတင်ပြ တောင်းခံထားရှိသည်။

လျာထားတင်ပြ တောင်းခံထားရှိသော ရန်ပုံငွေများရရှိပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လမ်းပိုင်းအားလုံး ကျောက်ချောလမ်းအဆင့် တည်ဆောက်ပြီးစီးသွားမည်ဖြစ်ပါသဖြင့် ကျောက်တော်-ပလက်ဝ လမ်းပိုင်းကို ဒေသခံပြည်သူတို့ ရာသီချိန်ခါမရွေး အသုံးပြုသွားလာနိုင်တော့မည်ဖြစ်သည်။ ဆက်လက်၍ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံကာ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

မကြာတော့မည့် ဘဏ္ဍာရေးနှစ်အကုန်ကာလတစ်ခုတွင် ဒေသခံပြည်သူတို့၏ **"လွယ်မည့်သွားရေး၊ မဖင့်နေးဖို့၊ တို့သွေးချင်းများရင်းနှီးဖို့"** ပလက်ဝဒေသမှ သွေးချင်းညီနောင်များ၏ **"တို့ဆွေတို့မျိုး အကျိုးရှိဖို့၊ သွေးစည်းဖို့"** ကျောက်တော်-ပလက်ဝ ကားလမ်းပိုင်းဖွင့်ပွဲအခမ်းအနား စည်ကားစွာကျင်းပလာမည့်နေ့နှင့် ပြီးစီးအသုံးပြု သွားလာနိုင်တော့မည့်နေ့ကို ဒေသခံပြည်သူတို့က ကြိုထောက်အသင့်ပြင်ဆင် နှင့်လျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။

မောင်မောင်ကျော့-ပလက်ဝ

> "ကျောက်တော်-ပလက်ဝ ကားလမ်း ၃၃ မိုင် ၅ ဖာလုံကို ဒေသနေပြည်သူတို့ သွားလမ်းသာ၍ လာလမ်းဖြောင့်စေရန် ဖောက်လုပ်တည်ဆောက်နေပြီဖြစ်ရာ ဤလမ်းခရီး အမြန်ဖောက်လုပ်ပြီးစီးသွားလာနိုင်ရန် ဒေသနေပြည်သူတို့ မျှော်လင့်နေ"

ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ယာဉ်အသင်းပိုင်ရှင်များ၊ ယာဉ်ပိုင်ရှင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲစေရေးနှင့် ပတ်သက်၍ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)နှင့် (မြို့တွင်း)မှကော်မတီဝင်များနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်အသင်းပိုင်ရှင်များ တွေ့ဆုံပွဲကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးစောလှကအမှာစကား ပြောကြားပြီး တာဝန်ရှိသူများဖြစ်သည့် ကော်မတီဝင်များ၊ မထသ(အဝေးပြေး)နှင့် (မြို့တွင်း)ဥက္ကဋ္ဌများမှ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားကျင်းပရခြင်းသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားပြီး ၂၀၁၄ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၃၃၇မှု၊ ဒဏ်ရာရရှိသူ ၅၆၀ ၊ သေဆုံးသူ ၁၆၄ ဦးရှိခဲ့ရာ မထသ (အဝေးပြေး)ယာဉ်များမှ ယာဉ်မတော်တဆမှု ၂၃မှု၊ ဒဏ်ရာရရှိသူ ၁၁၅ဦး၊ သေဆုံးသူ ၂၃ ဦး ရှိခဲ့ပြီး မထသ(မြို့တွင်း) ယာဉ်လိုင်းမှ ယာဉ်မတော်တဆမှု ၁၂ မှု၊ ဒဏ်ရာရရှိသူ ၅၇ဦး၊ သေဆုံးသူ ငါးဦး ရှိခဲ့သဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲစေရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊ ခရီးသွားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ ပြည်တွင်းကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ဘဝ တိုးတက်စေရေး အတွက်ဖြစ်ကြောင်း နေပြည်တော်ကောင်စီဝင် ဦးစောလှက ပြောကြားသည်။

မျိုးဇေယျာ (ပျဉ်းမနား)

သထုံမြို့နယ်အသင်း(ရန်ကုန်)
၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားဖိတ်ကြားလွှာ

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သထုံအသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ရန်ကုန်မြို့ရောက် သထုံမြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - သထုံမြို့နယ်အသင်းဓမ္မာရုံ၊ မဟာဝိဇယကုန်းမြေ

အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများစာရင်းကို ဥက္ကဋ္ဌဦးခင်မောင်ပြုံး ဖုန်း-၀၁-၂၁၁၆၅၈၊ ဒုဥက္ကဋ္ဌ ဦးစန်းလွင် ဖုန်း-၀၁-၅၇၈၇၁၇၊ အတွင်းရေးမှူး ဦးတင်ထွန်း ဖုန်း-၀၉-၂၅၀၀၀၁၆၃၉၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၀၉-၅၁၄၀၁၅၉၊ ဒေါ်ချိုချို ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၁၀၁၇၅၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေး ဖုန်း-၀၉-၇၃၁၅၀၈၄၃ နှင့် နီးစပ်ရာအမှုဆောင်များထံသို့ ၂၂-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန် ဖြစ်ပါသည်။ (တက်ရောက်သူ ဧည့်ပရိသတ်များအား သထုံမုန့်ဟင်းခါးထမင်းဝါဖြင့် ဧည့်ခံပါမည်။)

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ်-၅၁၁၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် နေအိမ်ကို အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်သန်းသန်းမော် ၁၂/ဥကတ(နိုင်)၁၄၂၄၁၁ မှမိမိတရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ပြောပြဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မျိုးညွန့် (စဉ်-၂၂၀၀၆)
အထက်တန်းရှေ့နေ
အမှတ်-၃၅၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၅၀၅၁၃၇၇၃

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/2336 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၃၄)၊ မြေကွက်တည်နေရာအမှတ် (၁၃၄)၊ စိန်ပန်းမြိုင် ၁ လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးအေး AD-032110 အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးကွယ်လွန်သဖြင့် ဒေါ်သန်းတင် ၁၂/ဆကန(နိုင်)၀၀၀၇၁၄ က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်သန်းတင်ထံမှ GP ၂၇၈၂၃/၁၄-၁၀-၂၀၁၄ ရသူ ဒေါ်ခွန်ဂျာ ၁၃/ကလန(နိုင်)၀၀၅၅၄၅ ကပါဝါပေးအပ်သူသည် သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၂ယ/၈၇၀၇၃၊Honda Wave NF-110 T ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုံးရီ ၁၀/ကမရ(နိုင်)၁၁၄၃၂၂၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

အများသိစေရန်ကြေညာခြင်း

၁။ လားရှိုးမြို့၊ ရပ်ကွက်(၁၁)နှင့် နားကွမ်းကျေးရွာအုပ်စု ဆက်စပ်နေရာ၊ လားရှိုး-နမ္မတူ ကားလမ်းဘေး (ပညာရေးကောလိပ်)အနီးရှိ မြေဧရိယာငါးဧကခန့်ရှိ မြေများမှာ ဦးဖော်ဆာလှ ၁၃/လရန(နိုင်)၀၁၆၉၁၄ (ကွယ်လွန်)နှင့် သမီးဖြစ်သူ မကိုင်ဆိုင် ၁၃/လရန(နိုင်)၁၄၃၅၆၀တို့မှ စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဘိုးဘွားပိုင်မြေများဖြစ်ပါသည်။

၂။ အဆိုပါမြေများနှင့်ပတ်သက်၍ ဦးဖော်ဆာလှ၏သမီးမကိုင်ဆိုင်၏သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တစ်ဆင့်ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်း၊ ကျူးကျော်ခြင်းကိစ္စရပ်များ လုံးဝမပြုလုပ်ရန်နှင့် မကိုင်ဆိုင်အနေဖြင့်လည်း အဆိုပါ မြေများနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမောင်မောင်အေး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၃၉၆)
လားရှိုးမြို့၊ ဖုန်း-၀၉-၂၅၆၄၂၁၉၉၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၄၂၉၁၉၊ Yin Xing 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင် ၉/မရတ(နိုင်)၁၁၇၁၀၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁၁ယ/၅၂၅၈၁၊ Yin Xiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်း ၁၂/သကတ(နိုင်)၁၂၇၀၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရေရှားပါးမှုပြဿနာများနှင့် အခက်တွေ့နေသည့်ကျေးရွာ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သပြေစမ်းအုပ်စု တောင်မင်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် လူသိနည်းပါးသည်။

တောင်မင်း ကျေးရွာသည် မကွေးမြို့နှင့်မဝေးကွာလှဘဲ အိမ်ခြေ ၁၅၀ ခန့်ရှိပြီး လူဦးရေ ၅၀၀ ကျော်ရှိကြောင်း သိရသည်။ ရွာတွင် စက်ရေတွင်းမရှိခြင်း၊ ရာသီဥတုဖောက်ပြန်၍ ကန်များ ရေတင်နိုင်မှုမရှိခြင်းတို့ကြောင့် စမ်းရေကိုသာ အဓိကထားသုံးစွဲနေရကြောင်း သိရသည်။

ယခုနှစ်တွင် စမ်းရေတွင်းများသည် စောစီးစွာရေများခန်းခြောက်၍ တောင်မင်းရွာနေပြည်သူများမှာ ရေရှားပါးမှုနှင့် ကြုံတွေ့နေရသည်။ တောင်မင်းရွာနှင့် ဆူးကောက်စမ်း ကျေးရွာကြားရှိ တစ်မိုင်ကျော်ဝေးသော စမ်းရေတွင်းမှာ နှစ်ရွာ မျှသုံးနေရ၍ စောင့်ဆိုင်းပြီး ရေခပ်နေကြရသည်။ ရေစည်တစ်စည်ကို ငွေကျပ် ၁၅၀၀ ပေးဝယ်ရခြင်း၊ ရေအိုးနှင့် မနားမနေခပ်မှ ရေအိုးငါးလုံးမျှသာရရှိသဖြင့် မတော်တဆမီးဘေး အန္တရာယ်နှင့်ကြုံခဲ့လျှင် ၎င်းတို့ ကျေးရွာသူ ကျေးရွာသားများအတွက် မတွေးဝံ့စရာဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောပြသည်။

အဆိုပါကျေးရွာတွင် စက်ရေတွင်း မရှိသည့်အတွက် ရေရှားပါးမှုပြဿနာများ နှစ်စဉ်ကြုံတွေ့နေရကြောင်း၊ ရေအခက်အခဲ ဖြေလျှော့စေရေးအတွက် ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းများတူးဖော်ပါက ရေအတွက် အဆင်ပြေနိုင်မည်ဖြစ်၍ ကျေးရွာရေရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ရေအခက်အခဲ ဖြေလျှော့စေရေးအတွက် ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းများ တူးဖော်ပါက ရေအတွက် အဆင်ပြေနိုင်မည်ဖြစ်

ဇာဇာ(မကွေး)

ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ဝင်များတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အဆင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် မြောက်ဥက္ကလာပမြို့နယ် ရပ်ကွက်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ တွေ့ဆုံကာဟောပြောပွဲကို မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းဥက္ကဋ္ဌဦးဟန်တင်နှင့် အရှေ့ပိုင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ခရိုင်ဥက္ကဋ္ဌဦးအေးမောင်တို့က အမှာစကားပြောကြားခဲ့ပြီးအဖွဲ့မှ တိုင်း၊ ခရိုင်အဆင့်များအား မိတ်ဆက်ပေးခဲ့ကြသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌအားမြို့နယ်အဆင့် ရင်ထိုးတံဆိပ်များပေးအပ်ခဲ့ပြီး အလှူငွေပေးအပ်ခြင်းနှင့် ဘာသာပေါင်းစုံအချင်းချင်း ချစ်ကြည်မှု လက်ဆွဲနှုတ်ဆက်ခဲ့ကြကာ ဗုဒ္ဓဘာသာအကြောင်းအား ခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်၊ အစ္စလာမ်ဘာသာအကြောင်းကို ခရိုင်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ထွန်း၊ ခရစ်ယာန်ဘာသာအကြောင်းကို ခရိုင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာယုယနှင့်ဟိန္ဒူဘာသာအကြောင်းကို ခရိုင်ဒုတိယဥက္ကဋ္ဌဦးဘနီတို့က ဆွေးနွေးဟောပြောခဲ့ကြသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှကြည်က ကျေးဇူးတင်စကားပြောကြားခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းဥက္ကဋ္ဌဦးဟန်တင်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **စိုးဝင်း(SP)**

မြန်မာလူငယ်ဂေါက်သီးအားကစားသမားများ ထိုင်းသို့သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ Springfield Royal Country Club , Hua Hin တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် Asian Tour Qulifying School (Final Stage) တွင် မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ် Myanmar Golf Tour Order Of Merit Award Winner ဆုရှင် ဇော်ဇော်လတ်နှင့် ၂၀၁၄ ခုနှစ်တွင် အပျော်တမ်းအဆင့်မှ Professional Golfer အဆင့်သို့ ကူးပြောင်းခွင့်ရရှိသူ ရဲထက်အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၎င်းလက်ရည်စစ်ပြိုင်ပွဲတွင် နိုင်ငံတကာမှတက်သစ်စ လူငယ်ဂေါက်သီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆင့် ၄၀ အတွင်းရရှိသူများသာ Asian Tour မှ ဦးစီးကျင်းပမည့် ၂၀၁၅ ခုနှစ်အတွက် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့၏ အဓိကရည်ရွယ်ချက်ဖြစ်သော ထူးချွန်သောဂေါက်သီးသမားကောင်းများ ပေါ်ထွက်စေရန်၊ နိုင်ငံ့ဂုဏ်ဆောင်ဂေါက်သီးသမားများ ဆက်တိုက်ပေါ်ထွက်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပြည်တွင်းပတ်လည်ပြိုင်ပွဲများမှသည် နိုင်ငံတကာပြိုင်ပွဲများအဆင့်ထိ တက်လှမ်းယှဉ်ပြိုင် အနိုင်ရရေး၊ ဂေါက်သီးပြိုင်ပွဲအတွေ့အကြုံဗဟုသုတပညာရပ်များ၊ စည်းမျဉ်း စည်းကမ်းများ ဖလှယ်နိုင်ရေး၊နိုင်ငံတကာ ပြိုင်ပွဲများစဉ်ဆက်မပြတ် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးရန်ရည်ရွယ်ချက်ဖြင့် စေလွှတ်ရခြင်းဖြစ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားအား ခေါ်ယူစစ်ဆေး

ဆော ဇန်နဝါရီ ၁၆

ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာအုပ်စု ကြံစိုက်ခင်းကျေးရွာရှိ ယာတဲပေါ်တွင် ဇန်နဝါရီ ၁၃ ရက် နံနက် ၄ နာရီက မသင်္ကာဖွယ်လူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ ဆောမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဝင်းသူနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ စူဟုန်လျောင် (၃၈ နှစ်)ကို စစ်ဆေးတွေ့ရှိရပြီး ၎င်းသည် လွန်ခဲ့သော သုံးရက်ခန့်က ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်မှ ခြေကျင်လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်နိုင်ငံသားအား ဆောမြို့နယ် လဝကရုံးတွင် မြို့နယ်လဝကဦးစီးမှူးနှင့် တရုတ်ဘာသာစကားနားလည်သူများက ပူးပေါင်းစစ်ဆေးလျက်ရှိရာ ၎င်းသည် စာရွက်စာတမ်းပြသနိုင်ခြင်းမရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာပြီး စိတ်ကျန်းမာရေးချို့တဲ့သည်ဟု ယူဆရခြင်းကြောင့် ဆောမြို့နယ်ရဲစခန်းတွင် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေများ သမအဖွဲ့ဝင်တောင်သူများသို့ပေးအပ်

မိုးမောက် ဇန်နဝါရီ ၁၆

ကချင်ပြည်နယ် မိုးမောက်မြို့နယ် သမဝါယမအသင်းစုမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက်ရည်ရွယ်၍ China Exin Bank မှ ချေးငွေကျပ် ၄၅၉ ဒသမ ၈၄ သိန်းကို မြို့နယ်အတွင်းမှ သမအသင်းသား တောင်သူလယ်သမားများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဒုတိယအကြိမ် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ပံ့ပိုးချေးငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီကကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးဂျေဘောက်နော်နှင့် အတွင်းရေးမှူး ဦးခင်မောင်ဝေတို့က ချေးငွေစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါချေးငွေထုတ်ချေးပေးခြင်းကို မိုးမောက်မြို့နယ် သမဝါယမဦးစီးဌာနတွင် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (မြေတိုင်းရပ်ကွက်အမှတ် ၇၇)၊ မြေကွက်အမှတ် ၂၆၀၊ (အရပ်အခေါ်-ဇေယျာသီရိကျောကပ်လမ်း) (မြေချပါမစ်ရသူ ဦးလှသိန်း)ဟုခေါ်တွင်သော အလျား×အနံ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက် (အရပ်ရပ်အကျိုးခံစားခွင့်များအပါအဝင်)အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် လက်ဝယ်ထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုသူ ဦးသန်းဆွေ ၉/တသန(နိုင်)၀၃၉၈၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် (၁၃)နေ ဦးကျော်ဇေဦးက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏အချို့ကို စရန်ငွေအဖြစ်ပေးချေပြီး ဝယ်ယူမှုကို စတင်ဆောင်ရွက်နေပါသည်။

အထက်အပိုဒ်ပါ မြေကွက်အား ဝယ်ယူရောင်းချမှုကို ခိုင်လုံသောအထောက်အထားရှိသူများသည် ကန့်ကွက်ပြောဆိုလိုပါက ကျွန်ုပ်ထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်မကျော်လွန်မီ တိုက်ရိုက်လာရောက်ဆက်သွယ် ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးနောက်မှ အကြောင်းကြားလာသော လာရောက်ပြောဆိုကန့်ကွက်မှုများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် မြေနှင့်အဆောက်အအုံကို ရောင်းချဝယ်ယူမှုအား ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်လှလှသန်း LL.B အထက်တန်းရှေ့နေ (စဉ်-၂၆၇၂၂)
ရုံးအမှတ် (၈၈)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၇၉၀၇၈၊ ၀၉-၄၉၃၃၁၅၄၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်ဘက်ခြမ်းရှိ မိလ္လာပိုက်များ၊ မိလ္လာကန်များနှင့် ရေစီးမြောင်းများပြုပြင်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁-၂၀၁၅ ရက်၊ (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၈-၁-၂၀၁၅ ရက်၊ (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၇၈ ရပ်ကွက်၊ ပုဏ္ဏမီလမ်း၊ အမှတ် ၄၁၆၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈/၄၁၆၊ မြေချပါမစ်ရသူ ဦးစိုးစိုးဟုခေါ်တွင်သော (အလျားပေ၄၀×အနံပေ၆၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အဆောက်အအုံ(အရပ်ရပ်အကျိုးခံစားခွင့်များအပါအဝင်)ကို ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် လက်ဝယ်ထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုသူ ဦးကျော်ဇေဦး ၁၂/ဒဂတ(နိုင်)၀၂၀၅၉၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေရပ်ကွက်၊ မာန်ပြေ၂၂လမ်း၊ အမှတ် ၃၄နေဦးသန်းဆွေ ကအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏အချို့ကို စရန်ငွေအဖြစ်ပေးချေပြီး ဝယ်ယူမှုကို စတင်ဆောင်ရွက်နေပါသည်။

အထက်အပိုဒ်ပါ မြေကွက်အားဝယ်ယူရောင်းချမှုကို ခိုင်လုံသောအထောက်အထားရှိသူများသည်ကန့်ကွက်ပြောဆိုလိုပါက ကျွန်ုပ်ထံသို့လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်မကျော်လွန်မီ တိုက်ရိုက်လာရောက်ဆက်သွယ် ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးနောက်မှ အကြောင်းကြားလာသော လာရောက်ပြောဆိုကန့်ကွက်မှုများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် မြေနှင့်အဆောက်အအုံကို ရောင်းချဝယ်ယူမှုအား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်လှလှသန်း LL.B အထက်တန်းရှေ့နေ(စဉ်-၂၆၇၂၂)
ရုံးအမှတ် ၈၈၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၉၀၇၅၊ ၀၉-၄၉၃၃၁၅၄၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၆၂၀၅ Luojia M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဆွေ ၇/ပခတ(နိုင်)၀၅၉၄၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၉က/၅၅၀၇ Toyota mark II Lx76 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတူးမိုင် ၉/ပဥလ(နိုင်)၀၂၂၃၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၁၃၀၊ မြေကွက်တည်နေရာအမှတ် ၁၁၃၀၊ ၃၈ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း) မြို့နယ် (ဒေါ်ခင်ညွန့် ISN-၃၈၈၉၈၃) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညွန့်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၉၉/၂၀၁၄ နှင့်တရားမဇာရီမှုအမှတ်၁၀၆/၂၀၁၄(ဒဂုံမြို့သစ်မြောက် ပိုင်းမြို့နယ်တရားရုံး)တို့ဖြင့် ဦးမောင်မောင်မြင့်နှင့် ဦးမင်းနိုင်တို့မှ အနိုင်ဒီကရီရရှိခဲ့ပြီး ယခုတရားရုံးများကိုယ်စား ဘိလစ်ဒေါ်လွဲ့လွဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ အနိုင်ဒီကရီနှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းစာတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ် (၄၁၂/ခ)၊ မြေကွက်တည်နေရာအမှတ် ၄၁၂/ခ၊ အနော်မာ ၁၀ လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်အေးသန်း)အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးသန်း (မိခင်) နှင့် ဦးလှထွန်းစိန်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်အေးအေးမာ ၁၂/သဃက(နိုင်)၁၄၃၃၅၈၊ ၂။ ဒေါ်စန်းစန်းဝင်း ၁၂/သကတ(နိုင်)၀၅၁၂၂၅၊ ၃။ ဒေါ်လှလှသက် ၁၂/သကတ(နိုင်)၁၁၀၇၈၆၊ ၄။ ဦးလှဌေး ၁၂/သကတ(နိုင်)၁၁၀၈၈၂တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၉၅/၂၀၁၄) ရသူ ဦးရဲမင်းအောင် ၁၂/မဂတ(နိုင်)၀၈၈၈၉၂မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၁၆

မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းခွင်များကို စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့တော်အတွင်း ရေပေးဝေမှုလုပ်ငန်းတစ်ခုဖြစ်သည့် ချမ်းမြသာစည်မြို့နယ် စစ်ကိုင်း-မန္တလေးလမ်းမကြီးအရှေ့ဘက် တမ္ပဝတီရပ်ကွက် ချမ်းမြဝတီပန်းခြံဝင်းအတွင်း၌ မြို့တော်စည်ပင် ရေနှင့်သန့်ရှင်းမှုဌာနက ဆောင်ရွက်လျက်ရှိသော အချင်း ၁၂ လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းခွင်နှင့် စက်ရေတွင်းမှရေကို ရေတွန်းစက် အမှတ်(၇) သိုလှောင်ကန်တွင် သိုလှောင်ကာ ရပ်ကွက်များသို့ ဖြန့်ဝေပေးနိုင်ရန် ရေပိုက်လိုင်းများတပ်ဆင်နေမှုကို မြို့တော်ဝန်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးပြီး ချမ်းမြသာစည်မြို့နယ်အတွင်း ရပ်ကွက်များသို့ ရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရန်နှင့် လုပ်ငန်းခွင်တွင် ထိခိုက်မှုအန္တရာယ် ဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ချမ်းမြဝတီပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားမှု၊ မန္တလေးကန်တော်ကြီးအနောက်ခြမ်းရပ်ကွက်များ မိုးရာသီ၌ ရေကြီးရေလျှံခြင်းမှ လျော့နည်းစေရန်နှင့် ကန်တော်ကြီးအတွင်း ရေသိုလှောင်မှု ပိုမိုများပြားလာစေရန်အတွက် ကန်ပတ်လမ်းအရှေ့ခြမ်း အမှိုက်ဆယ်စက်အနီးတွင် Drerger နုန်းစုပ်စက်အသုံးပြု၍ ကန်တော်ကြီးအတွင်း နုန်းများဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှူးက စက်၏လုပ်ငန်းဆောင်ရွက်နိုင်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ (၁၃) ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် မြဝတီမင်းကြီးလမ်းဆုံရှိကိုလံဘိုမြောင်းကူးကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ထွန်စက်ကြီးများ ငှားရမ်းထွန်ယက်ပေးလျက်ရှိ

ကန့်ဘလူ ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ဒေသခံတောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး စက်စွမ်းအားပြည့်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ရွှေဘိုခရိုင်အတွင်း စက်မှုလယ်ယာစခန်းမှ လေးမြို့နယ်အတွက် ထွန်ယက်ရေးလုပ်ငန်းနှင့် စနစ်ကျလယ်မြေများဖော်ထုတ်ရေးလုပ်ငန်းများကို ထိုင်းနိုင်ငံထုတ် ကူဘိုတာထွန်စက်ကြီး အစီး ၃၀ နှင့် အိန္ဒိယနိုင်ငံထုတ် ဆိုနာလီကာထွန်စက်ကြီး ၁၀ စီးဖြင့် ထွန်ယက်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်များအတွက် ဆိုနာလီကာထွန်စက်သစ်ကြီး ၁၀ စီး ဇန်နဝါရီ ၁၄ ရက်က ရောက်ရှိကြောင်း သိရသည်။

အဆိုပါ ထွန်စက်ကြီးများဖြင့် တောင်သူများအား လယ်ယာလုပ်ငန်းခွင်အတွင်း အချိန်မီစိုက်ပျိုးရေး၊ တောင်သူများစိတ်ကြိုက်ထွန်ယက်ရေး ဆောင်ရွက်ပေးရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများက မောင်းနှင်ထွန်ယက်ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် စနစ်တကျလယ်မြေဖော်ထုတ်ရေးကိုလည်း အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးဌာနမှူး ဦးဘိုအေးက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

၂၀၁၄-၂၀၁၅ ပညာသင်နှစ် **ထားဝယ်တက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိရင်ပြင်၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပရာ အလျားခုန်ပြိုင်ပွဲတွင် ရူပဗေဒမေဂျာကျောင်းသူတစ်ဦး ယှဉ်ပြိုင်နေစဉ်။** (ပြိုင်ပွဲတွင် မီတာ ၁၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀ လက်ဆင့်ကမ်းပြေးပွဲများ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ အလျားခုန်ပြိုင်ပွဲများ ပါဝင်ပြီး အထူးပြုဘာသာရပ် ၁၄ ခုမှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။)

(ခရိုင် ပြန်/ဆက်)

ကျေးလက်လူငယ်သင်တန်း ညောင်လေးပင်၌ဖွင့်လှစ်

ညောင်လေးပင် ဇန်နဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ဦးစီးဌာနကကြီးမှူး၍ ကျေးလက်လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို ဇန်နဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေလူငယ်များအင်အားဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ကျေးရွာအုပ်စု ၁၂ စု၊ ကျေးရွာ ၄၃ ရွာမှ လူငယ် ၁၀၀ ကျော်တက်ရောက်ကြပြီး သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

မုဒုံမြို့၌ အိုင်စီတီနည်းပညာဖြင့် ကျေးလက်ဖွံ့ဖြိုးရေး ဟောပြောပွဲကျင်းပ

မုဒုံ ဇန်နဝါရီ ၁၆

အိုင်စီတီနည်းပညာဖြင့် ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ပံ့ပိုးကူညီမှုဖြင့် e-government ကော်မတီနှင့် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်း၍ e-village, e-society, e-library ဟောပြောပွဲများကို မုဒုံမြို့ ရွှေဟသ်ာခန်းမ၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးပြည့်ထူးကျော်က အသင်းဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ရှင်းလင်းကာ အသင်းဥက္ကဋ္ဌ ဦးသိန်းဇော်က e-village, e-society, e-library စနစ်များအကြောင်းကို ဟောပြောသည်။ မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်းသည် အိုင်စီတီနည်းပညာနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့အစည်းများအား အကြံပေးခြင်းနှင့် မြို့နယ်အတွင်းကွင်းဆင်း၍ ဟောပြောပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးစန္ဒာ(iprd)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ မြောက်ဒဂုံ၊ ၄၀ရပ်ကွက်၊ ဘုရင့်နောင်လမ်း(ကျောင်းလမ်း)၊ (ပေ၄၀×ပေ၆၀) တစ်ထပ်ပျဉ်ထောင်အရှေ့လှည့် ဂရန်အမည်ပေါက် (၂၈၀၀)သိန်း

၂။ မြောက်ဒဂုံ၊ ၃၅ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ (ပေ၄၀×ပေ၆၀) တစ်ထပ်ပျဉ်ထောင်၊ အရှေ့လှည့်ထောင့်ကွက်၊ ဂရန်အမည်ပေါက်၊ ပင်လုံလမ်းမကြီးနှင့်နီး၊ (၂၅၀၀)သိန်း အကျိုးဆောင်များ ၂ ရာခိုင်နှုန်း

ဖုန်း-၀၉-၅၄၀၂၂၇၆၊ ၀၉-၅၂၀၁၉၄၆၊ ၀၁-၅၈၀၈၇၅

ရေလုပ်ငန်းနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများအတွက် ကိုယ်ပိုင်ဆိပ်ကမ်း အခွင့်အရေးရှိသော မြေကောကျယ်ငှားမည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးမြစ်ကမ်း နဖူးပေါ်ရှိ ကိုယ်ပိုင်ဆိပ်ကမ်းအဖြစ် အသုံးပြုနိုင်သော ၁ဒသမ၇၅ ဧကရှိ ခြံခတ်ပြီး ဂရန်မြေနှစ်ချုပ်ဖြင့် အမြန်ငှားမည်။

ဆက်သွယ်ရန် ဦးကျော်မင်းလှိုင်
ဖုန်း-၀၉-၇၉၃၇၀၇၀၆၉

အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ မြို့သစ်နေ ကျွန်တော် ဦးလှအောင် ၃/ကကရ(နိုင်)၀၀၃၅၃၃ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ)၊ မြဝတီအပြင်ကွင်း၊ ဦးပိုင်အမှတ် (၂၁)မြေဧရိယာ ၇ ဒသမ ၀၀ ဧကရှိ မြေကို ကျွန်တော်၏သမီး မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်ပန်းကြည် ၃/ကကရ(နိုင်)၀၀၄၆၈၅ အား ရန်ကုန်မြို့၊ နိုတြီပွလစ်တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်းရှေ့မှောက်တွင် ၁၉-၃-၂၀၀၄ ရက်က လွှဲအပ်ပေးခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှအောင် ၃/ကကရ(နိုင်)၀၀၃၅၃၃

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်း၊ အမှတ် (၄၁/ဘီ)တွင်နေထိုင်သော ဒေါ်မွေဖုဆန်းဘောက်ရာ ၁/မကန(နိုင်)၀၈၈၁၆၀ ကိုယ်စားအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ငွေနှင်းဆီလမ်း၊ အမှတ်(၇)ရှိ အကျယ်အဝန်း (၄၉×၇၂)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Duplex နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်နှင်းမြင့် ၈/ပခက(နိုင်)၀၃၅၀၅၆ထံမှ ၂၀-၁၀-၂၀၁၄ရက်စွဲပါ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ တန်ဖိုးငွေ အပြေအကျေပေးချေပြီး ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်ခြံနှင့်ပတ်သက်ပြီး ဒေါ်မွေဖုဆန်းဘောက်ရာ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ခိုင်လှဲ့ (တရားလွှတ်တော်ရှေ့နေ-၇၉၁၃)
Justice Law Firm
အမှတ်-၉၇၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၉၅၄၁၂၊ ၀၉-၂၅၄၁၉၅၅၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၅/၅)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/၅၊ မြေကွက်အမှတ် ၄၃/ခ၊ (အလျားပေ၂၀×အနံပေ၆၀) အကျယ်အဝန်းရှိ နှစ်၆၀ဂရန်မြေအမျိုးအစား ဒေါ်လှနွဲ့အမည်ပေါက် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၄၃/ခ ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှနွဲ့ ၁၂/ရပသ(နိုင်) ၀၂၁၅၃၅ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်ချို့ တစ်ဝက်ကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကတရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင်
LL.B,LL.M,D.I.R
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)

ဒေါ်တင်ဇာဦး
LL.B
အထက်တန်းရှေ့နေ(စဉ်-၄၅၁၃၆)

အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြေကွက်အမှတ် ၂၃၄၆၊ မြေဧရိယာ (ပေ၁၀၀×ပေ၁၀၀) အကျယ်အဝန်းရှိ ပါမစ်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သီဂီဝင်း ၇/သဝတ(နိုင်)၀၆၃၇၄၆ အမည်ဖြင့် ချထားပေးသည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သီဂီဝင်း ၇/သဝတ(နိုင်)၀၆၃၇၄၆မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း မူရင်းအထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)

ဒေါ်လှလှခိုင် LL.B
တရားလွှတ်တော်ရှေ့နေ(၅၄၁၀)

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

မိုးညှင်း ဇန်နဝါရီ ၁၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားကြီး၏ (၁၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်မကျင်းပမီ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုလည်း ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်၍ ကျင်းပခဲ့သည်။ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက "အခုဆိုရင် အင်းတော်ကြီးဒေသမှာ ကတ္တရာလမ်းတွေခင်းထားပြီး မဟာဓာတ်အားလိုင်းကလည်း လျှပ်စစ်မီးတွေရနေပြီ။ ဒါကြောင့် ဘုရားဖူးဧည့်သည်တွေအတွက် အဆင်ပြေပါလိမ့်မယ်"ဟု ပြောကြားသည်။

ယခုနှစ်ကျင်းပမည့် အင်းတော်ကြီးဗုဒ္ဓပူဇနိယပွဲတော်ကို ရပ်ဝေးမှ လာရောက်ကြမည့်ဧည့်သည်များ အခမဲ့တည်းခိုနေထိုင်နိုင်ရန် စီစဉ်ထားကြောင်း မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

ကေဆိုင်းနော်(ဖားကန့်)

ကျေးရွာချင်းဆက်မြေသားလမ်း ကျောက်ချောလမ်းအဆင့်မြှင့်

ရေစကြို ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ သစ်ကြီးတောကျေးရွာနှင့် ဗြိဘ ကျေးရွာချင်းဆက် မြေသားလမ်းမှာ မိုးရာသီတွင် သွားလာရေးခက်ခဲမှုများ ဖြစ်ပွားတတ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

သစ်ကြီးတော-ဗြိဘ ကျေးရွာချင်းဆက်လမ်း အရှည် ၂ မိုင်၊ အကျယ် ၁၂ ပေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေကျပ် ၆၅ သန်းဖြင့် Hi-Tech Land ကုမ္ပဏီက တာဝန်ယူခင်းကျင်းနေခြင်းဖြစ်သည်။

ကျောက်ချောလမ်းခင်းနေမှုများကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးပံသုမောင်တို့က ဇန်နဝါရီ ၁၅ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းများအရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ကြိမ်၊ ဝါး၊ သင်နှင့် ဗေဒါများကို ကုန်ကြမ်းအတိုင်း နိုင်ငံခြားတင်ပို့နေ၍ အချောထည်အိမ်တွင်းလက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းပြတ်လပ်

ရေကြည် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်ရှိ အိမ်တွင်းလက်မှုလုပ်ငန်းလုပ်ကိုင်သူများ အသုံးပြုသော ကြိမ်၊ ဝါး၊ သင်နှင့် ဗေဒါများကို ကုန်ကြမ်းအတိုင်း နိုင်ငံခြားသို့ တင်ပို့နေမှုကြောင့် ကုန်ကြမ်းရှားပါး ပြတ်လပ်နေကြောင်းနှင့် ကုန်ကြမ်း၊ ကုန်ချောများ ပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ်မြင့်မားမှု၊ လုပ်သားရှားပါးမှု၊ လုပ်ခနည်းပါးမှုတို့ကြောင့် အိမ်တွင်းလက်မှုလုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်နေကြောင်း သိရသည်။

ကြိမ်၊ ဝါးစသည့် အိမ်တွင်းလက်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကုန်ကြမ်းပြတ်လပ်မှုများ ရှိနေသဖြင့် ပြည်တွင်းမှ တန်ဖိုးမြှင့်အချောထည်ထုတ်လုပ်သော လက်မှုလုပ်ငန်းများ အနေဖြင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေကြောင်း၊ အသင်းသားများက ကြိမ် ကုန်ကြမ်းအတိုင်း နိုင်ငံခြားသို့တင်ပို့နေမှုကို ပြည်သူ့လွှတ်တော်တွင် တင်ပြဆွေးနွေးနိုင်ရေး၊ ကုန်ကြမ်းကုန်ချောများ ပြည်တွင်း သယ်ယူပို့ဆောင်ရာတွင် လုပ်ငန်းကြန့်ကြာမှုနှင့် ကုန်ကျစရိတ်ကြီးမြင့်မှုမရှိစေရန် လွတ်လပ်စွာ သယ်ယူနိုင်ခွင့်ဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ ရေကြည်မြို့နယ်မှ ကြိမ်၊ ဝါး လက်မှုလုပ်ငန်းများအနေဖြင့် ကုန်ကြမ်းဈေးကြီးမှု၊ လုပ်သားရှားပါးမှု၊ လုပ်ခနည်းပါးမှုများကြောင့် လုပ်ငန်းများ ရပ်ဆိုင်းလုနီးပါး ဖြစ်နေကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အခွန်အခများကို ဖြေလျှော့ပေးမည်ဆိုပါက အိမ်တွင်းလက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် နိုင်ငံခြားဝင်ငွေရရှိမှု တိုးတက်လာမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကြိမ်၊ ဝါး၊ သင်၊ ဗေဒါလက်မှုလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က ရေကြည်မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပသော ကြိမ်၊ ဝါး၊ သင်၊ ဗေဒါ အိမ်တွင်းလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ရေကြည်မြို့နယ် ကြိမ်၊ ဝါး လက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အိမ်တွင်းလက်မှုလုပ်ငန်းများ ကုန်ကြမ်းကိုယ်ပိုင်ထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှုတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းသားများ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှု ချေးငွေရရှိနိုင်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း အလုပ်ရုံဆွေးနွေးပွဲ၌ ၎င်းက ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသော အသင်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်တို့ တက်ရောက် အမှာစကားများ ပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ကြိမ်၊ ဝါးလက်မှုအသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

မင်းဇော်ဦး(ရေကြည်)

မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်နေ (ဘ)ဦးမြင့်သိန်း MTLA- ၀၈၃၁၄၊(မိ)ဒေါ်သန်းငွေး ၉/မထလ(နိုင်)၀၃၅၃၁၅ တို့၏သား မောင်ဆန်းထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၆-၁၉၉၆ ဖြစ်ပါကြောင်း။ **မောင်ဆန်းထွန်း**

အမည်ပြောင်း

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးဦးစောသိန်း၏သမီး မြို့မ အထက(ခွဲ) န၀မတန်း(A)မှမဝီလျှံအိန္ဒြာထွန်းအား နေစန္ဒီထွန်းဟုလည်းကောင်း၊ မဝီလျှံအိန္ဒြာနန်းအား နေစန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

လူပျောက်ကြော်ငြာ

ဦးလှတင်ရွှေ၏သမီး မနော်ထူးထူးဖော အသက်(၂၆)နှစ် ၁၂/တကန(နိုင်) ၁၇၂၇၃၃ သည် နွယ်သာကီ(၇)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပနေအိမ်မှ ၃၁-၁၂-၂၀၁၄ရက်တွင် နိုင်ငံခြားခရီးသွားမည်ဟုပြောဆို၍ လေဆိပ်သို့ထွက်သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် လက်ခံထားသူအားအရေးယူမည်။ **ဒေါ်မာလာထွန်း**

ဖုန်း-၀၉-၂၅၀၅၅၀၀၂၂၊ ၀၉-၄၄၈၀၄၀၉၃၂

အမည်ပြောင်း

လားရှိုးတက္ကသိုလ်၊ ဘူမိဗေဒပထမနှစ် ကျောင်းသား မောင်အောင်ထွန်းလင်း (စပ-၂၅၀)အား ယနေ့မှစ၍ မောင်မင်းသုခဟု ပြောင်းလဲခေါ်ဆိုပါရန်။

နဂါးမောက်သီး

လက်လီလက်ကား

ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် (ရုံးချိန်အတွင်း)

ဖုန်း-၀၉-၅၁၉၂၇၉၉၊

၀၉-၇၃၂၀၀၀၃၃

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်(တောင်)ရပ်ကွက်နေ
(ဦးဥာဏ်-ဒေါ်ကြွေ)၊ ဦးကြည်-ဒေါ်လှမေတို့၏မြေး
(ဦးကြင်ထွေး)-ဒေါ်ခင်ခင်အေးတို့၏သားကြီး

ဗိုလ်ကြီးအောင်ကျော်မိုး (B.Sc (Electronics), M.E (Tech) (M.P.E.I)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်နေ
ဒုအရာခံဗိုလ်ဦးတင်အောင်(ငြိမ်း)၊ ဒေါ်ခင်ညို၊
ဦးလှဝေ-(ဒေါ်မြကြည်(ခ)ဒေါ်ချယ်ရီ) (ပန်းမြို့တော်)
မျိုးစေ့ရောင်းဝယ်ရေးတို့၏မြေး၊
(ဦးတင်စိုး)-ဒေါ်စန်းစန်းဝေ(ပန်းမြို့တော်) မျိုးစေ့နှင့်စိုက်ပျိုးရေးပစ္စည်း
ရောင်းဝယ်ရေးတို့၏တစ်ဦးတည်းသောသမီး

မခိုင်သက်ဝေ(ခ)ခိုင်ခန့် B.Sc (Maths;)(Ayeyarwady Bank)

တို့သည် ၁၀-၁-၂၀၁၅ ရက်တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်ကျော်မိုး-မခိုင်သက်ဝေ

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အနောက်မေခလမ်းသွယ်(၃)လမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ လူနေ ရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ် (၆/င-၇+၁၁/င-၂)၊ မြေဧရိယာ ၀ ဒသမ ၁၉၂ ဧကေအနက် တရားဝင်မခွဲ မစိတ်ရသေးသည့် မြေကွက်၏အနောက်ဘက်ရှိ လမ်းမဘက်မျက်နှာစာ (ပေ ၅၀)၊ နောက်ပိတ်(ပေ ၅၀)၊ (အနောက်ဘက်) အနံ ၁၁၅ ပေ× ၁၀၂ ပေ၊ အကျယ်အဝန်းရှိ မြေပိုင်မြေ၊ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကြည် ၁၂/မရက(နိုင်)၁၂၆၈၈၀ မှတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ ကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

GREAT FATHER LAND CO., LTD. နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်း ၁၂/အစန(နိုင်)၁၆၄၇၃၈ အမှတ်(၁၁၁)၊ ကျေးတိုင်စု ၂လမ်း၊ ပိန္နဲကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

GREAT FATHER LAND CO., LTD. မှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်းရှိ တိုက်အမှတ် ၅၇၊ နှစ်ခန်းတွဲ(၈½) ထပ်တိုက်ခွဲတိုက်အဆောက်အအုံမှ အကျယ်အဝန်း(၁၇ပေ×၅၈ပေ)ရှိ အခန်းဖြစ်သော ခုနစ်ထပ်(အေ) ဘက်ခြမ်းတစ်ခန်းအား ၁၂-၁-၂၀၁၄ ရက်စွဲဖြင့် လည်းကောင်း၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ်(၃၂)၊ လေးခန်းတွဲ ရှစ်ထပ်မှ ခုနစ်ထပ်(ဒီ)ဘက်အခြမ်း၊ ဧရိယာ ၁၄၅၀ အကျယ်အဝန်းရှိတိုက်ခန်းအား ၅-၉-၂၀၁၄ ရက်စွဲဖြင့်လည်းကောင်း အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူမည်ဝါမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊လဲလှယ်၊ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်းအပါအဝင် အခြားမည်သည့်နည်းနှင့်မျှ လွှဲပြောင်း ရောင်းချခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီအပေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စန္ဒာစိုး LL.B**

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၃၇)

တိုက်-၅၅၊ အခန်း ၁၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ပုလဲရပ်ကွက်၊ ကွင်းအမှတ် (၃၆၈)၊ တော်ပုလဲမြေကွက်အမှတ်(၃၃)၊ ဧရိယာဧက ၀ ဒသမ ၀၅၅ ဧကအား ဦးအောင်ရွှေအမည်ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနတွင် အမည်ပေါက်စာရင်းအဖြစ်မှတ်သားထားရှိပါသည်။ အဆိုပါမြေကွက်အား ဒေါ်ခင်မာညိုက ဝယ်ယူပြီးနာမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းများဖြင့် ကွမ်းခြံကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနသို့ သွားရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်မာညို

၁၄/ဒဒရ(နိုင်)၀၇၇၆၄၁

မရမ်းကုန်းမြို့နယ်၊ စီးပွားကူးသန်းဝင်း

ကန့်ကွက်ရန်ရှိ မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ငွေးကြွယ်ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၂၆/ဘီ၊ ခြောက်လွှာရှိတိုက်ခန်းနှင့်တကွ မီတာ၊ ရေမော်တာ အပါအဝင် တိုက်ခန်းတွင် စွဲမြဲစွာတပ်ဆင်ထားသည့်အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးလက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ချိုဦးငယ် ဟသတ(နိုင်)၀၁၅၅၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သက်နွယ်B.A(Law),LL.B

တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၆၇)

အမှတ် ၂၀၉၊ ဒု(ဝဲ)၊ ၃၇လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၈၁၃၂၊ ၀၉-၄၉၃၁၉၈၆၄

GREAT FATHER LAND CO.,LTD. နှင့် အများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းလွင် ၁၂/မဂတ(နိုင်)၀၈၀၈၃၃၊ အမှတ် ၄၈၊ (၉၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

GREAT FATHER LAND CO.,LTD. မှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ဗိုလ်ချုပ်လမ်းရှိ တိုက်အမှတ် ၁၇၂၊နှစ်ခန်းတွဲ ခြောက်ထပ်ရှိ အဆောက်အအုံမှ အကျယ်အဝန်း (၁၂½'×၅၀')အကျယ်အဝန်းရှိ လေးထပ်အခန်းဖြစ်သော (အေ)+(ဘီ) နှစ်ခန်းတွဲနှင့် ခြောက်လွှာ(ဘီ) တစ်ခန်းတို့အား ၉-၁၁-၂၀၁၄ရက် အရစ်ကျငွေပေးချေစနစ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ အခြားမည်သူမည်ဝါမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လဲလှယ်၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်းအပါအဝင် အခြားမည်သည့်နည်းနှင့်မျှ လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီအပေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်စန္ဒာစိုး(LL.B)**

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၃၇)

တိုက်-၅၅၊ အခန်း ၁၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော (က) တာယာ ၁၈၈၃ လုံး၊ (ခ) ဘက်ထရီ ၄၇၁ လုံး၊ (ဂ) ဘိလပ်မြေအိတ်ခွံ ၁၂၀၀၀၀ လုံး၊ (ဃ) ပိုဒိုလန်အိတ်ခွံ ၁၇၉၇ လုံး၊ (င) Filter Bag (ဖုန်စုပ်အိတ်) ၉၃၅ လုံး၊ (စ) စက်အရန်ပစ္စည်း (ရောရော) ၉ အုပ်စုနှင့် (ဆ) ရုံးသုံးပစ္စည်း (ရောရော) ၁အုပ်စု တို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဈေးနှုန်းအဆိုပြုပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပိတ်ရက်** - ၃-၂-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ

၃။ အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းအဆိုပြုပုံစံအား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ [အမှတ်(၁) နေပြည်တော်ပင်မဓာတ်အားခွဲရုံ]၊ ဖုန်း-၀၆၇-၄၁၃၈၇၅ သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးနှင့်စိစစ်တန်ဖိုးဖြတ်ရေးအဖွဲ့
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမဝန်ကြီးဌာန
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(နေပြည်တော်)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)၊ တိုင်းဒေသကြီး/ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး (၁၃)ရုံး (ရန်ကုန်/မန္တလေးတိုင်းဒေသကြီးမပါ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ရှစ်ကျောင်းတို့တွင်ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူး ၃၉နေရာ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၂။ ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးအတွက် လိုအပ်သော ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံး (၁၃)ရုံး (ရန်ကုန်/မန္တလေးတိုင်းဒေသကြီးမပါ) — (၂၄) နေရာ
- (၁) AGTI (Mechanical/Electrical Power/ Electronics) — (၁၂) နေရာ
- (၂) AGTI (Civil) — (၁) နေရာ
- (၃) B.Sc (IC)/ B.Sc (Chem)/ B.Sc ဘွဲ့ရရှိပြီး Dip in Food Technology ရရှိသူ — (၁၁) နေရာ

(ခ) ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ) — (၇) နေရာ
- (၁) B.Tech (Mechanical/Textile/Civil/Mechatronic) (သို့မဟုတ်) AGTI (Mechanical/Textile/Civil/Mechatronic) ရရှိပြီး ဘွဲ့တစ်ခုခုရရှိသူ — (၂) နေရာ
- (၂) ဘွဲ့တစ်ခုခုရရှိပြီး လက်မှုကျွမ်းကျင်သူ — (၁) နေရာ
- (၃) B.Sc ဘွဲ့ရရှိပြီး Dip.in Food Technology ရရှိသူ — (၂) နေရာ
- (၄) B.Sc (IC)/B.Sc (Chem) — (၂)နေရာ

(ဂ) ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ မုံရွာ၊ ရွှေတောင်၊ ပခုက္ကူ၊ စစ်တွေ၊ ကျောက်မဲ) (၈) နေရာ
- (၁) B.Tech (Electrical Power/ Mech/ Textile) (သို့မဟုတ်) AGTI (Electrical Power/Mech/Textile) ရရှိပြီး ဘွဲ့တစ်ခုခုရရှိပြီးသူ

(၃) လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဖော်ပြပါ ရာထူးနေရာများအတွက် ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် အသက် (၃၀)ထက်မကျော်လွန်သူ၊ လက်ရှိဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

၄။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူနှင့်ဘွဲ့လက်မှတ်မိတ္တူ၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (ဂ) (၆)လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံ၊
- (ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့်ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်၊
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊
- (စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ထောက်ခံချက်မူရင်း၊
- (ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ၊

၅။ လျှောက်လွှာများကို လျှောက်ထားမည့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများသို့လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွက် သမဝါယမဝန်ကြီးဌာန၊အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၁၆)နေပြည်တော်သို့လည်းကောင်း ၂၃-၁-၂၀၁၅ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်။

၆။ လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မူရင်း တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး/ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ၊ ရက်ကန်း နှင့် သက်မွေးပညာသင်တန်းကျောင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၉၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)နှင့်
MPDC Education
တို့ ပူးပေါင်း၍ဖွင့်လှစ်သော
Certificate in Marketing Management (CMM)
အမှတ်စဉ်(၆)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်း အမှတ်စဉ်(၆) ကိုဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ Marketing Management သင်တန်းတွင်ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ပါသည်။

၃။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့်မိတ္တူ နှစ်စုံ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား(မူရင်း) နှင့် မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံ ငါးပုံ တင်ပြရမည်။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(လေးထပ်စာသင်ဆောင်၊ MPD ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် (၅၆၀)၊ အမည်ပေါက် ဦးခင်မောင်ချို ၁၂/ကတန(နိုင်)၀၀၈၈၈၈က မြေကွက်စလစ် (မူရင်း)ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ်(၄၈)၊ အမည်ပေါက် ဒေါ်ခင်သန်းမြင့် မြေကွက်အမှတ်(၁၀)အမည်ပေါက်ဒေါ်သူဇာတို့၏ မြေကွက်များအား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သင်းသင်းဆွေ ၁၂/သလန(နိုင်)၁၄၁၈၀၆က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ရာထူး - ရုံးအဖွဲ့မှူး၊ ဒု-ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
- ကျား

အသက် - (၄၀)မှ (၅၅)နှစ်အတွင်းဖြစ်ရမည်။

ပညာအရည်အချင်း
- ဘွဲ့ရ၊ ခေါ်ယူသည့်လုပ်ငန်းအတွေ့အကြုံလုပ်သက်(၁၅)နှစ်ရှိရမည်။
- ကုမ္ပဏီဝန်ထမ်းများလျှောက်ထားပါက MBA ဘွဲ့ရဖြစ်ရမည်။
